
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းသွေးသစ္စာ

# ရင်ကွဲတောင် ခရီးကြမ်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း ●

စာမူခွင့်ပြုချက်အမှတ် [ မူ - ၅၀၀၈၄၂၀၇၀၇ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ဖုံး - ၅၀၀၈၈၁၀၈၀၇ ]

၂၀၀၈၊ မတ်လ

တန်ဖိုး ● ၁၀၀ ကျပ်
ပထမအကြိမ်အုပ်ရေ ● ၅၀၀ အုပ်

ထုတ်ဝေသူ ● ဦးကျော်လှိုင် (၀၃၈၈၇)
စေတနာစာပေ
အမှတ် (၅၉)၊ ၁၉ လမ်း
လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ● ဦးကျော်လှိုင် (၅၅၇၃)
စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

ဖြန့်ချိရေး ● ရန်မျိုးအောင်စာပေ
ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း
ရန်ကုန်။

ကွန်ပျူတာ ● ပန်းအိစံ

BURMESE CLASSIC .com

ယိမ်းယိုင်တဲ့ ယိမ်းယိုင်
မြို့ကိုရှောင် ဆောင်တော်ယက်က
ဘိန်းမြုပ်လိုမှိန်း
မှိုင်းပါနဲ့ ရွှေယောင်ဆောင်း
မှိုန်တဲ့ စိန်နားယောင်းကို
မိုးဆိုလို့ရောင်။

✲ ✲ ✲ ✲ ✲ ✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း

တစ်နေ့သ၌ လူတစ်စုသည် နှင်းမှုန်မြူခိုးတို့ ဝေသီနေသော တောင်ကြားလမ်းအတိုင်း တိတ်တဆိတ်သွားလာလျက်ရှိ၏။

ထိုသူများ ခြေချရာအရပ်ဒေသသည် ချင်းတွင်းမြစ်များပိုင်း၊ အနောက်ဘက် နာဂတောင်တန်းများတည်ရှိရာ ထမံသီတောနက် တစ်နေရာသာဖြစ်၏။

ထိုလူစုတွင် တောတွင်းခရီးကြမ်းအတွက် လက်နက်၊ ရိက္ခာ နှင့် ဆေးဝါး အစုံအလင်ပါ၏။ ၎င်းတို့သည် ထမံသီဌာနပိုင် ဂါတ်တဲမှ ပုလိပ်အရာရှိနှင့် နောက်လိုက်များဖြစ်၏။





ပုလိပ်အဖွဲ့သည် ယိုးဒယားတွင်း၌ တခဲလည်လည်သွားလာ နေသည်မှာ (၃)ရက်မြောက်ပြီဖြစ်၏။

နိုင်ငံခြား သတင်းသမား ဂရန့်ယွင် မောင်မျိုးအောင်သို့ တစ်ခေါက်သွားပြီဖြစ်၏။

သို့သော် ရာဇဝတ်အုပ်ဖြစ်သူ ပုလိပ်အရာရှိမှာမူ အသက် (၃၀) ခန့်ရှိပြီး ဂီတ်မာတ်မာကျောသန်နှင့် နောက်လိုက်များကို

"တစ်ခုသီတာမနေပေါင်ဂဏ်ကို ဒုက္ခအမျိုးမျိုးပေး
နေတဲ့ သူ့ကျွန်ကို မမှီမနိုင်နိုင်တဲ့ ဒီတောထဲက
မြန်မခွာကြဘူး"

ဟု ပြတ်ပြတ်သားသား အမိန့်ပေးပြီးဖြစ်၏။

ထို့ကြောင့်ပင် ရာဇဝတ်အုပ်သည် တောထဲတွင် တခဲလည်လည်နှင့် သားကောင်ကို ချောင်းမြောင်းသလို၊ ရာဇဝတ်သားကို ချောင်းမြောင်းရှာဖွေနေလေ၏။

၎င်းတို့သည် အဟာတ်နိုင်ဆုံး လျှို့ဝှက်စွာ သွားလာရင်း တောင်ကြားလမ်း၏အဆုံးတွင် မုဆိုးတဲလို အင်ဖက်မိုးတဲကလေးကို မီးခိုးငွေ့တလူလူနှင့် တွေ့ရှိကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ်က ရွှေကိုင်းမျက်မှန်ကို ပင့်တင်ပြီး အကာအကွယ်မှ ကြည့်ရှုကာ လေသံတိုးတိုးနှင့်

"မဟုတ်မှလွဲရော ဘိုကျား နှိအောင်းတဲ့နေရာပဲ ဖြစ်ရမယ်၊ ကြည့်ရတာတော့ ဆေးဆေးဆေးဆေး ချက်ပြုတ်စားသောက်နေပုံရတယ်"

ဟုပြောလေရာ တိုက်ပွဲအတွေ့အကြုံရှိသော ပုလိပ်အကြပ်တပ်သားကြီးက

"ဒီတဲမှာ 'ဘိုကျား' သာရှိတာမှန်ရင်တော့အားလုံးသတိရှိမှဖြစ်တော့မယ်၊ ကျွန်တော်တို့ရဲဘော် တွေအားလုံးပေါင်း (၆) ယောက်ရှိတယ်၊ လူတစ်ဝက်စီခွဲပြီး တဲကို အရှေ့အနောက်ဝိုင်းပြီး၊ ပိတ်ဖမ်းရမယ်"

ဟုဆိုလေ၏။

ရာဇဝတ်အုပ်က ခြောက်လုံးပြူးကို စစ်ဆေး၍ ခေါင်းညိတ်ကာ

"ဟုတ်ပြီ၊ ခင်ဗျားက ရဲဘော်နှစ်ယောက်





ခေါ်သွားပါ၊ ဟောဟို ညာဘက်က စမ်းချောင်းကလေးကိုဖြတ်ပြီး ငှက်ပျောတောထဲမှာ စောင့်နေပေတော့၊ ကျုပ်တို့ဘက်က အချက်ပေးတာနဲ့ တဲအိမ်ရဲ့ အရှေ့နဲ့အနောက်ကို တဖြည်းဖြည်းချဉ်းကပ်လာခဲ့၊ တိုက်ပွဲစပြီဆိုတာနဲ့ လက်မနှေးစေနဲ့၊ ဒီကောင်ကြီးကို အသေပစ်ဖမ်းဖို့အထိ ညွှန်ကြားချက်ရပြီးပြီ"

ဟု အမိန့်ပေးလိုက်၏။

ထိုနေရာတွင် လမ်းဟူ၍ မယ်မယ်ရရမရှိဘဲ သစ်ပင်ချုံနွယ်များဖြင့် အုပ်ဆိုင်းနေ၏။

နှင်းမှုန်မြူခိုးတို့က ဓာပဝါပါးတစ်ခုကို ဖြန့်ထားသလိုရှိလေရာ နေ့လယ်ချိန်တွင်ပင် အရာအားလုံးကို ဝိုးတဝါးအသွင်အပြင်နှင့် မြင်တွေ့နေရ၏။

ပုလိပ်အဖွဲ့သည် တဲအိမ်ကို အလစ်မပေးဘဲ နှစ်ဘက်ညှပ်၍ ချဉ်းကပ်လာကြ၏။

ရာဇဝတ်အုပ်သည် လဲပြိုကျနေသော သစ်လုံးပိုင်းကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကပ်၍ လက်ညှိုးညွှန်ကာ နဘေးမှ တပ်သားနှစ်ယောက်ကို ဘယ်ညာ နှစ်ဘက်သို့ ဖြန့်ကျက်ရန် အမိန့်ပေးလိုက်၏။

တဲအိမ်မှာ သူတို့နှင့် ကိုက် (၂၀) ခန့်သာဝေးကွာတော့၏။

ရာဇဝတ်အုပ်သည် ထိုမျှအကွာအဝေးရှိ ပန်းသီးတစ်လုံးကို မလွဲတမ်းပစ်ခတ်နိုင်အောင် လေ့ကျင့်ထားသူဖြစ်၏။

၎င်းက တဲပေါက်ဝသို့ သေနတ်နှင့်ချိန်ရွယ်ပြီး

*"ဟေ့… တဲထဲမှာ ဘယ်သူရှိသလဲ၊*

*ငါတို့က နယ်မြေခံဂါတ်တဲက ပုလိပ်တွေပဲ"*

ဟု အော်ဟစ်အသံပေးလိုက်၏။

သူ၏စကားမဆုံးမီပင် ကျယ်လောင်သော ရယ်မောသံကြီးနှင့်အတူ အရိပ်တစ်ရိပ်က တဲပေါက်ဝတွင် ဘွားခနဲပေါ်လာပြီး

*"ဟားဟား… မင်းတို့လို ပုလိပ်စုတ်တွေကများ၊ ငါ့ကို ဖမ်းမလို့ကြံစည်ဝံ့သေးတယ်၊*

*ဘိုကျားတဲ့ကွ"*

ဟု ကြုံးဝါးသံကိုပါ ကြားလိုက်ရ၏။

ရာဇဝတ်အုပ်နှင့် ပုလိပ်နှစ်ယောက်မှာ ခေတ္တမျှ ကြောင်ငေး





သွားကြ၏။

သူတို့မြင်နေရသည်က လူဟူ၍ပင် သတ်မှတ်၍မရအောင် ထွားကျိုင်းသန်မာပြီး၊ သားရေကို ကိုယ်ကျပ်အင်္ကျီလို ပြုလုပ်ဝတ်ဆင်ထားသည့် လူ့ဘီလူးကြီးတစ်ယောက်ဖြစ်နေ၏။

ထိုထက်ပို၍ ၎င်း၏အသံက ကျားဟိန်းသံလို ကျယ်လောင်ပြင်းထန်ကာ ရုတ်တရက် ထိတ်လန့်သွားမိခြင်းဖြစ်၏။

သို့သော် ရာဇဝတ်အုပ်သည် လျှင်မြန်စွာပင် 'ဘိုကျား'အား သေနတ်နှင့် ပစ်ခတ်လိုက်၏။

ကျန်ပုလိပ်နှစ်ယောက်ကလည်း လက်မနှေးချေ။ ဘိုကျားကမူ ဆတ်ခနဲပင် တစ်ပတ်ကျွမ်းပစ်၍ ခုန်ထွက်ကာ ချုံတစ်ခု၏နောက်ကွယ်သို့ ရောက်ရှိသွား၏။

ထိုအခိုက် ၎က်ပျောတောတွင်းမှ အကြပ်ကြီးနှင့်အဖွဲ့ကလည်း တဲအိမ်၏နောက်ဘက်မှ ပြေးလွှားရောက်ရှိလာကြ၏။

ရာဇဝတ်အုပ်နှင့်အဖွဲ့မှာ ဘိုကျားအား ဝိုင်းဝန်းပစ်ခတ်ကြသော်လည်း ဘိုကျားက အရိပ်တစ်ခုလို လျှင်မြန်စွာရွေ့လျား သွားလာရင်းရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကျားသည် သူတို့၏ မြင်ကွင်းထဲတွင် ကျားတစ်ကောင်လို လေထဲတွင် ခုန်လွှားသွားလာကာ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေ၏။

နောက်ဆုံးတွင် ဘိုကျားသည် ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ ပေါ်ထွက်လာပြီး

*"မင်းတို့အရှည်ပြီးရင် ငါ့အရှည်ပဲပေါ့၊ ငါ့ပိုင်နက်ထဲက အသက်ရှင်ရက် ထွက်မသွားစေရဘူး"*

ဟု ကြိမ်းဝါးကာ တောင်စောင်းပေါ်သို့ နွယ်ကြိုးများကို နှိုက်တွယ်ရင်း လျှင်မြန်စွာ ပျောက်ကွယ်သွားတော့၏။

ပုလိပ်အဖွဲ့မှ သေနတ်သံများ တဒိုင်းဒိုင်းဆူညံသွားသော်လည်း ဘိုကျား၏လျှင်မြန်ဖျတ်လတ်မှုကြောင့် အချည်းနှီးသာ ဖြစ်သွားရ၏။

ပုလိပ်တစ်ယောက်က ဘိုကျားပျောက်ကွယ်သွားရာ တောင်စောင်းမြင့်ပေါ် ကြည့်ရှုပြီး

*"ဒါ..ဒါ... လူမှဟုတ်ရဲ့လား မသိဘူး၊ ငါ့မျက်လုံးထဲမှာ တစ်ချက်တစ်ချက် ကျားတစ်ကောင်လို့တောင် မြင်မိတယ်"*





ဟု ရေရွတ်လေရာ ကျွန်တစ်ယောက်က သေနတ်ကို ကျည်ဖြည့်ရင်း

*"ဘိုကျားဟာ လူတွေပြောနေသလို၊ သမန်းကျားဖြစ်နေပြီလား"*

ဟု ပြောလေ၏။ ရာဇဝတ်အုပ်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

*"သမန်းကျားဖြစ်ဖြစ်၊ ဘိုကျားဖြစ်ဖြစ် တရားခံဆိုရင် ဖမ်းဆီးရမှာပဲ"*

ဟု ပြောဆိုလေရာ အကြပ်ကြီးက ခေါင်းညိတ်၍

*"ဆရာပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘိုကျားဟာ ကျွန်တော်တို့ မျက်စိနဲ့ တပ်အပ်မြင်တွေ့ပြီး သေနတ်တွေနဲ့ ပိုင်းပစ်တာကိုတောင် အမှုမထားဘဲ လွတ်မြောက်သွားသေးတာ၊ သူ့အိမ် သူ့ယာလို ဖြစ်နေတဲ့ ဒီတောနက်ထဲမှာ ဘယ်လိုနိုင်*



www.burmeseclassic.com

*လှစ်ဖမ်းဆီးမလဲ၊ ပြီးတော့ သူပြောသွားတဲ့အတိုင်း ဆိုရင် အခုအချိန်မှာ ကျွန်တော်တို့က သားကောင် ဘဝကို ပြန်ရောက်သွားပြီး ဘိုကျားက ကျွန်တော် တို့ရဲ့လှုပ်ရှားမှုအားလုံးကို သိနေတော့ တစ်ယောက် ချင်း၊ အမှည့်ချွေ ချွေလိမ့်မယ်"*

ဟု တွေးတွေးဆဆပြောလေ၏။

ပုလိပ်များမှာ ထိုအခြေအနေကို တွေးမိ၍ စိုးရိမ်စိတ်ဝင် သွားကြ၏။

ရာဇဝတ်အုပ်က မျက်နှာထက်မှ ချွေးစက်များကို လက်နှင့် ပွတ်သပ်ပြီး

*"အခုအချိန်ကစပြီး အားလုံး အရပ် လေးမျက်နှာကို သတိထားရမယ်၊ ဘာအကြောင်း နဲ့ဖြစ်ဖြစ် လူစုမကွဲဖို့ ဂရုစိုက်ရမယ်၊ အခုချက်ခြင်းပဲ တောင်စောင်းပေါ်တက်ပြီး ဘိုကျားကို ရှာဖွေကြ မယ်"*

ဟု အမိန့်ပေးလိုက်တော့၏။





ထိုအခိုက် ဘိုကျားပျောက်ကွယ်သွားရာ တောင်စောင်းမှ ချုံနွယ်များကို ဖြတ်သန်းပြီး တဝုန်းဝုန်း လိမ့်ဆင်းလာသော အရာ တစ်ခုကို မြင်တွေ့ကြရ၏။

ထိုအရာက ပုလိပ်အဖွဲ့နှင့် မလှမ်းမကမ်းမြေပေါ်သို့ ဗုန်းခနဲ ကျလာ၏။

ရာဇဝတ်အုပ်က ထခုန်မိမတတ်ဖြစ်ပြီး ထိုအရာကို သေနတ် နှင့်ထိုးချိန်၍

*"ဘိုကျားပါလား"*

ဟု အော်ဟစ်လိုက်၏။

ဘိုကျားသည် သတိကင်းလွတ်လျက် ကြိုးနှင့်အထပ်ထပ် ရစ်ပတ်တုပ်နှောင်ခြင်း ခံထားရ၏။

ရာဇဝတ်အုပ်သည် ရွှေကိုင်းမျက်မှန်ကို ချွတ်၍ မျက်လုံး ကို ပွတ်သပ်ကာ ဘိုးကျားကို ပြန်လည်ကြည့်ရှုပြီး

*"ငါ့မျက်လုံးတောင် ငါမယုံတော့ဘူး၊ ဒါက ဘယ်လိုဖြစ်တာလဲ"*

ဟု အံ့သြတကြီး ရေရွတ်လေရာ တောင်စောင်းမှ ရယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



များကို ခိုတွယ်၍ ပေါ့ပါးဖျတ်လတ်စွာ ဆင်းသက်လာသော လူငယ်တစ်ဦးက

"ကျွပ် လုပ်လိုက်တာပါ"

ဟု အဖြေပေးလေ၏။

လူငယ်သည် အသက် (၂၀) ဝန်းကျင်သာရှိ၏။ ချည်ကြမ်းအင်္ကျီထူကြီးနှင့် ရှမ်းဘောင်းဘီကို ဒူးဆစ်အထိ လိပ်ကာ ဝတ်ဆင်ထား၏။

နေလောင်ထားသော အသားအရေက ကြေးနီရောင်တောက်နေသလို ကိုယ်ခန္ဓာက ကျစ်လစ်ပြီး မာကျောဟန်ရှိ၏။

လူငယ်သည် ခါးတွင် တောလိုက်ဓားမြှောင်ကို ချိတ်ဆွဲကာ ဒူးလေးနှင့် မြားကျည်တောက်ကို လွယ်ပိုးထား၏။

၎င်းသည် တောတွင်းမှ မုဆိုးတစ်ယောက်၏ ဟန်ပန်အပြည့်ရှိနေ၏။

ရာဇဝတ်အုပ်က မိုးပေါ်မှ ဘွားခနဲကျလာသလို ရှိသော လူငယ်ကို

"မင်းဘယ်သူလဲ.. ငါတော့ ဘယ်လိုတွေ





ဖြစ်ကုန်ပြီလဲဆိုတာ မတွေးတတ်တော့ဘူး"

ဟု မေးမြန်းရာ လူငယ်က လက်ကာပြပြီး

"ကျွပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူးဗျ၊ ဟောဒီလူဟာ ခင်ဗျားတို့ကို တောင်စောင်းအတိုင်း မျှားခေါ်ပြီး ရက်ရက်စက်စက် သုတ်သင်ဖို့ကြံစည်ထားခဲ့တယ်၊ ခင်ဗျားတို့သာ တောင်စောင်းပေါ်ကို ခြေချမိရင် သူထောင်ထားတဲ့ ထောင်ချောက်မျိုးစုံကြောင့် အကုန်လုံး ဒုက္ခတွေ့မှာ မလွဲဘူး၊ ကျွပ် သိထားသလောက်တောင် ထောင်ချောက်တွေဟာ သစ်ညှောင့် ဝါးညှောင့်တွေ၊ ဂျမ်းလို့ခေါ်တဲ့ ကျားထောင်တဲ့ သံညှပ်ကြီးတွေ၊ မှိန်းထောင်ချောက်တွေ စုံနေတာပဲ၊ အခုလည်း ကျွပ်က သူလာမဲ့လမ်းမှာ ကြိုပြီး သုတ်ကိုင်းထောင်ချောက်တစ်ခု ထောင်ထားလိုက်တော့ ဒီလူကြီး အငိုက်မိသွားခဲ့တာပဲ၊ ကျွပ် ထောင်ထားတဲ့ သုတ်ကိုင်းက နစ်ဆင့်ထောင်ချောက်လို့ ခေါ်



www.burmeseclassic.com

တယ်၊ ပထမအဆင့် လှုကို သုတ်ကိုင်းမှမိပြီး လေထဲကို လွှဲရမ်းပစ်တယ်၊ ဒုတိယအဆင့် လွှဲရမ်းသွားတဲ့လှုကို သစ်ပင်ကြီးတစ်ပင်ရဲ့ ပင်စည်နဲ့ ကိုင်ရိုက်သလို ဖြစ်အောင် ချိန်ဆပြီးလုပ်ထားတယ်''

ဟု ရှင်းပြလေ၏။

ရာဇဝတ်အုပ်က

''ဟုတ်ပြီ.. ဟုတ်ပြီ... မင်းက ငါတို့အစား တရားခံကို ဖမ်းပေးလိုက်တာပဲ၊ ဒီထက်ပိုပြီး ဘိုကျားရဲ့အရှုံးရာယ်ပေးမဲ့ ထောင်ချောက်တွေကလည်း လွတ်အောင် ကူညီပေးသေးတယ်၊ မင်း အမည်ကို ပြောပါ၊ မင်းက ဘယ်မှာနေတာလဲ၊ မုဆိုးတစ်ယောက်ပဲလား''

ဟု မေးခွန်းများကို တရစပ် မေးမြန်းလိုက်၏။ လူငယ်က ခေါင်းရမ်းပြီး

''ကျုပ်က တောထဲမှာ လှည့်လည်သွား





လာနေတဲ့ မုဆိုးတစ်ယောက်ပဲ ဆိုပါတော့ဗျာ... ကျုပ်အကြောင်းက ဘာမှ မထူးဆန်းပါဘူး၊ ဟောဒီ တရားခံကိုသာ အရင်ဆုံးစိတ်ချရအောင် ချုပ်နှောင်လိုက်ပါဦး၊ သူ သတိရလာရင် ထိန်းရခက်လိမ့်မယ်''

ဟုပြောလေ၏။

ထိုအခါမှပင် ပုလိပ်များသည် သတိကင်းလွတ်နေသော ဘိုကျားကို စနစ်တကျ ချုပ်နှောင်လိုက်ကြ၏။

ပုလိပ်တစ်ယောက်က

''သမန်းကျားကြီး ဘိုကျား၊ အခုတော့ ဘာတတ်နိုင်သေးလဲ''

ဟု ကြိမ်းဝါးလေရာ လူငယ်က

''သမန်းကျားမဟုတ်ပါဘူးဗျာ၊ သူ့ရဲ့အလေ့အကျင့်ကြောင့် သာမန်ထက်ပိုပြီး ပေါ့ပါးဖျတ်လတ်နေတာပါ၊ ဒါပေမဲ့ သူကိုယ်တိုင်ကတော့ သူ့ကိုယ်သူ သမန်းကျားလို့ ယုံမှတ်နေပုံရတယ်၊ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်တဲ့ မျက်နှာဖြူသာသနာပြုဘုန်းကြီးကတော့ ဒါဟာ စိတ္တဗေဒပညာအရ ဟစ်စတီးရီးယားလို့ခေါ်တဲ့ စိတ်နှိုးကြွမှုလို့ ပြောတယ်ဗျ၊ သူတို့ဟာ အဲဒီလို စိတ်ဖြစ်ပေါ်လာပြီဆိုရင် သားကောင်တွေကို နိုင်အောင် တိုက်ခိုက်သတ်ပုတ်နိုင်တယ်၊ ရက်စက်စွန့်စားဝံ့တယ်၊ ကျားစိတ်ဝင်အောင် အထင်အမြင်စိတ်နဲ့ ယုံယုံကြည်ကြည် လှည့်စားပြောင်းလဲပစ်နိုင်တဲ့ သဘောပေါ့''

ဟု ဆိုလေ၏။

ရာဇဝတ်အုပ်က စိတ်ဝင်တစားနားထောင်ပြီး မကြာခင်က အဖြစ်အပျက်ကို မြင်ယောင်မိကာ

''ကျုပ်တယ်၊ ကျုပ်တို့ဟာ 'ဘိုကျား'ရဲ့ လှုပ်ရှားမှုတွေကြည့်ပြီး လူလား၊ ကျားလားဆိုတာတောင် ဝေခွဲရခက်သွားတယ်''

ဟု ထောက်ခံရာ လူငယ်က သက်ပြင်းချ၍

''ကျုပ်တို့နယ်မြေရဲ့ ရှေးဟောင်းအစွဲအလမ်း





တစ်ခုပေါ့၊ သမန်းကျားနဲ့ ပတ်သက်တဲ့ ပုံပြင်တွေ အကြောင်းအရာတွေလည်း ခင်ဗျားတို့ကြားခဲ့ဖူးမှာပဲ၊ ထမံသီမှာရှိတဲ့ ထမန်းလူမျိုးတွေရဲ့ ဘိုးစဉ်ဘောင်ဆက် စွဲလမ်းလာတဲ့ ယုံကြည်မှုပေါ့ဗျာ၊ သူတို့ဟာ ကျားအမျိုးအနွယ်လို့ ယုံကြည်ခဲ့ကြတယ်၊ ဒါကြောင့် ထမန်းကျား(သို့) သမန်းကျား ဇာတ်လမ်းတွေ ပေါ်ပေါက်လာတာပေါ့၊ ကမ္ဘာအရပ်ရပ်မှာလည်း အဲဒီလိုပဲ လူမျိုးစုတွေဟာ တိရစ္ဆာန်တွေ၊ သစ်ပင်တွေနဲ့ ဆက်စပ်ပြီး ဆွေမျိုး (သို့) ကိုယ်ပွားလို့ ယုံကြည်စွဲလမ်းတာတွေ ရှိတယ်ဗျ၊ အဲဒါတွေကို 'တိုတမ်ဝါဒ' လို့ခေါ်တယ်၊ ဥပမာ ခြင်္သေ့မျိုးနွယ်က ပေါက်ဖွားလာတယ်လို့ ယုံကြည်တဲ့လူမျိုးစုတွေ၊ ခြင်္သေ့တိုတမ်လို့ ခေါ်တယ်ပေါ့ဗျာ၊ အဲဒီခြင်္သေ့တိုတမ်တွေဟာ သူတို့ကိုယ်သူတို့ ခြင်္သေ့လို့ သတ်မှတ်ယုံကြည်ပြီး ခြင်္သေ့တောထဲမှာ ရဲရဲဝံ့ဝံ့ သွားလာဝံ့ကြတယ်ဗျ၊ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းတိုတာမ်တို့၊ ဝက်ဝံတိုတာမ်ကို စတာတွေ လည်း ရှိတာပါပဲ၊ အဲဒီတိုတာမ်ဝါဒကိုတော့ သုတေသီတွေက သုံးမျိုးထပ်ပြီးခွဲခြားထားသေး တယ်၊ အဲဒါကတော့ ကျေးရွာတစ်ခုလုံးမှာ ဆွေမျိုး အုပ်စုတစ်စုကသာ လက်ခံယုံကြည်တဲ့ ဆွေမျိုးစု တိုတာမ်၊ တစ်ရွာလုံးမှာ တစ်ဦးတည်းသာ လက်ခံ ယုံကြည်တဲ့ ပုဂ္ဂိုလ်က တိုတာမ်နဲ့ ကျား၊ မအလိုက် လက်ခံယုံကြည်တဲ့ လိင်နဲ့သက်ဆိုင်တဲ့ တိုတာမ်ဆို တာတွေပေါ့ဗျာ၊ ကျုပ်တို့ ထမ်းသီမှာရှိတဲ့ သမန်း ကျား ယုံကြည်မှုကတော့ ဆွေမျိုးအုပ်စုတစ်စု လောက်ရှိသော သက်ဆိုင်တဲ့ ဆွေမျိုးစုတိုတာမ်လို့ပဲ ပြောရမှာပေါ့"

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ လူငယ်၏စကားဆုံး လျှင် သတိကောင်းလျက်နေသော ဘိုကျားသည် တအင်းအင်းနှင့် ညည်းညူလာ၏။

ထိုအခါ ရာဇဝတ်အုပ်နှင့် အဖွဲ့သည် ဘိုကျား၏ အာရုံ





ရောက်သွားကြ၏။

ထိုနောက် သူတို့သည် တောတွင်းသားဟန်ပေါက်နေသော် လည်း ယဉ်ရှယ်၍ အတွေးအခေါ် ပေဟုသုတနှင့်ပြည့်စုံသည့် လူငယ်သည် ရုတ်တရက် ပျောက်ရှသွားပြီဖြစ်ကြောင်း သိလိုက်ကြ ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ချွန်း'ဟူသော လူရွယ်သည် ရေစုန်မျှော၍ ချလာသော ဝါးဖောင်ထက်တွင် လိုက်ပါရင်း မြစ်ကမ်းပါးလို့ လှမ်းမျှော်ကြည့်ကာ လက်ထောင်ပြီး

*"ဒီနေရာမှာ 'ကွဲဆင်း'မယ်ဟေ့"*

ဟု အော်ဟစ်လိုက်လေ၏။

ဖောင်ဦးစီး၏အမိန့်ရလျှင် ဖောင်သမားတစ်ယောက်က 'ကွဲတိုင်ချွန်'ဟု ခေါ်သည့် သုံးလံကျော်မျှ ရှည်လျားပြီး အဖျားချွန်ထားသော သစ်သားချောင်းခပ်တောင့်တောင့်ကို ယူဆောင်လေ၏။





ကွဲတိုင်ချွန်၏ အခြေနှစ်တောင်ခန့်တွင် ရှည်လျားသော လေးလျှန်းတင် အုန်းဆံကြိုးကြီးကိုလည်း အသင့်ချည်နှောင်ထားပြီး ဖြစ်၏။

ကျန်သူများသည် ဖောင်နှင့်တွဲ၍ ဆွဲလာသော လှေငယ်ထက်သို့လည်းကောင်း၊ ခတ်စင်တွင် ခတ်တက်ကို လှော်ခတ်ရန်လည်းကောင်း၊ အသီးသီး လူခွဲ၍ 'ကွဲဆင်းရန်' ပြင်ဆင်ကြ၏။ ၄င်းတို့တည်ရှိရာ ချင်းတွင်းမြစ်ရေကမူ ထုံးစံအတိုင်း အရှိန်အဟုန်နှင့် စီးဆင်းနေ၏။

ချွန်းသည် ကွဲဆင်းရန်အချက်ပြပြီးမှ ကွဲတိုင်ချွန်ကိုင်ဆောင်သည့် ဖောင်သမားကိုကြည့်၍ မျက်မှောင်ကြုတ်ကာ

*"'ဘိုကေ' ကွဲတိုင်စိုက်ဖို့ မင်းနဲ့ဖြစ်မှာ မဟုတ်ဘူး၊ ကိုအောင်ဘကို လွှဲပေးလိုက်"*

ဟု ပြောလေရာ ဘိုကေက ရင်ကိုကော့၍

*"ဒီလောက်တော့ ဖြစ်ပါတယ် အာစရိရယ်၊ အရင်တစ်ကြောင်းက အာစရိပေးထားတဲ့ ပညာတွေ အကုန်ရပြီးသားပါ၊ ဘိုကေကို အထင်မသေး*



www.burmeseclassic.com

www.burmeseclassic.com



*ပါနဲ့* ''

ဟုဆိုလေ၏။

ထို့နောက် ဘိုကေဟူသော ပုကွကွ၊ ဂင်တိုတိုလူသည် ကွဲကြီးဖြစ်သည့် အုန်းဆံကြိုးတစ်ဝက်ခန့်ကိုပါ မွေ့၍ လှေငယ်ထက်သို့ တင်၏။ ပြီးလျှင် လှေငယ်သည် ဖောင်မှခွာကာ မြစ်ကမ်းပါးသို့ လှော်ခတ်သွားတော့၏။

'ကွဲဆင်း'သည်မှာ ရေစီးနှင့်မျောနေသော ဖောင်ကို ကမ်းတွင် ဆိုက်ကပ်ရန်ပြုလုပ်ခြင်းသာဖြစ်၏။ ဖောင်တစ်ဆက်လျှင် ဝါးလုံး (၁၀၀၀) ခန့်ရှိပြီး ဖောင် (၆)ဆက်ပါသော ဝါးဖောင်ရှည်ကြီးကို ကမ်းတွင် ဆိုက်ကပ်ရန်မှာ လေ့သဘောများလို လွယ်ကူခြင်း မရှိဘဲ အန္တရာယ်များလှ၏။

ကွဲတိုင်စိုက်မည့်သူက မြေနေရာရွေးချယ်ပြီး ကွဲတိုင်စိုက်ရန် ပြင်စဉ် ဖောင်ထက်ရှိ ခတ်စင်မှ လူများကလည်း ခတ်တက်ကိုယ်စီနှင့်ဖောင်ကို ကမ်းနှင့်နီးစေရန် ဖောင်ပဲ့ပြီး လည်မကျအောင်ထိန်း၍ ခတ်ကြရ၏။

ထိုအခါ ကျန်သောလူများက ကမ်းမှနေ၍ ကြိုးဖြင့်ဆွဲကာ





ခတ်တက်သမားများက ခတ်တက်ညီညီနှင့် ခတ်ဆွဲကြရ၏။

ခတ်ဆွဲသည်မှာလည်း အခြားလှေသမ္ဗာန်များလိုမဟုတ်ချေ။ တက်ကို ရေပေါ်တွဲ ရုပ်ဆွဲ၍ အရှိန်နှင့် ရေထဲသို့ ခတ်တက်စိုက်နှစ်ကာ ဖောင်ကို ခြေကန်ပြီး လျှ?ာ မတ်တတ်မှ ပက်လက်လှန်သွားသည်အထိ တအိအိကျိုက်ဆွဲ ဆွဲရ၏။

ဤသို့ဖြင့် ဖောင်သည် ကမ်းနှင့်နီးကပ်လာလျှင် ကွဲဆင်းမည့်သူက ကွဲတိုင်ချွန်ကို မိလောက်သည့်နေရာတွင် လေးဆယ့်ငါးဒီဂရီစောင်း၍ ထိုးစိုက်ကာ ရိုးလေးခိုထားရ၏။

လေးဆယ့်ငါးဒီဂရီထက်ကျော်လွန်ပြီး ကွဲအိပ်သွားပါက ဖောင်ကြီးတင်းလာသည်နှင့် တစ်ပြိုင်တည်း ထယ်ချော်သလို ချော်သွားတတ်၏။

ကွဲတိုင်ထောင်လွန်းပါကလည်း ဖောင်ကြီး လျှောသတ်လိုက်သည်နှင့် တစ်ပြိုင်တည်း ကွဲရူးမြေထဲသို့ စူးနှစ်မဝင်ဘဲ ကွဲများကွင်ရိုးလေးခိုထားသည့် ကွဲစိုက်သူပါ လောက်လွဲနှင့် အပစ်ခံရသလို ကွဲရမ်းပြီး လွင့်စင်သွားတတ်၏။

ကွဲတိုင်ချွန်ကို အနေအထားမှန်အောင် မစိုက်တတ်သည်သာ



www.burmeseclassic.com

www.burmeseclassic.com



သမက၊ ကွဲတိုင်ချွန်ကို ဖောင်၏ဆွဲအား ခံနိုင်စေရန် ကွဲများကို မေးအောက်ထား၍ ကိုင်ထားမိပါက ဖောင်ကြိုးတင်းလာသည်နှင့် ကွဲများရိုက်ခတ်မှုကြောင့် မေးတစ်ခြမ်းပြုတ်သွားနိုင်၏။

ချွန်းသည် ဖောင်ထက်က ကွဲစိုက်သည်ကို မျက်ခြေမပြတ် ကြည့်၍ စိတ်ချလောက်ပြီဟု ဆုံးဖြတ်ကာ ကြိုးခွေကိုယူပြီး သတ်တုံးထိပ်တွင် စွပ်လိုက်၏။

ထို့နောက် ကြိုးခွေဖက်မှအစကို ကိုင်ကာ တစ်ပတ်ခြင်း လျှော့ပေးလေ၏။

ကျန်လူများကမူ သတ်တုံးတွင် ကြိုးပတ်လျှော့ရာမှ ကြိုး ဒဏ်ကြောင့်မှု၍ မီးလောင်ကာ ကြိုးမပြတ်စေရန် ရေမပြတ် လောင်းပေးကြ၏။

ဤတွင် ချွန်းသည် သူ၏ဆုံးဖြတ်ချက် မှားသွားကြောင်း သိရှိလိုက်ရ၏။

ဘိုကေ၏ ကွဲတိုင်စိုက်ချက်က အနေအထားမမှန်သော ကြောင့် ဖောင်ကြိုးတင်းလျှင်ပင် ဖြောင်းခနဲ အသံကြီး ထွက်ပေါ် လာလေ၏။





ဘိုကေသည်လည်း ကွဲဖျားတွင် ရီးလေးခိုထားရာမှ ကွဲရမ်း ကာ အဝေးသို့ လွင့်စင်သွားလေ၏။

ရုတ်ချည်းပင် ချွန်းသည် လက်တွင်းမှကြိုးစကို ဖောင် သမားတစ်ယောက်ထံအပ်ပြီး

*"ခတ်တက်သမားတွေ ဖောင်လည်ထွက်*

*မသွားအောင် ထိန်းပေးကြစမ်း"*

ဟု အမိန့်ပေးကာ ရေထဲသို့ ဂုန်းခနဲ ဒိုင်ဗင်ထိုး၍ချလိုက်ရ၏။ မကြာမီ ချွန်းသည် ကွဲကြိုးမှတစ်ဆင့် ရေတွင်မျောနေသော ကွဲတိုင် ချွန်ကို ဆယ်ယူပြီး ကွဲဆင်းရန် ပြုလုပ်လေ၏။

၎င်းက ကွဲတိုင်ကို မြေတွင် သေချာစွာစိုက်၍ ဖောင်ကြိုး အလျှော့အတင်းကို လိုသလို ပြုလုပ်ရန် အော်ဟစ်ပြောဆိုကာ ဖောင်သည် ကမ်းနှင့်နီးကပ်လာမှပင် ကွဲဖူးတိုင်ငယ်တစ်ချောင်း ကပ်၍စိုက်လိုက်၏။

ထိုကွဲဖူးနှင့် ကွဲတိုင်ကို ကြိုးနှင့်သေချာစွာ တုပ်နှောင်ပြီးမှ သက်ပြင်းကိုချ၍

*"ဘိုကေကို ယုံလိုက်မိတာ မှားတာပဲ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လေ၏။

ဘိုကေသည် ခပ်လှမ်းလှမ်း မြစ်ကမ်းပါးထက်တွင် ခွေခွေကလေး လဲနေလေ၏။ ၎င်းသည် ကံကောင်းထောက်မစွာပင် ထိခိုက်ဒဏ်ရာ ကြီးကြီးမားမားမရခဲ့ချေ။ ချွန်းက ဘိုကေထံသို့ လှမ်းသွားပြီး

*"ဖောင်သမားတစ်ယောက်အတွက် အတွေ့အကြုံဆိုတာ ဘယ်တော့မှ ပြည့်စုံတယ်လို့ မရှိဘူးကွ၊ အခုမင်းရဲ့ပေါ့လျော့မှုကြောင့် ဖောင်ဟာ အထိန်းအကွပ်မဲ့ပြီး ပျက်စီးသွားနိုင်တယ်၊ ဒါပေမဲ့ ငါက ဟောဒီဖောင်ကြီးပျက်စီးဆုံးရှုံးမှာထက် ဖောင်သမားတွေရဲ့ အသက်ကိုပိုပြီး အလေးထားလို့ မင်းကို သတိပေးတာကွ"*

ဟု ပြောဆိုလိုက်ရာ ဘိုကေက ခေါင်းငုံ့ပြီး

*"ကျွပ် မှားသွားပါတယ် အာစရိ၊ နောင်ဆိုရင် ကိုယ်မကျွမ်းကျင်သေးဘဲ တခြားလူတွေ အထင်ကြီးအောင် လုတတ်ကြီးမလုပ်တော့ပါဘူး။*





*ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ"*

ဟု တောင်းပန်လေ၏။

ထိုအခါ ချွန်းက

*"မင်းအပြစ်လည်း မဟုတ်ပါဘူး၊ မင်းကို ကွဲဆင်းဖို့ ငါလည်း ခွင့်ပြုမိတာကိုး"*

ဟုဆိုလိုက်၏။

သူတို့အတွက် ထိုနေရာတွင် ဖောင်ကို ဆိုက်ကပ်ပြီး စခန်းတစ်ထောက် ရပ်နားခြင်းသာဖြစ်၏။ နေလုံးသည် အနောက်ဘက်ရှိ ရသေ့တောင်ထက်တွင် မေးတင်ကာ ညနေ ဆည်းဆာအလင်းကို ပေးနေဆဲဖြစ်၏။

ထိုအချိန်၌ ဖောင်သမားတစ်ယောက်က ကမ်းစပ်သောင်ပြင်တွင် ပိုက်ကွန်တလက်နှင့် အလုပ်ရှုပ်နေသလို အချို့က ဖောင်ထက်တွင် ညစာအတွက် ပြင်ဆင်ချက်ပြုတ်ကာ ရှမ်းမီးတောက်အရက်နှင့် ဝိုင်းဖွဲ့နေလေ၏။

ဖောင်ကို ရပ်နားထားချိန်တွင် ဖောင်သမားများအတွက် ရေတက်ရေကျနှင့် ချိန်၍ ကွဲကြိုး အလျော့အတင်းပြုလုပ်ပေးရန်သ



www.burmeseclassic.com

www.burmeseclassic.com



အားလပ်နေကြ၏။

ဖောင်ဦးစီး ချွန်းကမူ သူ့ဘဝအတွက် အရေးအကြီးဆုံးဟု သတ်မှတ်ထားသည့် အလုပ်တစ်ခုကို ပြုလုပ်ရန် ပြင်ဆင်နေလေ၏။

၎င်းသည် မုတ်ဆိတ်ကျင်စွယ်တို့ကို ရိတ်သင်ပြီး ကောင်းစွာ ကိုယ်လက်သန့်စင်ထား၏။

ချည်ကြမ်းရှပ်အင်္ကျီထက်မှ ဂျာကင်ပွပွကို ဝတ်၍ သက္ကလတ်ဘောင်းဘီ အညိုရောင်ကို ဆင်မြန်းထား၏။

ဆံပင်ရှည်နီကျင်ကျင်တို့ကို လက်နှင့်သပ်၍ ဖြီးသင်ပြီးလျှင် သူသည် အတော်အတန်သေသပ်သွားပြီဖြစ်၏။

ဘိုကေသည် ကြီးမားသော ငါးမြွေထိုးကြီးများကို သီတံနှင့် ထိုး၍ မီးကင်နေရာမှ

*"အာစရိတို့ကတော့ ဖောင်ဦးစီးလုပ်ပြီး ဒီလို*

*တည်ကြည်ခန့်ညားတဲ့ ဥပဓိကြောင့်လည်း ဟူမွလင်း*

*တစ်နယ်လုံးမှာ အလှဆုံးဆိုတဲ့ 'ယမုံ' လေးက*

*တမ်းတမ်းစွဲ ဖြစ်နေတာကိုး"*





ဟု မြှောက်ပင့်ပြောလေရာ ချွန်းက ကိုယ်နှင့်မကျွာ ဆောင်ထားတတ်သော ဂျာကင်အင်္ကျီအိတ်အတွင်းမှ မောင်းချွားကို စမ်းသပ်ပြီး

*"ငါ့ကို မြှောက်ပင့်မပေးလည်း မင်းတို့ကို*

*ဒီတစ်ည စိတ်ရှိလက်ရှိ သောက်ခွင့်ပေးပြီးပြီပဲကွာ၊*

*ပြဿနာတော့ မဖြစ်စေနဲ့ဟေ့"*

ဟု မှာကာ ဖောင်နှင့်တွဲထားသော လှေငယ်ထက်သို့ တက်လေ၏။

မကြာမီ ချွန်းသည် ဘိုကေက လျှာလေးအာလေးသံကြီးနှင့်

*"အာစရိ အောင်မြင်ပါစေဗျာ"*

ဟူသော နှုတ်ဆက်သံကို ချန်ရစ်ကာ မြစ်ကမ်းပါးတစ်ဘက်စားလွှယ်ခုတ်နေရာရှိ ကုက္ကိုပင်တန်းကြီး အုပ်မိုးနေသော ချင်းတွင်း၏ အထက်ဖျားဆိပ်ကမ်းဖြစ်သည့် ဟူမွလင်းဆိပ်ကမ်းဘက်သို့ လှေ ကလေးကို လှော်ခတ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့ သိမ်းပိုက်အုပ်ချုပ်ထားစဉ် ထိုခေတ်အခါကတည်းက ဟုမ္မလင်းတွင် နယ်ပိုင်ဝန်ထောက်မင်း ရုံးစိုက်၏။ အင်္ဂလိပ်စစ်တပ်၊ ပုလိပ်ဌာန၊ ဆေးရုံ၊ ကျောင်း၊ ကြေးနန်းဌာန၊ စာတိုက်၊ အခွန်တော်ဌာန၊ ငွေတိုက် စသည်တို့ရှိ၏။

သောင်သွပ်နှင့် ဥယျာဉ်နယ်သစ်တောဌာန၊ ယစ်မျိုးဌာန၊ ဘိန်းဆိုင် စသည်ဖြင့်လည်းရှိ၏။

ဟုမ္မလင်းဆိပ်ကမ်းမှာမူ ညအမှောင်ကို အံတု၍ စည်ကားသက်ဝင်နေဆဲသာဖြစ်၏။





အင်္ဂလိပ်အစိုးရပိုင် မီးထိုးသင်္ဘောကြီးကလည်း ချင်းတွင်းအဆန်ခရီး၏ နောက်ဆုံးဆိပ်ကမ်းဖြစ်ရာ ထိုဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားစပင်ရှိသေး၏။

ထိုအချိန်တွင် တရုတ်ဘိန်းစားဟန် ပေါက်နေသော ပိန်လှိုလှိုလူတစ်ယောက်သည် ကမ်းနားလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လှမ်းလျက်ရှိ၏။

၎င်းသည် ခမ်းနားစွာ ဆောက်လုပ်ထားသည့် အိမ်ကြီးတစ်ဆောင်သို့ရောက်ရှိရာ ဖြူဝင်းသော အသားအရည်နှင့် ချောမောပြေပြစ်သောရုပ်ဆင်းကို ပိုင်ဆိုင်ထားသည့် လူရွယ်တစ်ယောက်ကို တွေ့ဆုံပြီး ရိုသေလေးစားဟန်နှင့်

*"ကိုကျော်ဝဏ္ဏ မှာထားတဲ့အတိုင်း ဖောင်ဦးစီးလုပ်တဲ့ကောင်ကိုတွေ့လို့ လာပြီးအကြောင်းကြားတာပါ"*

ဟု သတင်းပေး၏။

ကျော်ဝဏ္ဏဟူသော လူရွယ်သည် လှပ်လှပ်ရှားရှားဖြစ်ပြီး လက်တွင်း၌ မကြာမီက ကြည့်ရှုနေမိသောဓါတ်ပုံကို ဆောင်ပြုကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီဓါတ်ပုံထဲကလူဆိုတာ ကျိန်းသေရဲ့လား"

ဟု မေးမြန်းလိုက်၏။ တရုတ်က

"စိန်လျှောင်တို့ အဲဒီလောက် မျက်လုံးမမှုံသေးပါဘူး၊ သူမှသူအစစ်ပါ၊ သူ့ကို အရင်ကတည်းက မကြာခဏ မြင်ဖူးတာပဲ၊ မလွဲပါဘူး"

ဟု အာမခံလေ၏။

ကျော်ဝဏ္ဏသည်လည်း ဓါတ်ပုံကို မီးဝင်းဝင်းတောက်မတတ် မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ပြန်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လေ၏။

၎င်း၏ ချောမောပြေပြစ်သော ရုပ်သွင်က အတွင်းစိတ်၏ ညစ်နွမ်းမှုနှင့်ထပ်တူ အကျည်းတန်နေချေပြီ။ ဓါတ်ပုံသည် ကြမ်းကြမ်းတမ်းတမ်း နေထိုင်တတ်ဟန်ရှိသော တောတွင်းသားလူရွယ်တစ်ယောက်နှင့် မိန်းမပျိုကလေးတစ်ယောက်တို့ အတူယှဉ်တွဲနေသည်ကို ရိုက်ကူးထားသော ပုံဖြစ်၏။





မိန်းမပျိုသည် လူရွယ်၏လက်မောင်းကို တင်းတင်းကျပ်ကျပ် ဖက်တွယ်၍ အလှပဆုံးအပြုံးပန်းတို့ ဝေနေသည်မှာ ကျော်ဝဏ္ဏ၏အသည်းကို အပ်နှင့်ဆွသလို ရှိ၏။

တစ်ကိုယ်တည်း အဖော်မဲ့စွာ နေထိုင်သည့် ဥစ္စာပေါ၊ ရုပ်ချော ကျော်ဝဏ္ဏသည် ပျိုတိုင်းကြိုက်သည့် နှင်းဆီနိုင်သာ ဖြစ်၏။

သို့သော် ၎င်းသည် ရတာမလို၊ လိုတာမရ ဟူသည့် သဘာဝအတိုင်း အဆင့်အတန်းတူညီသော လူကုန်ထံ မိန်းမပျိုကလေးများကို ရှောင်ဖယ်ပြီး မထင်မရှား မျက်နှာမွဲ မိန်းကလေးတစ်ယောက်ကို စွဲလမ်းနေချေပြီ။

မိန်းမပျိုကို ပိုင်ဆိုင်ခွင့်ရရန် သူ့အတွက် မည်သည့်နည်းလမ်းကိုမဆို အသုံးပြုရန် ဆုံးဖြတ်ပြီးဖြစ်၏။

လောလောဆယ် အဟန့်အတားဖြစ်နေသည်က ဓါတ်ပုံထဲမှ မိန်းမပျို၏ချစ်သူဖြစ်၏။ ထို့ကြောင့် ကျော်ဝဏ္ဏက ခေါင်းညိတ်ပြီး တရုတ်ကို

"ဒီကောင့်ကို ဘယ်လိုစီရင်ရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



*မင်း သဘောပေါက်တယ် မဟုတ်လား"*

ဟု ဆိုလိုက်၏။

တရုတ် စိန်လျှောင်က ဟက်ခနဲရယ်၍

*"စိတ်ချစမ်းပါ၊ ငွေကောင်းကောင်းပေးရင် ကမ်းနားလူမိုက်တွေကို ကြိုက်ရာခိုင်းလို့ရတယ်၊ အဲဒီကောင်ကို ဒီညတွင်းချင်း မြို့ပေါ်ကတင် မဟုတ်ဘူး၊ ကမ္ဘာမြေကြီးပေါ်ကပါ ပျောက်ကွယ်သွားစေရမယ်"*

ဟု အာမခံ၏။

မကြာမီ စိန်လျှောင်သည် ကျော်ဝဏ္ဏထံမှ အင်္ဂလိပ်ငွေစက္ကူ တစ်ထပ်ကြီးကို လက်ခံရယူကာ ပြန်လည်ထွက်ခွာသွား၏။

ကျော်ဝဏ္ဏ၏ အတွေးအာရုံထဲတွင်မူ နွမ်းပါးသော အဝတ်အထည်ကို ဆင်းမြန်းထားသော်လည်း စွဲမက်ဖွယ် အေးချမ်းသည့် အလှတို့ ပေါ်လွင်နေသည့် မိန်းမပျိုကိုသာ မြင်ယောင်နေ၏။

သူသည် မိန်းမပျိုကို မထင်မှတ်ဘဲ တွေ့ဆုံခဲ့သော်လည်း သူ့ဘဝအတွက် အလိုအပ်ဆုံးအဖော်ဖြစ်ကြောင်း ခိုင်ခိုင်မာမာ သိရှိ





ခဲ့၏။

မုံရွာမြို့မှ သစ်ကုန်သည်ကြီးတစ်ယောက်၏သားဖြစ်သူ ကျော်ဝဏ္ဏသည် ယခုအချိန်အထိ မိဘတို့ နေရာချထားပေးရန် ရွေးချယ်ခဲ့သော မိန်းကလေးများကို အကြောင်းအမျိုးမျိုးပြကာ ငြင်းပယ်၍ ပျော်သလို လွတ်လပ်စွာ နေထိုင်ခဲ့၏။

တစ်နေ့တွင် ဖခင်၏ ခိုင်းစေချက်နှင့် ဟုမ္မလင်းသို့ ရောက်ရှိကာ သူတို့ ကန်ထရိုက်ယူထားသည့် သစ်တောလုပ်ကွက်များကို လိုက်လံစစ်ဆေးရ၏။

ထိုအခါ ဆိုးရွားသော ငှက်ဖျားဒဏ်ကြောင့် အိပ်ရာထဲတွင် လဲနေရာမှ မိန်းမပျိုကို မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရခြင်းဖြစ်၏။ ထို့မှစ၍ ကျော်ဝဏ္ဏသည် ဤအရပ်ဒေသမှ မခွာနိုင်ဖြစ်၍ ကမ်းနားလမ်းတွင် ပင် အိမ်ကြီးတစ်ဆောင်ဆောက်ကာ နေထိုင်ခဲ့၏။

ငှင်းဖျားနာစဉ်က ဆရာဝန်ကြီးနှင့်အတူ ဆေးရုံမှ သူနာပြု ဆရာမကလေးပါ လိုက်ပါလာခဲ့၏။ ဆရာဝန်ကြီး၏ ဆေးကုသပေးမှုထက်ပို၍ သူနာပြုကလေး၏ပြုစုမှုက သာလွန်သည်ဟု ထင်မှတ်ကာ မကြာမီ ရောဂါပျောက်ကင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျော်ဝဏ္ဏက ဆရာမလေးကို

“ယမုံရယ်… ကျုပ် အဖျားဝေဒနာ ပြင်းထန်ပြီး မျက်လုံးနှစ်လုံးကို ဖွင့်လိုက်တဲ့အချိန်မှာ မိန်းကလေးရဲ့မျက်နှာကို မြင်လိုက်ရကတည်းက ရောဂါတစ်ဝက် ပျောက်သွားတာပါ၊ ကျုပ်ရင်ထဲမှာ တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးတဲ့ ခံစားမှုတွေ အခုဖြစ်ပေါ်နေပြီ၊ ကျုပ်က ယမုံရဲ့ အပြုအစုတွေ၊ ပြောဟန်ဆိုဟန်တွေကအစ ဆံဖျားက ခြေထောက်အဆုံး အားလုံးကို စွဲလန်းနေမိပြီ၊ တိုတိုပြောရရင်တော့ ကျုပ် ယမုံကို ချစ်ခင်နှစ်သက်တယ်၊ ပြီးတော့ လက်ထပ်ချင်တယ်၊ ကျုပ်တို့ရဲ့ မင်္ဂလာပွဲဟာ ဟောဒီဟုမ္မလင်းတစ်နယ်လုံး၊ ချင်းတွင်းတစ်နယ်လုံးမှာ အကြီးကျယ်ဆုံး မင်္ဂလာပွဲကြီးဖြစ်စေရမယ်ဗျာ”

ဟု ပြောလေ၏။

ယမုံဟူသော သူနာပြုဆရာမလေးက ကျော်ဝဏ္ဏကို





တည်ငြိမ်စွာပင် ပြန်လည်ရူးစိုက်ကြည့်၏။

သူမ၏အကြည့်တွင် မည်သည့်စိတ်ခံစားမှု အရွန်းအထင်းမှ မပါဘဲ ကြည်လင်သန့်ရှင်း၏။

သူမက သက်ပြင်းချကာ

“ရှင်ဟာ မိန်းကလေးတွေအတွက် စိတ်ကူးယဉ်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ဒါပေမဲ့ ကျွန်မဘက်က ရှင့်ရဲ့အချစ်ကို လက်မခံနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး”

ဟု ငြင်းပယ်လေ၏။

သို့သော် ကျော်ဝဏ္ဏသည် အချစ်မှိုင်းမိနေသူဖြစ်လေရာ အခွင့်ကြုံတိုင်း ယမုံကို လက်ထပ်ရန် တောင်းဆိုနေလေ၏။

ယမုံက

“ကျွန်မမှာ ချစ်ဦးသူရှိပါတယ်၊ သူဟာ ချမ်းသာကြွယ်ဝခြင်းမရှိပေမဲ့ ယောကျ်ားကောင်းတွေမှာရှိတတ်တဲ့ စွန့်လွှတ်စွန့်စားမှုတွေ၊ အနစ်နာခံတတ်မှုတွေ အပြည့်ရှိပါတယ်၊ သူနဲ့ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



*သစ္စာမပြုခဲ့ကြပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှမဖောက်လွဲတဲ့ မေတ္တာတွေနဲ့ တစ်နေ့မှာ လက်ထပ်ဖို့ရည်ရွယ်ခဲ့ပြီး ဖြစ်ပါတယ်၊ ကျွန်မကို သာမန်မိန်းကလေးတစ်ယောက်ဟာ ကိုကျော်ဝဏ္ဏနဲ့ မထိုက်တန်ပါဘူး၊ ကျွန်မကို ရှင့်ရင်ထဲက ထုတ်ပယ်လိုက်ပါ"*

ဟု ပြောခဲ့လေ၏။

ကျော်ဝဏ္ဏသည် မည်သည့်အခါမျှ လက်လျှော့မည်မဟုတ်ပေ။

ထို့ကြောင့် ဟုမ္ဗလင်းတွင်ပင် အခြေချနေထိုင်ကာ ဓါတ်ပုံဆရာတစ်ယောက်၏ အကူအညီဖြင့် ယမုံနှင့် သူမ၏ချစ်သူတို့ စုံတွဲဓါတ်ပုံကိုပင် ခိုး၍ရိုက်ကာ ရယူထားပြီး ဖြစ်၏။

ယမုံ၏အနီးတွင် ထိုသူမရှိလျှင် သူ့အတွက် ရှေ့ဆက်ရန် လမ်းပွင့်သွား မဟုတ်ပါလား။

ကျော်ဝဏ္ဏသည် တရုတ်စိန်လျှောင်ထံမှ သတင်းကောင်းကို စောင့်ဆိုင်းရင်း အရက်ဝိုင်းပြင်၍ ထား၏။ စိန်လျှောင်သည် ထိုည





အတွက် ကျော်ဝဏ္ဏထံ ရေးကြီးသုတ်ပျာနှင့် ဒုတိယအကြိမ်ပြန်လည်ရောက်ရှိလာသောအခါ မျက်နှာရှုံ့မဲ့ပြီး

*"ကျုပ်... ကျုပ်တို့ သူ့ကို အထင်သေးလိုက်မိတယ်၊ ကျုပ် ငွေပေးပြီး ခိုင်းလိုက်တဲ့ ကမ်းနားလူမိုက် (၃) ယောက်ကို အဲဒီကောင်က ကောင်းကောင်းကြီး ဆော်ထည့်လိုက်လို့ မရှုမလှ ခံလာခဲ့ရတယ်၊ လူမိုက်တစ်ယောက်ကတော့ ဒဏ်ရာပြင်းတာနဲ့ ဆေးရုံကိုတန်းပြီး ပို့လိုက်ရတယ်၊ အနည်းဆုံး နံရိုးသုံးချောင်းတော့ ကျိုးမှာပဲလို့ ဆရာဝန်က ပြောတယ်၊ ကျုပ်တို့နှစ်ကောင်လည်း တစ်ပတ်လောက်တော့ အိပ်ရာက ထနိုင်မှာ မဟုတ်ဘူး"*

ဟု သတင်းပေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် လှေငယ်ကို ဝါးဖောင်နှင့်တွဲ၍ ချည်နှောင်လိုက်ပြီး ရင်စို့ခန့် အမြင့်ရှိသည့် ဝါးဖောင်ပေါ်သို့ အားယူပြီး တက်လိုက်၏။

ဝါးဖောင်တွင် ထိုးထားသော တဲတွင်း၌ ဘိုကေသည် အိပ်စက်ခြင်းမရှိဘဲ စောင့်ဆိုင်းနေလေရာ ဒယီးဒယိုင်နှင့် လှမ်းလာသော ချွန်းကို မြင်လျှင်

*"အာစရီ... ဘယ်လိုဖြစ်လာတာလဲ"*

ဟု မေးမြန်းလေ၏။





ဖောင်၏နောက်ပိုင်းတွင် အခြားတဲတစ်လုံးထိုး၍ အခြားဖောင်သမားများ အိပ်စက်နေကြချေပြီ။ ဘိုကေက လက်ဆွဲမီးအိမ် အလင်းရောင်နှင့် ချွန်းကို သေချာစွာ မြင်တွေ့ပြီး လှုပ်လှုပ်ရှားရှားဖြစ်ကာ

*"အာစရီ ဒဏ်ရာရလာပါလား"*

ဟု ထိတ်လန့်တကြား ရေရွတ်လေ၏။

အမှန်ပင် ချွန်း၏ပေါင်တွင် ဓါးဒဏ်ရာရရှိထား၏။ ဒဏ်ရာကို အုပ်၍ ဘောင်းဘီအပေါ်မှထပ်ကာ ပဝါတစ်စကို စည်းနှောင်ထားသော်လည်း သွေးတို့က ယိုစိမ့်နေ၏။

ချွန်းက လက်ကာပြ၍

*"ကိစ္စမရှိပါဘူးကွာ၊ နောက်တစ်နေ့မှာ ခရီးဆက်နိုင်မှာတော့ မဟုတ်ဘူး"*

ဟု ပြောလေ၏။

ဘိုကေက ချွန်းကိုတွဲ၍ တဲအတွင်း သက်သောင့်သက်သာ နေစေကာ ဒဏ်ရာကို ကြည့်ရှုလေ၏။

ဓါးဒဏ်ရာက အတွင်းပိုင်းအထိ နက်ရှိုင်းစွာ မဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လေးလက်မအရှည်ခန့် ထိရှထား၏။ ချွန်းသည် ဒဏ်ရာကို ကိုယ်တိုင်ပင် သန့်ရှင်းအောင် ဆေးကြောကာ နာဂ တောင်တန်းဘက်တွင် ပေါက်ရောက်ပြီး နာဂအခေါ် ထောက်ပင် (သို့) အဆိပ်ဖြေဆေးပင်မှ အမြစ်ကို အခြောက်လှမ်း၍ အမှုန့် ပြုလုပ်ထားသည့်ဆေးမှုန့်ကို ထည့်လေ၏။

ဘိုကေက အဝတ်သန့်သန့်နှင့် ဒဏ်ရာကို စည်းနှောင်ပေး ရင်း...

"ဒီဒဏ်ရာကဘာယ်လိုရတာလဲ၊ ဒီအမှုန့်တွေ ထည့်လို့မဖြစ်ပါဘူး၊ ကျုပ် ဟိုဆရာမလေးကို သွားခေါ်ပေးမယ်၊ ဒဏ်ရာကို အင်္ဂလိပ်ဆေးဝါး တွေနဲ့ကုပြီး ချုပ်လိုက်မှ မြန်မြန်ပျောက်လိမ့်မယ် ထင်တယ်"

ဟု ပြောလေရာ ချွန်းက

"ဒီထောက်ပင်မြစ် အမှုန့်တွေကလည်း စွမ်းပါတယ်ကွာ၊ ဒီဆေးက တော်ရုံအဆိပ်ကိုလည်း နိုင်တယ်ကွ၊ ဒဏ်ရာတွေကို သွေးတိတ်အောင်၊





အနာကျက်အောင် ကုသနိုင်ရုံမကဘူး၊ နာဂတွေက တော့ ဝမ်းကိုက်၊ ဝမ်းအောင့်တာတွေ၊ လေထိုး လေအောင့်၊ လေနာတွေအတွက်ပါ သုံးတာပဲ"

ဟု ဆိုလိုက်၏။

ထိုအခါ ဘိုကေက အံ့ကြိတ်၍

"အာစရိ ဒီဒဏ်ရာ ဘာကြောင့်ရလာသလဲ ဆိုတာ ကျုပ်ကိုပြောစမ်းပါ၊ တစ်ယောက်ယောက် ရဲ့ လက်ချက်လား၊ ဒါဆိုရင်တော့ ကျုပ် အချိန် မဆိုင်းဘဲ စာရင်းသွားရှင်းရမယ်"

ဟု ပြောလေ၏။

ချွန်းက ခေါင်းယမ်းပြီး

"ယမုံတို့အိမ်က အပြန်လမ်းမှာ ရုတ်တရက် တိုက်ခိုက်ခံရတာပဲ၊ ကမ်းနားလူမိုက်တွေ ထင်ပါရဲ့ ကွာ"

ဟု အဖြေပေးလေရာ ဘိုကေက ဆတ်ခနဲထ၍

"တောက်... တွေ့ကြသေးတာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဖောင်သမားတွေ သွေးမနည်းဘူးဆိုတာ ပြရ
သေးတာပေါ့၊ ကိုအောင်ဘတို့ကိုခေါ်ပြီး တစ်ပွဲ
လောက် နွှဲရသေးတာပေါ့"

ဟု ကြိမ်းဝါး၏။

ချွန်းက

"ရှန်စတွေ မရှည်ပါနဲ့တော့၊ ဒီကောင်တွေ
လည်း မှတ်လောက်သားလောက် ဖြစ်သွားပါပြီ၊
တစ်ခုရှိတာက ဘာကြောင့် ငါ့ကို ဒီလိုချောင်း
မြောင်းပြီး တိုက်ခိုက်ရသလဲဆိုတာ စဉ်းစားလို့
မရဘူး၊ သူတို့က တကယ့်ကို အငြိုးတကြီးနဲ့
တိုက်ခိုက်တာပဲ"

ဟု ရေရွတ်လေ၏။

ဘိုကေက ပြောင်းဖူးဖက်ဆေးလိပ်ကို မီးခိုးတထောင်းထောင်း
ထအောင် ဖွာ၍

"အာစရိဒက္ခိဏာရတာကိုတော့ ဟိုဆရာမ
လေးကို အသိပေးရမယ်"





ဟု ပြောပြန်၏။

ချွန်းက ခေါင်းညိတ်၍

"ဖောင်မှာ မတော်တဆ ထိခိုက်မိတယ်လို့ပဲ
သူ့ကိုပြောပါကွာ၊ အကြောင်းမဲ့ ငါ့အတွက် စိုးရိမ်
နေရလိမ့်မယ်"

ဟု ဆို ့လိုက်၏။

ဘိုကေကမူ စိတ်တွင်းမှ

"ဆိပ်ကမ်းမှာ စုံစမ်းလိုက်ရင် ဘယ်ကောင်
တွေလဲဆိုတာ သိနိုင်တာပဲ"

ဟု ကမ်းနားလူမိုက်များကို စုံစမ်းဖော်ထုတ်၍ ဆရာ့အတွက်
လက်စားချေရန် ကြံစည်နေလေ၏။

ဤသို့ဖြင့် ၄င်းတို့သည် အိပ်စက်ကြလေရာ ညသန်းခေါင်
အချိန်တွင် ဖောင်က တစ်စုံတစ်ခုနှင့် ထိခိုက်မိသလို သိမ့်ခနဲ
ဖြစ်သွား၏။ ချွန်းသည် အိပ်စက်ရာမှ ခေါင်းထောင်လာ၏။

တစ်ပြိုင်နက်ပင် ဖောင်ပေါ်သို့ ခြေသံပြင်းပြင်းနှင့် ဝါးလုံး
များကို နင်းဖြတ်ပြေးလွှားလာသော ခြေသံများကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေကြီးတစ်စင်းသည် ဖောင်ကိုကပ်၍ လူအချို့က ဖောင်ပေါ်သို့ လက်နှိပ်ဓါတ်မီးတဝင်းဝင်းနှင့် တက်ရောက်လာကြခြင်း ဖြစ်၏။

ဘိုကေကလည်း နီးလာကာ လရောင်နှင့် ထိုသူများကို အတိုင်းသား မြင်တွေ့ပြီး

*"ဟိုက်… ပုလိပ်တွေပါလား"*

ဟု အော်ဟစ်လိုက်၏။

ထိုစဉ် ကာကီရောင်ယူနီဖောင်းဝတ် ပုလိပ်များက တဲကလေးကို ဝန်းရံကာ

*"ဖောင်နောက်ဘက်က တဲကိုလည်း ဝိုင်းထားဟေ့၊ တစ်ယောက်မှ မလွတ်စေနဲ့"*

ဟု အမိန့်ပေးသံ ထွက်ပေါ်လာ၏။ ချွန်းက အခြေအနေကို အကဲခတ်ဟန်နှင့် ငြိမ်သက်နေစဉ် ဘိုကေက…

*"ညကြီးအချိန်မတော် ကျုပ်တို့ဖောင်ပေါ်ကို ဘာကိစ္စတက်လာကြတာလဲ"*

ဟု ဟိန်းဟောက်လေရာ ပုလိပ်တစ်ယောက်က လက်နှိပ်



မီးနှင့် ထိုး၍

*"တိတ်စမ်း… သေနတ်နဲ့ ပစ်သတ်လိုက်လို့ တရားခွင်မရောက်ဘဲ အသေဆိုးနဲ့ သေသွားမယ်"*

ဟု ကြိမ်းဝါး၏။

ကျန်ပုလိပ်တစ်ယောက်က

*"စကားမရှည်နဲ့ဟေ့… ကတ်သာရွာဘက်မှာ လွန်ခဲ့တဲ့(၃)ရက်က ဖြစ်သွားတဲ့ ဓါးပြမှုနဲ့ မင်းတို့ကို မသင်္ကာလို့ ဖမ်းတာပဲ"*

ဟု ဆိုလေ၏။

ချွန်းသည် မထင်မှတ်သော အဖြစ်အပျက်ကြောင့် မိမိကို ဒုက္ခပေးရန် တစ်စုံတစ်ယောက်က သေချာစွာ အကွက်ချကြံစည်နေပြီဖြစ်ကြောင်း သဘောပေါက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝဏ္ဏသည် ဒေါသတကြီးနှင့် စားပွဲကို လက်သီးဖြင့် ထုန်းခနဲ ထုလိုက်ရာ စားပွဲထက်မှ ပုလင်းဖန်ခွက်များ၊ ဝရုန်းသုန်းကား လဲပြိုကုန်၏။

သူ၏မျက်နှာကလည်း ကြောက်မက်ဖွယ်အသွင် ဖြစ်ပေါ်နေ၏။ စိန်လျှောင်က လေသံအေးအေးနှင့်··

*"ဘာပဲဖြစ်ဖြစ် ဒီဖောင်ဦးစီးလွတ်သွားတာ အမှန်ပဲ၊ ဒီကောင်ဟာ ကံကောင်းလွန်းနေတယ်၊ ဒါကြောင့် ကျုပ်တို့ဘက်က ခေါင်းအေးအေးထား ပြီး အချိန်ယူ အကွက်ချစီစဉ်ရမယ်"*





ဟု ပြောလေ၏။

ကျော်ဝဏ္ဏသည် အတန်ကြာမျှ ငြိမ်သက်ပြီး စိတ်ကို ဖြေလျှော့ကာ

*"နောက်တစ်ခါ ထပ်ပြီးပြောစမ်းပါဗျာ၊ ဘယ်လိုကြောင့် ဒီကောင်လွတ်မြောက်သွားတာလဲ၊ အခု မိုးလင်းခါနီးနေပြီ၊ တစ်ညတည်းနဲ့ ကျုပ်တို့ရဲ့ တိုက်ပွဲက နှစ်ပွဲရှုံးနိမ့်သွားပြီ"*

ဟု ဆိုလိုက်ရာ စိန်လျှောင်က မျက်လုံးကိုမှေးစင်းပြီး ပညာ ဉာဏ်ကြီးရင့်ဟန်ပန်နှင့်

*"တိုက်ပွဲက အခုမှ စရုံရှိသေးတယ်လို့ သတ်မှတ်ရင် ကျုပ်တို့မရှုံးနိမ့်သေးပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ပွဲက ပြီးသေးတာမှမဟုတ်တာ၊ ပွဲပြီးမှ အဖြေပေါ်မှာပဲ"*

ဟု ဖြေဆိုလေ၏။

ကျော်ဝဏ္ဏက ခေါင်းညိတ်ပြီး ခြေထောက်ကို စားပွဲထက်သို့ ပစ်တင်ကာ



www.burmeseclassic.com

www.burmeseclassic.com



*"ဒီကောင့်ကို ဆော်ဖို့ အချိန်တွေအများကြီး ရှိသေးတာပဲလေ၊ နောက်ဆုံးမှာ ငါ အနိုင်ယူနိုင်ရမှာပေါ့"*

ဟု ရေရွတ်လေ၏။

စိန်လျှောင်၏ အကြံပေးချက်နှင့် ကမ်းနားလူမိုက်များ ရှုံးနိမ့်ခဲ့ပြီးနောက် ချက်ချင်းပင် ကျော်ဝဏ္ဏက ချွန်းကို ပုလိပ်ဘက်မှ ဖမ်းဆီးစေရန် အကွက်ဆင် ချောက်ချခဲ့၏။

ထို့ကြောင့်ပင် ချွန်းသည် ဘိုကေအပါအဝင် နောက်လိုက်ဖောင်သမားများနှင့်အတူ အချုပ်ခန်းအတွင်း စံမြန်းနေရ၏။

နောက်တစ်နေ့တွင်ပင် အမှုကြီးဖြစ်သောကြောင့် နယ်ပိုင်ရုံးတွင် အမှုကိုစစ်ဆေးမည်ဖြစ်၏။ ထိုသို့ရှိနေစဉ် ပုလိပ်ဘက်မှ ရာဇဝတ်ဝန်ထောက်ကလေးတစ်ဦးလည်း နယ်လှည့်ရင်း ဟုမ္မလင်း ပုလိပ်ဌာနသို့ ရောက်ရှိနေလေရာ ခါးပြများကို ညတွင်းချင်းပင် ကြည့်ရှုမည်ဟု ဆုံးဖြတ်လိုက်၏။

စိန်လျှောင်က လာဘ်ထိုးထားသော ဌာနပိုင်ရာဇဝတ်အုပ်ကလည်း ဝန်ထောက်ကလေး ရာဇဝတ်သားများနှင့် တွေ့ဆုံရန်





စီစဉ်ပေးရ၏။

ချွန်းသည် ဒဏ်ရာကြောင့် အချုပ်ခန်းနံရံကိုမှီ၍ ထား၏။ အချုပ်ခန်းအပြင်မှ ဝန်ထောက်ကလေးက တရားခံများကို ဝေ့ဝဲကြည့်ရှုပြီး ချွန်းထံတွင် အကြည့်က ရပ်တန့်သွား၏။

၄င်းက အားနည်းလှသော ဓါတ်မီးရောင်နှင့် အတန်ကြာမျှ စူးစိုက်ကြည့်ရှုပြီး မျက်နှာက အရောင်ပြောင်းကာ နောက်ပါးမှ ရာဇဝတ်အုပ်ကို

*"အဲဒီဒဏ်ရာနဲ့လူကို နှစ်ယောက်ချင်း တွေ့ချင်တယ်၊ ချက်ချင်းစီစဉ်ပါ"*

ဟု အမိန့်ပေး၏။

ရာဇဝတ်အုပ်က အံ့သြတကြီးဖြစ်သွားသော်လည်း အမိန့်အတိုင်း သူ၏အခန်းထဲတွင်တွေ့ဆုံရန် စီစဉ်ပေးပြီး

*"ဝန်ထောက်၊ အခုတရားခံက ခါးပြခေါင်းဆောင်ဖြစ်နိုင်တယ်၊ နှစ်ယောက်တည်းရှိနေမယ်ဆိုရင် ဝန်ထောက်အတွက် အန္တရာယ်ရှိနိုင်တယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေး၏။ ဝန်ထောက်ကလေးက ခေါင်းယမ်းပြီး

*"ကိစ္စမရှိဘူး"*

ဟု ပြောလေ၏။

ရာဇဝတ်အုပ်လည်း ချုန်းကို ဝန်ထောက်ကလေးနှင့် တွေ့ဆုံစေပြီး တံခါးကို အပြင်မှပိတ်၍ အခြေအနေကို အကဲခတ်၏။

အတန်ကြာလျှင် အပြုံးအရယ်နည်းလှသော ဝန်ထောက်ကလေး၏ ဟက်ဟက်ပက်ပက် ရယ်မောသံက အဆက်မပြတ် ထွက်ပေါ်လာ၏။

သူတို့နှစ်ယောက်သည် အပြန်အလှန်စကားပြောဆိုနေသော်လည်း ရာဇဝတ်အုပ်သည် သဲသဲကွဲကွဲ မကြားရချေ။

ထို့နောက်တွင်မှ ဝန်ထောက်ကလေးက ရာဇဝတ်အုပ်ကို မျက်နှာထားတင်းမာစွာနှင့်

*"အဲဒီသူတွေဟာ ရိုးရိုးသားသား ဖောင်ချ ပြီး အသက်မွေးနေတဲ့သူတွေပဲ၊ အရေးကြီးတဲ့ တရားခံ အယောက်တစ်ရာကို လွတ်မြောက်သွားတာထက် ရိုးသားတဲ့ အပြစ်မဲ့တဲ့လူတစ်ယောက်ကို မှားယွင်း*





*ပြီး မဖမ်းဆီးမိဖို့ အရေးကြီးတယ်ဆိုတာ သဘော ပေါက်တယ်မဟုတ်လား၊ ဒီကိစ္စကိုသာ ကျုပ် မှတ်ချက်ရေးပေးလိုက်ရင် ခင်ဗျားအတွက် ရာထူး တက်ဖို့ အခွင့်အလမ်း တော်တော်နည်းသွားလိမ့် မယ်၊ အခန့်မသင့်ရင် ရှိပြီးသားရာထူးကလေး တောင် ပြုတ်သွားနိုင်တယ်"*

ဟု ပြောလေ၏။

ရာဇဝတ်အုပ်သည် တစ်ကိုယ်လုံး တောင့်တင်းပြီး ဆတ်ခနဲ အလေးပြုကာ

*"အမိန့်အတိုင်း ဒီလူတွေကို ချက်ချင်းလွှတ် ပေးပါ့မယ်"*

ဟု ပြောဆိုလိုက်၏။

ချုန်းကို ဘိုကေကတွဲပြီး ထွက်ခွာရန်ပြင်စဉ် ဝန်ထောက်ကလေးက

*"မင်းကိုတွေ့ချင်တာနဲ့ အတော်ပဲ၊ ဒါပေမဲ့ ဒီလိုမျိုးတွေ့ရလိမ့်မယ်လို့ မထင်ဘူး၊ ရာဇဝတ်အုပ်*



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ကျေးဇူးတင်ရမယ်၊ အဖမ်းရခက်တဲ့ မင်းလို လူကို ငါ့ရှေ့အရောက် ဖမ်းလာခဲ့လို့၊ ကဲ ကဲ... သွားပေတော့၊ မကြာခင် မင်းဆီကို ငါ အရောက် လာခဲ့ဦးမယ်၊ မင်းနဲ့တွေ့ချင်နေတဲ့ ငါ့မိတ်ဆွေ တစ်ယောက်ကိုပါ ခေါ်လာခဲ့မယ်"

ဟု နှုတ်ဆက်လေ၏။

ချွန်းနှင့် ဝန်ထောက်ကလေးသည် ငယ်ပေါင်းများပမာ ရင်းနှီးလှန်းလှ၏။

ထိုစဉ် ဝန်ထောက်ကလေးက ရာဇဝတ်အုပ်ကို

"လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ကျုပ်ဟာ ခင်ဗျားလို ရာဇဝတ်အုပ်ဘဝနဲ့ ထမ်းသီဘက်မှာ တာဝန်ကျဖူးတယ်၊ အဲဒီအချိန်ကတည်းက ထမ်းသီ ဘက်မှာက လူကနေ ကျားဘဝကို ပြောင်းလဲသွား နိုင်တယ်ဆိုတဲ့ လူတစ်ပိုင်း၊ ကျားတစ်ပိုင်း သမန်း ကျားဆိုတာတွေကလည်း နာမည်ကြီးနေတာပေါ့၊ အဲဒီထက်ပိုပြီး အင်္ဂလိပ်အစိုးရက ဆုငွေထုတ်ထား





ရတဲ့ ဝရမ်းပြေး ဘိုကျားဆိုတာကလည်း မာတ်တော် သောင်းကျန်းနေတဲ့ အချိန်ပဲ၊ ဘိုကျားဟာလည်း ကျည်ဆန်ကို ကျားတစ်ကောင်လို ခုန်ပျံပြီး ရှောင်တိမ်းနိုင်တယ်လို့ နာမည်သတင်းကြီးနေတာ ပေါ့၊ ကျုပ်ကလည်း အဲဒီဝရမ်းပြေးကို နှိမ်နင်းမယ် လို့ ဆုံးဖြတ်ထားခဲ့တာဆိုတော့ တစ်နေ့မှာ ကျုပ်တို့ ချင်း တစ်ပွဲတစ်လမ်း အကဲစမ်းရအောင် ကြုံလာ တော့တာပဲ"

ဟု စကားစလေတော့၏။

<u>မှတ်ချက်</u> ။ ဝန်ထောက်ကလေးပြောဆိုသော ဝရမ်းပြေးဖမ်းဆီး သည့် အကြောင်းများကို ဝတ္ထု၏နိဒါန်းတွင် ဦးစွာ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

(စာရေးသူ)

ရာဇဝတ်အုပ်သည် ဝန်ထောက်ကလေး၏စကားကို တလေး



www.burmeseclassic.com

www.burmeseclassic.com



တစား နားထောင်ပြီးနောက်

"ဒါဆိုရင် အဲဒီတုန်းက ဘိုကျားကို လက်ရဖမ်းဆီးပေးခဲ့တဲ့ လူငယ်ဟာ အခုလွှတ်ပေးလိုက်တဲ့ ဖောင်ဦးစီးလို့ ဆိုလိုတာလား"

ဟု မေးမြန်းလေ၏။

ဝန်ထောက်ကလေးက ရွှေကိုင်းမျက်မှန်ကို ချွတ်၍ မှန်ကို အဝတ်တစ်စနှင့် ပွတ်သပ်ကာ

"ဟုတ်တယ်၊ သူဟာ ဘိုကျားကိုဖမ်းဆီးဖို့ ကျုပ်ရှိရာ ထမံသီဂါတ်တဲကို လူကြုံနဲ့ စာပေးလိုက်တယ်ဆိုတာလည်း နောင်မှသိရတယ်၊ သူ့ဘဝက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်၊ သူဟာ ထမံသီနဲ့ မဝေးတဲ့ရွာကလေးတစ်ရွာမှာ မိခင်ကြီးနဲ့ အဖော်ပြုပြီး နေထိုင်ခဲ့တယ်၊ မိခင်ကြီးကလည်း သူ့ကို မော်လိုက်မှာ ကျောင်းထားပေးပြီး (၇)တန်း အထိ ပညာသင်ကြားစေခဲ့တယ်၊ (၇)တန်းအောင်တဲ့ နှစ်မှာပဲ သူ့ရဲ့မိခင်ကြီးဟာ နောက်အိမ်ထောင်





ပြုခဲ့တဲ့အတွက် သူဟာ ကျောင်းကထွက်ပြီး စိတ်လေလေနဲ့ တောနက်ထဲမှာသာ အချိန်ကုန်ခဲ့တယ်၊ အဲဒီတုန်းက ကျုပ်နဲ့တွေ့ဆုံခဲ့တာပေါ့၊ နောက်ပိုင်းမှာ သူဟာ ရပ်ရွာကိုပါစွန့်ခွာပြီး စစ်တပ်ထဲကို ဝင်ခဲ့တယ်၊ မေမြို့ (ပြင်ဦးလွင်)က စစ်တပ်မှာ တာဝန်ထမ်းဆောင်နေတုန်း ကျုပ်နဲ့ မန္တလေးမှာ တွေ့ဆုံခဲ့ကြတယ်၊ တပ်မှာ (၃)နှစ် တာဝန်ထမ်းပြီး မျက်နှာဖြူ အရာရှိတစ်ယောက်ကို ကိုယ်ထိလက်ရောက်ကျူးလွန်မှုနဲ့ တပ်က ထုတ်ပယ်တာကို ခံလိုက်ရပြန်တယ်၊ သူဟာ အဲဒီအချိန်မှာ မော်လိုက်မှာ ကျောင်းနေစဉ်ကတည်းက သူငယ်ချင်းအဖြစ် သံယောဇဉ်ရှိခဲ့တဲ့ မိန်းကလေးတစ်ဦးနဲ့ မေတ္တာမျှနေပြီဖြစ်တယ်၊ အဲဒီမိန်းကလေးကလည်း မန္တလေးမှာ သူနာပြုသင်တန်းတက်နေတုန်းပဲဖြစ်တယ်၊ မိခင်ကြီးကတော့ သူတပ်ထဲမှာ ရှိစဉ်ကတည်းက သေဆုံးသွားခဲ့ပြီဖြစ်လို့ သူ့



www.burmeseclassic.com

အတွက် နောက်ဆံတင်းစရာမရှိတော့ဘဲ ချစ်သူနဲ့ ပေါင်းဖက်ဖို့အတွက် စီးပွားရှာဖို့ စိုင်းပြင်းရပြန်တယ်၊ တပ်ကထွက်ပြီးနောက်ပိုင်းမှာ ဥယျာဉ်ချောင်း တစ်လျှောက် သွားလာရင်း ကံအကျိုးပေးမကောင်းတဲ့အတွက် ဥစ္စာခေနတွေ မဖြစ်ထွန်းခဲ့ပါဘူး၊ နောက်ဆုံးမှာ တတ်နိုင်သလောက် ကိုယ်ပိုင်ငွေကလေးနဲ့ သစ်ဖောင် ဝါးဖောင်ချတဲ့အလုပ်ကို လုပ်နေတော့တာပဲ၊ ကျုပ်ဟာ သူနဲ့ မုံရွာမှာ တစ်ခါ တစ်ခါ ဆုံတတ်ပါသေးတယ်၊ ဒီလောက်ဆိုရင် ဘာကြောင့် သူ့ကိုလွှတ်ပေးလိုက်တယ်ဆိုတာ သဘောပေါက်မှာပါ"

ဟု ပြောလေ၏။

ရာဇဝတ်အုပ်သည် စိတ်တွင်းမှကြိတ်၍ သူ့ကို လာဘ်ထိုးပြီး အမှုဆင်ဖမ်းဆီးခိုင်းသော တရုတ်ဘိန်းစား စိန်လျှောင်ကို ကျိန်ဆဲမိ၏။

စိန်လျှောင်နှင့် ညတွင်းချင်းတွေ့၍ အဖြစ်မှန်ကို ပြောပြကာ





"မင်း ဘာကြောင့် အဲဒီဖောင်ဦးစီးကို ဒုက္ခပေးမလို့ ကြံစည်တာလဲဆိုတာ ငါမသိဘူး၊ ဒါပေမဲ့ မင်းကြောင့် ငါကံကောင်းလို့ အလုပ်မပြုတ်တာကွ"

ဟု ကြိမ်းဝါးလိုက်တော့၏။

စိန်လျှောင်သည် အဖြစ်အပျက်အားလုံးကို ကျော်ဝဏ္ဏထံ သတင်းပေးပြီးနောက် အာခြောက်သွားဟန်နှင့် အရက်ခွက်ကို မော့လိုက်၏။

ကျော်ဝဏ္ဏကမူ မျက်လုံးမှိတ်လျက်သားနှင့် မေးကြောကြီးများ ထောင်အောင် အံကြိတ်ထား၏။ သူသည် မိမိ၏ရန်သူက မည်မျှပင် အစွမ်းထက်၍ ကံကောင်းပါစေ၊ ငွေကြေးဖြင့် အရာအားလုံးကို အနိုင်ယူနိုင်မည်ဟု ယုံကြည်နေဆဲသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်လျှင် ဝန်ထောက်ကလေးသည် သူ၏စကားအတိုင်း မြစ်ကမ်းပါးတစ်ဖက်တွင် ဆိုက်ကပ်ထားသော ချွန်း၏ဖောင်သို့ ရောက်ရှိလာ၏။

ငင်းနှင့်အတူ အသက် (၄၀) ကျော်ခန့်ရှိမည့် လူကြီး တစ်ယောက်ပါ လိုက်ပါလာ၏။ ထိုလူကြီးမှာ အညာသားကြီး တစ်ယောက်လို ပင်နီချည်ကြမ်းအကျီနှင့် နှစ်နံ့စပ်ပုဆိုးကို ဝတ်ဆင်ကာ ခေါင်းတွင်လည်း တဘက်တစ်ထည်ကို ပေါင်းထား သေး၏။





လေးထောင့်ကျကျ မျက်နှာတွင် မုတ်ဆိတ်ကျယ်စွယ်တို့က လည်း နီကျင်ကျင်ရှိနေချေပြီ။ ပါးစောင်တစ်ဖက်တွင် ကွမ်းကို အပြည့် ငုံထားပြီး ခင်မင်နှစ်လိုဖွယ်ရာဟန်ပန်ရှိ၏။

ဝန်ထောက်ကလေးက ထိုလူကြီးကို ချွန်းနှင့်မိတ်ဆက် ပေး၏။

"ဟောဒါက ဓါတ်သတ္တုအကြောင်း လေ့လာ နေတဲ့ အငြိမ်းစား ဘူမိဗေဒ ပညာရှင်တစ်ယောက်
ဂဏ်။
ပဲ၊ ကာလကတ္တားတက္ကသိုလ်မှာ သမုဒ္ဒရာပိုင်းနည်းပြ လည်း လုပ်ခဲ့ဖူးသေးတယ်၊ ဦးမြချစ်လို့ခေါ်ပေမဲ့ ကျုပ်ကတော့ ရင်းရင်းနှီးနှီးပဲ ဆရာချစ်လို့ခေါ် တယ်"

ချွန်းသည် ပညာရှင်ဖြစ်သော်လည်း ရိုးရိုးကုတ်ကုတ်နေ တတ်သော ဦးမြချစ်ကို ရုတ်ခြည်းပင် လေးစားသွားမိ၏။

ဆရာချစ်က ခေါင်းညိတ်ပြီး ချွန်းကို

"ဝန်ထောက်ကလေးက မောင်ရင့်အကြောင်း တွေကို ပြောပြထားလို့ သိပြီးပါပြီ၊ ဒီခရီးစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



*ကျုပ်က ဝန်ထောက်ကလေးနဲ့အတူ လိုက်ပါလာပေမဲ့ ရည်ရွယ်ချက်ချင်း မတူပါဘူး၊ သူက အစိုးရကိစ္စနဲ့ သွားလာရင်း ခရီးကြုံလို့ အတူရောက်လာကြတာပါ၊ ဒါပေမဲ့ ဝန်ထောက်ကလေးရဲ့ကျေးဇူးကြောင့် မောင်ရင်နဲ့တွေ့ရတာပဲ"*

ဟု ပြောလေ၏။ ချွန်းက

*"ကျုပ်ကိုတွေ့ဆုံချင်တာ အကြောင်းရှိပြီထင်တယ်..."*

ဟု မေးမြန်းလေရာ ဝန်ထောက်ကလေးက

*"ဟုတ်တယ်၊ ဆရာချစ်အတွက် အခုလောလောဆယ် ယုံကြည်စိတ်ချရပြီး စွန့်စားရဲတဲ့ မိတ်ဆွေတစ်ယောက် လိုအပ်နေတယ်"*

ဟု ပြောဆိုလေ၏။

ထိုအခိုက် ဘိုကေသည် ဆိပ်ကမ်းသို့တက်သွားလေရာ ကျန်ရစ်သော ကိုအောင်ဘက အကြမ်းအိုးနှင့် ငါးခြောက်ဖုတ်တို့ကို စီစဉ်ပြီး လာပို့လေ၏။





ချွန်းသည် ဧည့်သည်နှစ်ဦးနှင့် အချိန်အတန်ကြာမျှ စကားပြောဆိုပြီးနောက်

*"ဆရာချစ်တို့လည်း အချိန်ရသေးတာပဲ၊ ဒီကြားထဲ ကျုပ် သေသေချာချာ စဉ်းစားပြီး (၃) ရက်အတွင်း အကြောင်းပြန်ပါ့မယ်"*

ဟု ကတိပေးလိုက်၏။

ချွန်းသည် ဖောင်တွင် ဧည့်သည်များနှင့် တွေ့ဆုံနေစဉ် ဘိုကေမှာမူ ဟုမ္မလင်းဆေးရုံသို့ ရောက်ရှိလာ၏။

၄င်းသည် သူနာပြု ဆရာမလေး ယမုံကိုရှာဖွေပြီး ဆေးရုံရှေ့ရှိ ကာကာဆိုင်သို့ခေါ်ကာ

*"ကျုပ်ရဲ့အာစရိတော့ ဖောင်ပေါ်မှာ ဒဏ်ရာရပြီး ပက်လက်လန်နေပြီ"*

ဟု သတင်းပေးလိုက်၏။

ယမုံသည် မျက်လုံးကလေးဝိုင်း၍ ရင်ဘတ်ကို လက်နှင့်ဖိကာ၊

*"ဘာဖြစ်တာလဲရှင်၊ မနေ့ညက ကျွန်မနဲ့*



www.burmeseclassic.com

ကွေ့ပြီး ပြန်သွားတာပဲ”

ဟု ရေရွတ်လေရာ ဘိုကေသာ လက်ကာပြပြီး

“သိပ်စည်းမစဉ်းစားပါနဲ့ ဝဲ ဝဲ... ကျွန်ုပ်ရဲ့ အစ်ကို အသက်ပြင်းပါတယ်၊ မနေ့က ဆရာမလေးဆီကအပြန် မိုးမှုန် လေမုန်တိုင်း ဖြစ်လာတယ် ထင်ပါရဲ့ဗျာ၊ တောင်ပေါ်က လှမ်းအောက်မှာ မြေချော်ပြီး ဝါးရုံပင်နဲ့ ရှုံ့သွားတာပါ၊ ဒါကြောင့် ခေါင်းဆက်မှန်ကိုမှုတ် ရမ်းဆိုင်းသွားတယ်ဆိုတဲ့အကြောင်း အစ်ကိုက အမှာပါးနိုင်းလို့ပါ”

ဟု ဖိုးဖိုးဖိဖိ ပြောဆိုလေ၏။

ယမုံက သက်ပြင်းချ၍

“တော်ပါသေးရဲ့ရှင်၊ ကျွန်မက အမှုရှာယ် တစ်ခုခုနဲ့ ကြုံသလားလို့ပါ၊ ညနေ ကျွတ်ပြီးရင်တော့ သွားကြည့်လိုက်မယ်လို့ ပြောပေးပါရှင်”

ဟု ဆိုလေ၏။

ဘိုကေသည် ယမုံနှင့် စကားပြောနေစဉ် မလှမ်းမကမ်းရှိ





သစ်ပင်ကျွယ်မှ လှုပ်ခတ်သောသံက သူတို့ကို စူးစိုက်ကြည့်နေသည်ကို ရုတ်တရက် မြင်တွေ့လေ၏။

ထို့ကြောင့် ငှင်းက

“အာ... ထိုကလှုပ်ကြည့်နေတာ မဲ့ပေသေး ဘွား သူ့ကို သိသလား”

ဟု ယမုံကို မေးမြန်း၏။ ယမုံက ချက်ချင်းကြည့်ပြီး ခေါင်းညိတ်၍

“သိပါတယ် ဟို တရုတ်သမီးတောကိုလှုပ် ပြောတာမဟုတ်လား ညတောင် အတွင်း ဒက်ရှာရေးတာ့ ဆိပ်ကမ်းလူနှိပ်စက်သောကို ဆောင့်လာလို့သွားသေးတယ်”

ဟု အမေပြောသေး၏။ ထိုအခါ ဘိုကေက မျက်မှောင်ကြုတ်ပြီး စိတ်တွင်း၌

“ဒါဟာ ဝါးအစရှိ ညက ချိန်းအတွက် သိရှုစ်ကြွံနိုင်တယ်”

ဟု တွေးမိလေ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာလျှင် ဘိုကေသည် လူစည်ကားရာ ဆိပ်ကမ်းမှဖြတ်၍ လူတစ်ယောက်၏နောက်သို့ နောက်ယောင်ခံကာ လိုက်သံလျက်ရှိ၏။

ရှေ့မှ တရုတ်ဘိန်းစားမှာမူ ခပ်သုတ်သုတ်သွားလာပြီး ကမ်းနားလမ်းပေါ်ရှိ အိမ်ကြီးတစ်အိမ်သို့ ဝင်ရောက်သွားလေ၏။

မကြာမီ ဘိုကေသည် ထိုအိမ်ကြီး၏ပိုင်ရှင်မှာ သစ်ကိုယ်စားလှယ် ကျော်ဝဏ္ဏဟူ၍ စုံစမ်းထောက်လှမ်းမိပြီး ဖြစ်၏။ ထို့ကြောင့် အပြန်လမ်းတွင် လေကလေးတချွန်ချွန်နှင့်ရှိကာ

*"မထင်မှတ်ဘဲ သဲလွန်စရလိုက်တာပဲ၊ မနေ့ညက အဖြစ်အပျက်တွေဟာ တစ်ယောက်ယောက်က သေသေချာချာ အကွက်ချစီစဉ်တာလို့ အာစရိက ပြောခဲ့ဖူးတာပဲ၊ ဆေးရုံရောက်နေတဲ့ ကမ်းနားလူမိုက်နဲ့ တရုတ်ဘိန်းစားက ပတ်သက်နေတယ်၊ တရုတ်ဘိန်းစားဟာ သူဌေးကျော်ဝဏ္ဏအိမ်မှာ အဝင်အထွက်စိပ်နေတယ်ဆိုတာလည်း သတင်းရ*





*ပြီးပြီဆိုတော့ သူဌေးကျော်ဝဏ္ဏကို ဆက်ပြီးစုံစမ်းရင် တစ်ခုခုတော့သိရမှာပဲ၊ ငါတို့အတွက် အလုပ်မဖြတ်လောက်ဘူး"*

ဟု ရေရွတ်လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် ဒဏ်ရာကြောင့် အနားယူနေလေရာ ယမုံက နေ့စဉ်လာရောက်ပြီး စားသောက်ဖွယ်ရာများ၊ ဒဏ်ရာများကို စစ်ဆေး၍ ပြုစုကုစား၏။

ဘိုကေကမူ ဟုမ္မလင်းဘက်သို့ကူးပြီး တစ်နေကုန် အလည်အပတ် ထွက်နေတတ်၏။

သုံးရက်မြောက်တွင် ယမုံသည် ခါတိုင်းလို ရွှင်ရွှင်ပြပြမရှိဘဲ ဖြစ်နေလေရာ ချွန်းက

*"ဘာဖြစ်လို့လဲ ယမုံ၊ မင်းမှာ စိတ်ထိခိုက်စရာ တစ်ခုခုရှိနေပုံပဲ"*





ဟု မေးမြန်းလေ၏။

ယမုံက သက်ပြင်းချ၍

*"အမေ ဒီရက်ပိုင်း တစ်မျိုးဖြစ်နေတယ်၊ အစ်ကိုကို သိပ်ပြီးလိုလားပုံမရတော့ဘူး"*

ဟု ဆိုလေရာ ချွန်းက မျက်မှောင်ကြုတ်ပြီး

*"ဘာကြောင့်လဲ၊ အခုတစ်ခေါက် မင်းရဲ့ဖခင်နဲ့အစ်ကို မတွေ့ရသေးဘူး၊ အရင်တစ်ခေါက်ကတော့ သူ့အတွက် မုံရွာက အကောင်းစားဆေးတံသောက်ဆေးတွေဝယ်ပြီး လက်ဆောင်ပေးတော့ ကြည်ကြည်ဖြူဖြူရှိပါတယ်"*

ဟု ပြောလေ၏။

ယမုံသည် နောက်ကိုကျိုမြစ်ရေပြင်ကို အကြောင်းမဲ့ ရှုးစိုက်ကြည့်ပြီး ခေါင်းကလေးရမ်းကာ

*"အရင်ကတော့ ယမုံနဲ့ အစ်ကိုတို့ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာကို သိပြီး မသိသလို နေပေးနေပေမဲ့ အခုရက်ပိုင်းတော့*



www.burmeseclassic.com

www.burmeseclassic.com



*ငွေအကြောင်းပဲပြောပြီး အစ်ကိုလို ဖောင်သမား
တစ်ယောက်ကိုယူမိရင် ယမုံ အများကြီးမှားလိမ့်
မယ်၊ ဆင်းရဲတွင်းထဲရုန်းချသလို ဖြစ်လိမ့်မယ်ဆိုတာ
တွေချည်း ပြောနေတော့တာပဲ"*

ဟု ပွင့်ပွင့်လင်းလင်းပြောဆို၏။ ချွန်းသည် အတန်ကြာမျှ
ငြိမ်သက်ကာ ဟက်ခနဲရယ်၍

*"ဒီအတွက် မပူပါနဲ့ကွယ်၊ အစ်ကိုကြိုးစားနေ
ပါတယ်၊ စုဆောင်းထားလေးတွေလည်း ရှိပါ
တယ်၊ ယမုံ့အဖေ ကျေနပ်လောက်တဲ့အထိ စီးပွား
ဥစ္စာပြည့်စုံအောင်လုပ်ပြီးမှ ယမုံကို လက်ထပ်
မှာပါ၊ အစ်ကို့ဓာတိ ထမ်သီဘက်မှာ မိဘအမွေ
ဖြစ်တဲ့ မြေယာတွေကို ဖော်ထုတ်ပြီး လက်ယာ
စိုက်မယ်၊ နွားနောက်တွေမွေးမယ်၊ အဲဒီဟာတွေ
အကောင်အထည်ဖော်ဖို့ တစ်နှစ်လောက်ပဲ သည်းခံ
စောင့်ပါ"*

ဟု နှစ်သိမ့်လေ၏။ ယမုံက ချွန်း၏ရင်ခွင်အတွင်း တိုးဝင်





ကာ

*"ဘာကြောင့်မှန်းတော့မသိဘူး၊ ယမုံတော့
မကြာခင် မကောင်းတာတစ်ခုခု ကြုံတွေ့လာတော့
မယ်လို့ ထင်နေတယ်"*

ဟု ဆိုလေရာ ချွန်းက ယမုံ၏ နက်မှောင်သော ဆံပင်တို့ကို
ပွတ်သပ်ပြီး

*"မမြင်ရတဲ့အရာတွေကို တွေးပြီးမကြောက်နဲ့၊
ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်တယ်၊ အစ်ကိုနဲ့
ယမုံ တစ်နေ့မှာ မလွဲမသွေ လက်ဆက်ရမယ်၊
ဒါပဲ"*

ဟု ပြောလိုက်တော့၏။

ချွန်းက နိုင်နိုင်မာမာ ပြောဆိုလေရာ ယမုံလည်း စိတ်
သက်သာရာရသွား၏။

ထို့နောက် ယမုံသည် မြို့စွန်ရှိ သူမ၏အိမ်ကလေးသို့ရောက်
လျှင် မထင်မှတ်သောမြင်ကွင်းတစ်ခုက ဆီးကြိုနေသည်ကို တအံ့
တသြ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးသည် လူတစ်စုနှင့် အရက်ဝိုင်းဖွဲ့နေလေ၏။ ထိုလူစု ထဲတွင် သူဌေးကျော်ဝဏ္ဏပါ၏။ တရုတ်ဘိန်းစားပါ၏။ ဗိုက်ရွဲရွဲ၊ မျက်နှာဖောင်းဖောင်းနှင့် အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည့် တရုတ်လူမျိုး လူစိမ်းတစ်ယောက်ပါ၏။

ယမုံသည် ဖခင်နှင့် ကျော်ဝဏ္ဏတို့ မည်ကဲ့သို့ ရင်းနှီးကျွမ်းဝင် သွားသည်ကို မခန့်မှန်းနိုင်အောင်ရှိနေစဉ် ဖခင်က

*"သမီး လာပါ၊ အဖေ အရက်ဝိုင်းဖွဲ့နေတာ ခွင့်လွှတ်ပေတော့၊ ဟောဒီက လူကြီးလူကောင်း တွေနဲ့ဆိုတော့ ဝုဏ်ငယ်စရာလည်းမရှိပါဘူးလေ"*

ဟု ဆိုလေ၏။

ယမုံသည် မျက်လွှာချ၍ ဖခင်အနီးတွင် ကျုံ့ကျုံ့ကလေး ထိုင်လေရာ ကျော်ဝဏ္ဏက ရယ်မောပြီး

*"ဦးဘတူကလည်း ပြောရော့မယ်၊ မကြာ ခင် ဦးဘတူတို့ မိသားစုလည်း ချမ်းသာလာတော့ မှာ မဟုတ်လား"*

ဟု ပြောလေ၏။





ယမုံ၏ဖခင်ဖြစ်သူ ဦးဘတူသည် မျက်နှာကြီးဝင်းထိန်၍ အနောက်တိုင်းဝတ်စုံနှင့် တရုတ်ထံ လက်ညှိုးညွှန်ပြီး

*"ဟောဒီက ကျုပ်ရဲ့မိတ်ဆွေကြီး မစ္စတာ တန်နဲ့ ပြန်တွေ့လိုက်ရတာ ကျုပ်အတွက် အိုင်ယာ လန် ထီဆုကြီး ပေါက်သလိုပါပဲဗျာ"*

ဟု ဆိုလေ၏။

မစ္စတာတန်ဟူသော တရုတ်ကြီးမှ တဟဲဟဲရယ်မောရင်း မည်သည့်စကားမျှမဆိုဘဲ ယမုံကိုသာ မျက်လုံးကျွတ်မတတ် ကြည့်ရှုနေလေ၏။

ကျော်ဝဏ္ဏသည်လည်း ထိုအဖြစ်ကိုရိပ်မိကာ မစ္စတာတန်၏ ခွက်ထဲသို့ အရက်ငှဲ့ပေးပြီး

*"ကဲ ကဲ... အားလုံးပဲ ကျုပ်တို့ရဲ့ ရင်ကွဲ တောင် ခရီးကြမ်းမှာ ချောချောမောမောနဲ့ အောင် မြင်ဖို့ ဆုတောင်းလိုက်ကြစို့"*

ဟု ပြောလိုက်တော့၏။

ယမုံသည် ထိုညက ကောင်းစွာ အိပ်စက်မပျော်ချေ။ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု ပြောဆိုသွားသည့် ရင်ကွဲတောင်ခရီးဟူသည်က သူမ၏စိတ်ကို ပူပန်မှုဖြစ်စေ၏။

ထိုခရီးသည် ဥယျာဉ်ချောင်းများမှတစ်ဆင့်သွားရပြီး ရွှေကြော ရှာဖွေမည်ဟု သိရ၏။

ဖခင်ဖြစ်သူ ဦးဘတူသည် ယခင်က သစ်တော်ဘက်တွင် လုပ်ကိုင်ခဲ့ဖူးလေ၏။

ထိုစဉ်က သစ်ကိုယ်စားလှယ်ဖြစ်သူ သူဌေးမစ္စတာတန်နှင့် လည်း ရင်းနှီးခဲ့သည် ဆို၏။

ထို့ကြောင့်ပင် မစ္စတာတန်က ခရီးလမ်းကျွမ်းကျင်သူ ဦးဘတူအား အဖွဲ့ဝင်အဖြစ်လိုက်ပါရန် စည်းရုံးခဲ့၏။

ထိုခရီးသာအောင်မြင်ပါက ဦးဘတူအတွက် ကြွယ်ဝ ချမ်းသာစေရမည်ဟုလည်း မက်လုံးပေးထား၏။

ယမုံသည် ဖခင်အား ထိုခရီးစဉ်တွင်မလိုက်ပါရန် ကန့်ကွက် လေရာ ဦးဘတူက

*"ဒီလောကကြီးမှာ သမီးနဲ့အဖေ နှစ်ယောက် ပဲရှိတော့တယ်၊ အဖေက အသက်ကြီးပါပြီ၊ အဖေ မသေခင် ငါ့သမီးကို ချမ်းချမ်းသာသာနေတာ မြင် သွားချင်တယ်၊ အမေ့ကိုမတားနဲ့၊ အခုကိစ္စက အဖေတို့အတွက် ကံကောင်းဖို့ဖြစ်လာတယ်လို့ မှတ်ပေတော့၊ မစ္စတာတန်က အဖေ့အပေါ် ဘယ် လောက်တောင် မိတ်ဆွေကောင်းပီသသလဲ၊ သူဌေး လေး ကျော်ဝဏ္ဏကရော ဘယ်လောက်တောင် သဘောကောင်းသလဲဆိုတာ အဖေသိတယ်၊ ရင်ကွဲတောင်ခရီးမှာ လူအင်အား၊ လက်နက် အင်အား အပြည့်အစုံနဲ့သွားမှာပဲ၊ ဘာမှစိုးရိမ်စရာ မရှိဘူး"*

ဟု ပြောလေ၏။

ဖခင်ကြီးကမူ ထိုညအတွက် ရွှေပုံကြီးကို ဖက်တွယ်ထားရ သည်ဟု အိပ်မက်မြင်မက်နေမည်သာ ဖြစ်၏။







www.burmeseclassic.com

၃

ဦးမြချစ်ခေါ် ဆရာချစ်သည် တည်ငြိမ်သော မျက်နှာသွင်ပြင်နှင့် သောင်ပြင်အတိုင်း လျှောက်လှမ်းလျှောက်ရှိ၏။

နံဘေးမှ ချွန်းကလည်း တောက်ပဝင်းအေးစွမ်းကြောင့် လက်ကိုင်တုတ်ကို အားပြုပြီး ဖြည်းညှင်းစွာ သွားလာနိုင်သော အခြေအနေရှိနေ၏။

ထို့နောက် ဆရာချစ်က ချွန်းနှင့် မျက်နှာချင်းဆိုင်ကာ

"ကျွပ်ပြောတဲ့ကိစ္စကို ထပ်ပြီးရှင်းပြချင်တယ်။ မှတ်မှတ်ထင်ထင်ပြောရရင် ကျွပ်အနေနဲ့





စွန့်စားချင်တဲ့စိတ်ကြောင့်သာ ဒီခရီးစဉ်ကို စီစဉ်ခဲ့ပေမဲ့ နယ်မြေဒေသအကြောင်း ဘာမှမသိဘူး။ ကျွပ်လို ပညာရှင်တစ်ယောက်အနေနဲ့ လာပြီး ညှိနှိုင်းအကော်ပြုတဲ့လူတွေကိုလည်း အခုအချိန်မှာ သိသာဖြစ်နေပြီ၊ သူတို့ဟာ လောဘကြောင့် ဘာမဆိုလုပ်မဲ့သူတွေဆိုတာလည်း ရိပ်မိနေပြီ၊ ကျွပ်ဟာ ဝါသနာအရ နိုင်ငံအတွက် အကျိုးရှိမဲ့အလုပ်တွေကလွဲပြီး ငွေကြေးကို တန်ဖိုးမထားခဲ့ပါဘူး။ တတ်ကျွမ်းထားတဲ့ပညာကို အသုံးပြုပြီး လူသားလုံးရဲ့ ကောင်းကျိုးဆောင်ဖို့ သစ္စာပြုထားသူပါ"

ဟု ပြောလေ၏။ ချွန်းက ဆရာချစ်ကို ပြန်လည်စူးကြည့်ကာ

"ကျွပ်အတွက်ကတော့ ပေါ်ဒီကောင်သားဟာ ဘဝနဲ့ အသက်မွေးနေတာထက်စာရင် ကျွန်တဲ့အရာမှန်သမျှ စွန့်စားတယ်လို့တောင် သတ်မှတ်ထားတာ မဟုတ်ပါဘူး။ ကျွပ်တို့ အခုဆောင်ရွက်လာတဲ့ခရီး



www.burmeseclassic.com
www.burmeseclassic.com

ဟာ လန့်ချီပြီး လှိုင်းတံပိုးထန်တဲ့၊ မာယာများတဲ့ မြစ်ပြင်ကျယ်မှာ နေ့စဉ် အသက်လုသွားလာနေရတာပါ၊ ဆရာချစ်ပြောတဲ့ ခရီးစဉ်ကို ကျုပ်လည်း မကျွမ်းကျင်ပါဘူး၊ ဥယုချောင်းဖျားမှာ နှစ်အတော်ကြာ ကျင်လည်ခဲ့ပေမဲ့ အဲဒီလို ခက်ခဲကြမ်းတမ်းတဲ့ နေရာတွေအထိ မရောက်ခဲ့ပါဘူး၊ နောက်တစ်ခု ပြောချင်တာက အဲဒီရင်ကွဲတောင်ခရီးဆိုတာ ဟိုးနှစ်ပေါင်းများစွာကတည်းက ဒေသခံတွေရဲ့အဆိုအရ မပြန်လမ်းလို့ ကြားခဲ့ဖူးတယ်၊ ကျုပ်က ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ပေမဲ့ ဒီလို ခရီးကြမ်းမှာ အခြားသူတွေရဲ့အသက်ကို အရေးကြုံရင် ကျုပ် မစောင့်ရှောက်နိုင်မှာ စိုးရိမ်တယ်၊ ကျုပ်ယူထားရတဲ့ တာဝန်ကို မကျေပြွန်မှာစိုးတယ်၊ ဒါကြောင့် ဆရာချစ်ရဲ့တောင်းဆိုမှုကို ငြင်းပယ်ခဲ့တာပါ"

ဟု ရှည်လျားစွာ ရှင်းပြလေ၏။ ဆရာချစ်က ကွမ်းသွေးကို





ပစ်ခနဲ ထွေးပြီး

"လူ့အသက်ဆိုတာ ကံစီမံရာအတိုင်းပါပဲ၊ ကျုပ်ကတော့ ပျောက်ကွယ်နေတဲ့ အဖိုးတန်သတ္တုတွေ၊ ရတနာတွေကို ရှာဖွေပြီး နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲ ရှိပါတယ်၊ မောင်ရင် ထပ်ပြီး စဉ်းစားပါ၊ ကျုပ်တို့နိုင်ငံ လွတ်လပ်ရေးရပြီဆိုတာနဲ့ ဒီအရာတွေက အသုံးဝင်လာမှာ၊ လူအချို့က အသက်စွန့်ပြီး လွတ်လပ်ရေးအတွက် ကြိုးစားတိုက်ပွဲဝင်နေတဲ့ အချိန်မှာ ကျုပ်တို့ကလည်း အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားသင့်တယ်"

ဟု ပြောကာ မျိုးချစ်စိတ်ဓါတ်ကို တစ်စွန်းတစ်စ ဖွင့်ဟသွား၏။

ချွန်းသည် အတန်ကြာမျှ ငြိမ်သက်ပြီးနောက် ခေါင်းကို ပေတ်ခနဲညိတ်ပြီး

"အင်း... ကျုပ်လူတွေတော့ အလုပ်လက်မဲ့

ဖြစ်ကြတော့မယ်ထင်တယ်၊ သူတို့နဲ့ တိုင်ပင်ရမယ်၊ ကဲ... ဆရာချစ်၊ ကျုပ်တို့ ဖောင်ဆီကို ပြန်ကြရအောင်ဗျာ''

ဟု ပြောလိုက်တော့၏။ ဖောင်သို့ရောက်လျှင် ချွန်းက ဖောင်သမားများကို

''ကျုပ်အတွက် မထင်မှတ်ဘဲ ဒီခရီးစဉ်ကို ဖျက်သိမ်းဖို့ အကြောင်းဖန်လာတယ်၊ ဖောင်ချလာတဲ့ ဝါးတွေကိုတော့ ဒီကကုန်သည်တွေဆီမှာပဲ ဒေသပေါက်ဈေးအတိုင်း ရောင်းရတော့မယ်''

ဟု ပြောဆိုလေ၏။

ဖောင်သမားများသည် လှုပ်လှုပ်ရှားရှား ဖြစ်ကာ ကိုအောင်ဘက

''ဒါဆိုရင် တို့က ဘယ်လိုလုပ်ရမလဲ''

ဟု မေးမြန်းလေရာ ကျွန်တစ်ယောက်ကလည်း

''ကျုပ်တို့က ဒီအလုပ်ကိုမှီခိုပြီး လုပ်ကိုင်စားနေတာပါ''





ဟု ဆိုပြန်၏။

ချွန်းက လက်ကာပြ၍

''ကျုပ်ပြောထားတဲ့အတိုင်း ခရီးစဉ်အစအဆုံးအတွက် လုပ်အားခငွေကို ပေးမှာပါ၊ နောက်တစ်ခုက ဒီခရီးကိုဖျက်လိုက်ပေမဲ့ တခြားကုန်းလမ်းခရီးတစ်ခုကို သွားရဦးမယ်၊ အဲဒီခရီးဟာလည်း အသက်အန္တရာယ်အတွက်ကတော့ ဘာမှအာမခံချက် မပေးနိုင်ပါဘူး၊ ခရီးစဉ်သာ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ရင် အားလုံးအတွက် မက်လောက်စရာ ငွေကြေးတွေ ပိုင်ဆိုင်ရနိုင်ပါတယ်၊ ခင်ဗျားတို့ဟာ ကျုပ်နဲ့အတူ သေဖော်ရှင်ဖက် လက်တွဲခဲ့ပြီး ရိုးသားတယ်လို့ ယုံကြည်တဲ့အတွက် ကျုပ်ရဲ့ခရီးစဉ် အသစ်မှာ စိတ်ပါဝင်စားရင် လိုက်ပါနိုင်ပါတယ်''

ဟု ပြောလိုက်လေ၏။ ဘိုကေက ရင်ကိုကော့ပြီး လက်ထောင်ကာ

''အာစရိသာပါမယ်ဆိုရင် ငရဲလမ်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



*သွားရဲပါတယ်"*

ဟု ဆိုလေ၏။

ကိုအောင်ဘကလည်း

*"ကျုပ်လည်း ခရီးစဉ်အသစ်ကို ဘာမှ သေသေချာချာ မသိရသေးပေမဲ့ ချွန်းကိုယုံကြည်တဲ့အတွက် ကျရာတာဝန်ထမ်းဖို့ အသင့်ပါပဲ"*

ဟု ပြောလေ၏။

ကျန်ဖောင်သမားများကမူ ချင်းတွင်းကို စွန့်ခွာ၍မသွားလိုဟန်နှင့် ငြိမ်သက်နေကြ၏။

ထို့ကြောင့်ပင် ချွန်းက ထိုသူများအတွက် လုပ်ခငွေကို ရှင်းပေးကာ တခြားဖောင်များတွင် လိုက်ပါလိုလျှင် လည်းကောင်း၊ ဇာတိရပ်ရွာသို့ ပြန်လိုလျှင်လည်းကောင်း သဘောကျပြုလုပ်ရန် ခွင့်ပေးလိုက်တော့၏။

ထိုအခါ ဆရာချစ်က ချွန်း၏ပခုံးပေါ် လက်တင်၍ပြုံးကာ

*"ကျုပ်အတွက် တကယ့်ကိုဝမ်းသာစရာကောင်းတဲ့ ဆုံးဖြတ်ချက်ပါပဲ၊ ရင်ကွဲတောင်ခရီး*



*အတွက် သက်ဆိုင်တဲ့လူတွေအားလုံး တွေ့ဆုံပြီး တိုင်ပင်ရအောင် ဒီည ကျုပ်စီစဉ်ရတော့မယ်"*

ဟု ပြောကာ ပြန်လည်ထွက်ခွာသွားတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝဏ္ဏသည် ထိုရက်ပိုင်းတွင် ချွန်းကိုဒုက္ခပေးရန် မကြံစည်အားချေ။

၄င်းသည် အကြံပေး စိန်လျှောင်နှင့် ခေါင်းချင်းဆိုင်ရင်း ရင်ကွဲတောင်ခရီးအတွက် လုံးပန်းနေလေ၏။

ကျော်ဝဏ္ဏသည် ထိုခရီးအတွက် လွန်စွာတက်ကြွနေ၏။ ယမုံ၏ဖခင် ဦးဘတူနှင့် မထင်မှတ်ဘဲ ရင်းနှီးရသည့်အတွက်လည်း အတိုင်းထက်အလွန် ပျော်ရွှင်နေ၏။





ထိုခရီးစဉ်တစ်လျှောက်လုံး သူ့အနေနှင့် ဦးဘတူကို စည်းရုံးပြီး ယမုံကိုပိုင်ဆိုင်ခွင့်ရရန် ပြုလုပ်နိုင်၏။

ထိုထက်ပို၍ စိန်လျှောင်က

*"ဒီမှာ သူဌေး၊ ခရီးစဉ်အတွက် လိုအပ်တဲ့ လမ်းပြတွေ၊ လုံခြုံရေးတွေအတွက် မစ္စတာတန်တို့ဘက်က စီစဉ်မယ်လို့ သိရတယ်၊ တကယ်တော့ ဒီကိစ္စမှာ ဒေသခံဖြစ်တဲ့ ကျုပ်တို့က တာဝန်ယူမှ ပိုပြီးအဓိပ္ပါယ်ရှိမှာပေါ့၊ ဒါကို ထားလိုက်ပါတော့၊ ကျုပ်ပြောချင်တာက ရင်ကွဲတောင်ခရီးကို အကြောင်းပြုပြီး သူဌေးနဲ့ ဆရာမလေးတို့ကိစ္စ အဆင်ချောမဲ့အကြံတစ်ခု ကျုပ်မှာရှိတယ်"*

ဟု ဆိုလေရာ ကျော်ဝဏ္ဏက ဟက်ခနဲရယ်၍

*"ဒီတစ်ကွက်တော့ မင်းထက်ပိုပြီး မြင်မိပါတယ်ကွာ၊ ဦးဘတူကို အပိုင်စည်းရုံးရမှာမဟုတ်လား"*

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်လျှောင်က ခေါင်းယမ်းပြီး

"ဒီလို ခရီးမှာ ကျန်းမာရေးအတွက် အကြောင်းပြုပြီး ဆရာမလေးကိုပါ သူ့ဖခင်နဲ့အတူ လိုက်ပါဖို့ ခေါ်ရင် ဘယ်လိုလဲ"

ဟု ပြောဆိုလေရာ ကျော်ဝဏ္ဏသည် အားရဝမ်းသာနှင့် ပေါင်ကို လက်ဝါးဖြင့်ပုတ်ကာ

"ငါ ဘာကြောင့် ဒီလိုမတွေးခဲ့မိတာပါလိမ့်၊ စိန်လျှောင်… မင်းကတော့ လေးစားသွားပြီ၊ ဒီည ငါ့အိမ်မှာလုပ်မဲ့ ခရီးစဉ်အတွက် တိုင်ပင်ပွဲမှာ ဦးဘတူကို ငွေနဲ့မက်လုံးပေးပြီး သူ့သမီးကိုပါ အပါရအောင် ခေါ်ရမယ်"

ဟု ရေရွတ်လေ၏။

ဤသို့ဖြင့် စိန်လျှောင်သည် ဦးဘတူထံ အလျှင်အမြန် သွား ရောက်ပြီး

"ကျုပ်ရဲ့သူဌေးက ဒီညပွဲမှာ ခင်ဗျားတို့ သားအဖနှစ်ယောက်စလုံးကို လာရောက်ဖို့





ဖိတ်လိုက်ပါ တယ်"

ဟု အကြောင်းကြားလေတော့၏။

ညသို့ရောက်လျှင် ကျော်ဝဏ္ဏသည် အိမ်ကြီး၏ဧည့်ခန်းတွင် စားသောက်ဖွယ်ရာမျိုးစုံကို ပြင်ဆင်ထားလေ၏။ ဦးစွာပင် မစ္စတာ တန် ရောက်ရှိလာပြီး

"ကျုပ်ရဲ့မိတ်ဆွေကြီးဖြစ်တဲ့ သတ္တုရှာဖွေရေး ပညာရှင်ကြီးကတော့ ခရီးစဉ်မှာ လိုက်ပါမဲ့ လမ်းပြ တွေကို စောင့်ပြီးခေါ်နေပါတယ်၊ မကြာခင် ရောက် လာမှာပါ"

ဟု ပြောလေ၏။

ထို့နောက် ယမုံတို့သားအဖ ရောက်ရှိလာ၏။ ယမုံသည် ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ဆင်၍ ဆံပင်ကို တစ်ပတ်လျှိုထုံးကာ ထား၏။

ကျော်ဝဏ္ဏကမူ လူကြီးလူကောင်းဟန်ပန်နှင့် ရှိသော်လည်း မစ္စတာတန်က ရွှေသားများပေါ်အောင် သွားကြီးဖြဲ၍ ယမုံကို စကား ပြောဆိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသည့် အချိန်အတိအကျပင် ဆရာချစ်နှင့်အတူ ချွန်းသည် ဘိုကေကို အဖော်ပြုကာ ရောက်ရှိလာ၏။

ကျော်ဝဏ္ဏအတွက် ချွန်းကိုမြင်တွေ့လျှင် နွေခေါင်ခေါင် မိုးကြိုးအပစ်ခံရသလို ဖြစ်သွား၏။ ယမုံသည်လည်း ထိုနေရာမျိုးတွင် မည်သို့မျှဆုံတွေ့ရမည်ဟု မမျှော်လင့်ဘဲ ချစ်သူကိုတွေ့လိုက်ရာ နှုတ်ဖျားမှ

*"အစ်ကိုပါလား"*

ဟူ၍ အာမေဋိတ်သံ ထွက်ပေါ်သွား၏။

သို့သော် ယမုံ၏အသံကို မည်သူမျှ သတိမမူမိဘဲ မစ္စတာတန်၏ စကားသံကြားတွင် ပျောက်ကွယ်သွား၏။ မစ္စတာတန်သည် ဆရာချစ်ကို တလေးတစားပင် နေရာချထားပေး၏။

ချွန်းသည်လည်း ယမုံလိုပင် အံ့သြတကြီးဖြစ်ကာ တုန့်ခနဲ ဖြစ်သွားစဉ် ဘိုကေက သတိပေးမှ ဟန်မပျက် ထိန်းသိမ်းလိုက်ရ၏။

စိန်လျှောင်၏ သေးငယ်သောမျက်လုံးများ ကျဉ်းမြောင်းသွားကာ





*"ဒီကောင်တွေ ဘာကြောင့်ပါလာတာပါလိမ့်"*

ဟု တီးတိုးရေရွတ်မိ၏။

မကြာမီ အားလုံး နေသားတကျ ဖြစ်သွား၏။ ဆရာချစ်က ချွန်းဘက်မှ တာဝန်ယူရမည့်အပိုင်းများကို စတင်ရှင်းလင်းပြ၏။

မစ္စတာတန်ကလည်း ခရီးစဉ်အတွက် လိုအပ်သည့်ငွေကြေးကို အကန့်အသတ်မရှိ၊ သူနှင့် သူ့ဒွေးကျော်ဝဏ္ဏတို့မှ စိုက်ထုတ်ပေးမည်ဟု ကတိပေး၏။

ကျော်ဝဏ္ဏသည် မူလက စီစဉ်ထားသည့်အတိုင်း ယမုံကို ထိုခရီးတွင် အပါခေါ်ရန် တွန့်ဆုတ်သွား၏။ သူ့အတွက် အကြောင်းပြချက်မနိုင်လုံဘဲ ချွန်းတို့ကို ခရီးစဉ်မှ ထုတ်ပယ်ရန် မဖြစ်ချေ။

အမှန်အားဖြင့် ထိုခရီးစဉ်မှာ မစ္စတာတန်တို့ကြောင့် ဖြစ်ပေါ်လာရခြင်းသာ မဟုတ်ပါလား။

ချွန်းသည် ရောက်စက ယမုံကို တစ်ချက်မျှ စောင်းငဲ့ကြည့်ပြီးနောက် အခြားသူများ၏စကားကိုသာ နားစွင့်နေ၏။ ၎င်းသည် အဖွဲ့ဝင်များကို လေ့လာနေခြင်းလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကျော်ဝဏ္ဏသည် ဦးဘတူနှင့် ချွန်းတို့၏ ဆက်ဆံရေးမှာ အေးစက်စက်ဖြစ်နေသည်ကို ရိပ်မိလေ၏။

ထို့ကြောင့် ခရီးစဉ်တွင် ချွန်းသည် ယမုံကို ပြောင်ပြောင်တင်းတင်း ချည်းကပ်နိုင်မည်မဟုတ်ဟု တွေးမိကာ

"ကဲ ကဲ... အားလုံးပဲ အခုဆွေးနွေးတဲ့ အတိုင်းဆိုရင် ခရီးစဉ်အတွက် အားလုံးပြည့်စုံသလောက်ဖြစ်နေပါပြီ၊ ဒီထက်ပိုပြီး ပြည့်စုံအောင် ကျွန်ုပ်က ထပ်ပြီးအကြံတစ်ခုပေးချင်ပါတယ်၊ ခရီးကြမ်းကို သွားလာရမှာ ဖြစ်တဲ့အတွက် လုံခြုံရေးက အရေးကြီးသလို အဖွဲ့သားတွေရဲ့ ကျန်းမာရေးကလည်း အရေးကြီးတာပါပဲ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ကျွန်ုပ်တို့အတွက် ကံကောင်းချင်တော့ အဖွဲ့ဝင် ဦးဘတူရဲ့သမီးကလေးက ဆေးပညာတတ်ကျွမ်းတဲ့ ဝါရင့်သူနာပြုဆရာမလေး ဖြစ်နေတာပါပဲ၊ မယမုံသာ ဒီအဖွဲ့ဝင်ဖြစ်ခဲ့ရင် သားအဖနှစ်ဦး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စောင့်





ရှောက်နိုင်သလို အဖွဲ့သားတွေအတွက်လည်း အားတက်စရာပါပဲ၊ ဒီအတွက် ခရီးစဉ်အောင်မြင်လာရင် အဖွဲ့သားတွေရရှိမဲ့ အကျိုးခံစားခွင့်နဲ့ထပ်တူ ဆရာမလေးလည်း အချိုးကျခံစားခွင့်ရပါလိမ့်မယ်"

ဟု ပြောလေတော့၏။

ဦးဘတူသည် ပါးစပ်အဟောင်းသားဖြစ်နေစဉ် ချွန်းက တည်ငြိမ်စွာနှင့်

"ဒီအစီအစဉ်ကို ကျွန်ုပ် ကန့်ကွက်တယ်"

ဟု ဆိုလေ၏။

မစ္စတာတန်ကမူ သွားအဖြဲသားနှင့်

"ဟဲ ဟဲ... ကျော်ဝဏ္ဏသိပ်တော်တယ်၊ ကျွန်ုပ်က တောနက်ထဲမှာ ဆေးခန်းလည်းမရှိ ဘာမရှိနဲ့၊ ကျန်းမာရေးအတွက်ပဲ စိုးရိမ်နေတာပါ၊ ဆရာမလေးအတွက် ခရီးစဉ်မအောင်မြင်ရင်တောင် မနစ်နာရအောင် ကျွန်ုပ်တို့ စီစဉ်ပေးပါ့မယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



*ဆရာမလေးမှာ ဘယ်လိုဘေးအန္တရာယ်မှမတွေ့ရ*

*အောင် ကျုပ် ကာကွယ်ပေးပါ့မယ်"*

ဟု ပြောလေ၏။

ဦးဘတူသည် ထိုအကြံကို လက်မခံသော်လည်း ချွန်းက ပိုင်စိုးပိုင်နင်းနှင့် ကန့်ကွက်ခဲ့လေရာ စိတ်တွင်းမှ

*"ဒီကောင်က ငါ့အမေတောင် ဘာမှမပြောရ*

*သေးဘူး"*

ဟု ခံပြင်းသွားလေ၏။

ထို့ကြောင့်ပင် ဘာမျှမပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်၏။ ထိုအခိုက် ယမုံသည် မျက်လုံးကလေးများ တောက်ပပြီး

*"ဒီအစီအစဉ်ကို ကျွန်မ လက်ခံပါတယ်"*

ဟု ဆိုလေတော့၏။

* * *





တစ်နေ့သ၌ စက်လှေကြီးတစ်စင်းသည် ဟုမ္မလင်းမြို့၏ အောက်ဖက် တစ်မိုင်ခန့် အကွာအဝေးရှိ ချင်းတွင်းမြစ်နှင့် ဥယုချောင်းတို့ ပေါင်းဆုံရာ မြစ်ဆုံသို့ ရောက်ရှိလာလေ၏။

ထိုမှနေ၍ ဥယုချောင်းအတိုင်းဆန်ကာ အထက်ပိုင်းသို့ ခုတ်မောင်းပြန်၏။ ဥယုချောင်းသည် ချောင်းဟုဆိုသော်လည်း မြစ်တစ်မြစ်လိုပင် ကျယ်ဝန်းကာ မြစ်၏အင်္ဂါရပ်နှင့် ပြည့်စုံလေ၏။

စက်လှေကြီးထက်တွင် ရင်ကွဲတောင်ခရီးကြမ်းကို နှင်ကြမည့် အဖွဲ့သားများ စုံစုံလင်လင် လိုက်ပါလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် ဆရာချစ်၊ ဘိုကေ၊ အောင်ဘတို့နှင့်အတူ စက်လှေ၏ပဲ့ပိုင်းတွင် စစ်သုံးမြေပုံကြီးကိုဖြန့်ကာ ကြည့်ရှုနေလေ၏။

ယမုံသည် ခရီးစဉ်အတွက် စိတ်လှုပ်ရှားနေဟန်ရှိကာ ဖခင်ဖြစ်သူနှင့်အတူ စက်လှေဝမ်းထဲတွင် လိုက်ပါလာ၏။ တရုတ်ဝိန်လျှောင်ကမူ ထမင်းချက်ဟူ၍ ခေါ်လာသည့် လူမိုက်နှစ်ယောက်နှင့် မသိမသာ ပုလင်းထောင်လျက်ရှိ၏။

ကျော်ဝဏ္ဏသည် နိုင်ငံခြားကောင်းဘွိုင် ဘိုင်စကုတ်မင်းသားများလို မျက်မှန်မည်းကြီးကိုတပ်လျက် သက္ကလတ်ဦးထုပ်ကို ဆောင်းကာ ခါးတွင်လည်း လိုင်စင်ဖြင့်ကိုင်ဆောင်သော ဆင်စွယ်ရိုးတပ်ခြောက်လုံးပြူးကို ချိတ်ဆွဲပြီး ဟန်ပါပါ ရပ်တန့်နေ၏။

၄င်း၏နံဘေးတွင် မစ္စတာတန်သည် လေညှင်းခံထွက်လာသလို ပက်လက်ကုလားထိုင်ပေါ်တွင် မိမ်ကျကျ လိုက်ပါလာ၏။

တရုတ်ကြီးသည် ထိုသို့လိုက်ပါကာ ပတ်ဝန်းကျင်ရှုခင်းများကို တမေ့တမောခံစားရင်း သက္ကလတ်ဘောင်းဘီကိုဝတ်၍ တောစီးဖိနပ်ဝတ်ဆင်ထားသော ယမုံ၏ကျစ်လစ်သွယ်လျသော ကိုယ်ခန္ဓာ





ကိုလည်း မကြာခဏ မျက်လုံးအရသာခံနေလေ၏။

ကျော်ဝဏ္ဏသည် မစ္စတာတန်၏ အရှက်ကင်းမဲ့သော အပြုအမူများကြောင့် စိတ်တွင်းမှကြိတ်၍

*"ယမုံကို ဒီကောင်ကြီး မျက်လုံးနဲ့ပြစ်မှားနေတာတော့ သည်းခံရဦးမယ်၊ ဒီထက်ပိုပြီး အဆင့်တက်လာမယ်ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ဟောဒီကသေနတ်ဟာ ချေးဦးပေါက် သူ့အတွက်သုံးဖို့ ဖြစ်သွားလိမ့်မယ်"*

ဟု ကြိမ်းဝါးလေ၏။

၄င်းသည် ချွန်းက ယမုံကို ပုံမှန်သာ ဆက်ဆံပြောဆိုနေသည်ကို မြင်တွေ့ရသောကြောင့်လည်း စိတ်သက်သာရနေ၏။

ဦးဘတူက ချွန်းထက်ပို၍ မိမိကို မျက်နှာသားပေး၍ တလေးတစား ဆက်ဆံနေခြင်းကလည်း ယမုံ၏ အထင်ကြီးမှုကို ရနိုင်သည် မဟုတ်ပါလား။

ဘိုကေသည် ခရီးမထွက်မီကတည်းက ချွန်းကို

*"အာစရိ... ကျုပ် စုံစမ်းထားရသလောက်*



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ရွှေးကျော်ဝတ္ထုနဲ့ ကရုဏ်ဘိန်းစေးဟာ အာစရိအတွက် တကယ်ကို အန္တရာယ်ကောင်တွေပဲ၊ ကျော်ဝဏ္ဏက နောက်ကွယ်ကနေပြီး အာစရိကို ရှုမိုက်တွေနဲ့ တိုက်ခိုက်နိုင်တယ်၊ ပုလိပ်ကို လာဘ်ထိုးပြီး အမှုဆင်ဖမ်းနိုင်တယ်၊ အဲဒီလို ဘာကြောင့် လုပ်သလဲဆိုရင် သူကလည်း ဆရာမလေးကို နှစ်သက်ခဲ့လမ်းနေလို့ပဲ၊ ကျော်ဝဏ္ဏဟာ ဆရာမလေးရဲ့ဆောင်ကို မကြာခဏလာတတ်တယ်လို့ နံ့စမ်းပြီး သိကတည်းက ဒီကောင်က ဆရာမလေးကို အပိုင်ကြံချင်တာနဲ့ အာစရိကို ရှင်းဖို့ကြံနေနေတယ်ဆိုတာ နိုင်လုံသွားပြီ''

ဟု သတိပေးခဲ့၏။

ချွန်းက မျက်နုံးနှစ်ဖက်မြင့်တက်ကာ

''ဒါဆိုရင် ဒီစရိုးမှာ သူ့ကို ပြိုင်သတိထားရတော့မှာပေါ့၊ ယခုဟာ ဒီစရိုးကိုလိုက်ဖို့ ဆုံးဖြတ်ခဲ့တာ သိပ်မှားသွားတယ်၊ ငါ့မှာ သူ့ကို အစွမ်းကုန်





ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကြီးသွားပြီ''

ဟု ပြောလေ၏။

ခရီးမသွားမီ ယခုကလည်း ချွန်းကို

''ဒီခရီးမှာ အရေးအကြောင်း ပြီးတော့ အပ်ကိုအတွက် ကျွန်မရှိမှဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်၊ အပ်ကိုတို့က ရှန်ဝေပြီးသွားလာနေကာ အချိန်မှာ ယခုက ဘာမှန်းမသိတဲ့ ရှော့ခ်နေအိုးပိုင်နေချောကလက်စာရင်း အရေယ် တစ်ပါတည်းလိုက်ခွင့်ရတာ မို ကောင်းပါတယ်''

ဟု ဆို၍ ကျော်ဝဏ္ဏက သူမကို လက်ထပ်ခွင့်တောင်းခဲ့သည်များကို ရှင်းပြခဲ့လေ၏။

ဤသို့ဖြင့် စက်လှေကြီးပေါ်တွင် လိုက်ပါလာသူအားလုံးသည် စိတ်ကူးကိုယ်စီ၊ အတွေးကိုယ်စီဖြင့်ရှိနေကြလေ၏။

ခရီးစဉ်အတွက် လိုအပ်သည့် ရိက္ခာ၊ လက်နက်၊ ဆေးဝါးများထောက်ပံ့၍ မစ္စတာတန်နှင့် ကျော်ဝဏ္ဏတို့၏ အသုံးအဆောင်ပစ္စည်းစလွယ်များက ပုံမိုများပြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များကိုမူ လိုအပ်ခြင်းမရှိသေးသောကြောင့် ရေလုံ မိုးကာအိတ်၊ ထင်းရှူးသေတ္တာပုံးများနှင့် လုံခြုံစွာထုပ်ပိုးထားလေ၏။

လောလောဆယ် လက်နက်ကိုင်ဆောင်ထားသူဆို၍ ကျော်ဝဏ္ဏတစ်ယောက်သာရှိ၏။

ထို့ကြောင့်ပင် စက်လှေကြီးသည် ဥယုမြစ်ကမ်းပါးရှိ ညောင်ပင်သာ ရေလဲရွာ၊ ငေါက်စားရွာ၊ ရေကျော်ရွာ၊ မြောက်ကုန်းရွာနှင့် ဟဲခမ်းရွာတို့ကို ကျော်လွန်လာလျှင် စက်လှေဦးမှ သေနတ်သံ တစ်ချက် ဒိုင်းခနဲထွက်ပေါ်လာသည်ကို ကြားလိုက်ကြရ၏။

တစ်ပြိုင်နက်ပင် မြစ်ကမ်းပါးထက်ရှိ ကိုင်းတောမှ တောဘဲငန်းတစ်အုပ်လည်း ထိတ်လန့်ပြီး ပျံသန်းသွားသည်ကို တွေ့ကြရ၏။ ကျော်ဝဏ္ဏသည် တောဘဲငန်းအုပ်ကိုမြင်၍ လက်တည့်စမ်းလိုက်ခြင်း သာဖြစ်၏။

ထိုအဖြစ်ကြောင့် ချန်းသည် စက်လှေဦးပိုင်းသို့ရောက်ရှိလာကာ

"ကိုကျော်ဝဏ္ဏ သေနတ်ကို ကလေးကစား





သလို ကောင်ဘွယ်ဖို့ သတိပေးပါရစေ၊ ကျုပ်တို့ ဟာ အမဲပစ်၊ ပျော်ပွဲစားထွက်လာတာမဟုတ်ဘူး ဆိုတာကိုလည်း သိမှာပါ၊ မကြာခင် 'မှောင်လို အောင်ရွာ'ကို ရောက်တော့မယ်၊ လူနေအသနဲ့ နီး ကပ်တဲ့နေရာမှာ အကြောင်းမဲ့ သေနတ်ပစ်ခတ် တာ သိပ်ပြီးအန္တရာယ်များလွန်းတယ်၊ အဲဒီကိုင်း တောထဲမှာ သေသပ်ရွာသားတစ်ယောက်သာ ရှိနေ ရင် မခက်ပါလား"

ဟု လေသံအေးအေးနှင့်ပြောလေ၏။ ကျော်ဝဏ္ဏသည် မျက် နှာကြီးနီရဲကာ

"မင်းက ငါတို့ ငှားရမ်းလာတာ၊ ငါတို့ကို စောင့်ရှောက်လမ်းပြဖို့ကွ၊ ဆရာလုပ်ပြီး အမိန့် ပေးဖို့မဟုတ်ဘူး"

ဟု အော်ဟစ်လေရာ မိန့်ကျောင်က ဝုန်းခနဲလဲ၍ မျက်နှာလို မျက်နှာရနှင့်

"ဟုတ်ကဲ့... ကိုယ့်နေရာကို ကိုယ်သိစေး



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ"

ဟု ထောက်ခံ၏။ ချွန်းက စိတ်ဆိုးဟန်မရှိဘဲ ခေါင်းညိတ်ကာ

"ကျုပ်ရဲ့နေရာက အားလုံးအန္တရာယ်ကင်းရှင်းဖို့ပဲ မဟုတ်လား၊ ဒီလိုပဲ ကိုယ့်အဖွဲ့သားတွေကြောင့် တစ်ပါးသူတွေ အန္တရာယ်မဖြစ်စေဖို့လည်း တာဝန်ရှိပါတယ်၊ အဲဒါကိုမှ လက်မခံဘူးဆိုရင် ဒီနေရာကပဲ ကျုပ် နောက်ကြောင်းပြန်လှည့်သွားတော့မယ်၊ အန္တရာယ်ခရီးမှာ အဖွဲ့သားအချင်းချင်း အဲဒီလိုခွဲခြားဆက်ဆံနေမယ်ဆိုရင်တော့ သောနဂ္ဂ အန္တရာယ်တွေကို ဘယ်လိုမှ ရင်ဆိုင်ဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

ဟု ပြောဆိုလေ၏။

ထိုအခါ ပက်လက်ကုလားထိုင်မှ မစ္စတာတန်က စက်လှေနံရံကို ခုန်းခနဲထု၍

"သိပ်ဟုတ်တာပေါ့၊ ချွန်းပြောတာမှန်တယ်၊





ကျော်ဝဏ္ဏက ချွန်းကို လူကြီးလူကောင်းပီပီ တောင်းပန်သင့်တယ်"

ဟု ပြောလေ၏။ ကျော်ဝဏ္ဏသည် ခေါင်းတဆတ်ဆတ် ညိတ်၍ မဲ့ပြုံးပြုံးကာ

"အေး… ငါ တောင်းပန်ပါတယ်"

ဟု ဆိုလေ၏။ ဆရာချစ်သည် ကွမ်းကိုမြုံ့ပြီး လေသံတိုးနှင့်

"အင်း… မကြာခင်ဘယ်သူခေါင်းဆောင်လဲဆိုတာ အဖြေပေါ်တော့မယ် ထင်တယ်"

ဟု ရေရွတ်လိုက်တော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



ချွန်းတို့သည် ဥယုမြစ်ကြောင်းအတိုင်း အဆန်ခရီးကို သွားလာပြီးနောက် ရေပေါ်မီးဟူသော ရွာကလေးသို့ ရောက်ရှိလာကြ၏။

ထိုရွာကလေးသည် သူတို့အတွက် ရေလမ်းခရီးဆုံးသာ ဖြစ်၏။ ဥယုမြစ်ကို ဆက်၍ ဆန်တက်သွားလျှင် ကချင်ပြည်နယ် အတွင်းသို့ ရောက်ရှိသွားမည်ဖြစ်၏။

စက်လှေက ဆိပ်ကမ်းတွင် ဆိုက်ကပ်စဉ် ဆရာချစ်က

"ဒီရွာရဲ့နာမည်က တခြားရွာတွေလို ရှမ်း နာမည်တွေ၊ ဘာတွေတော့ ဟုတ်ဟန်မတူဘူး"





ဟု ပြောလေရာ ချွန်းက

"ရွာရဲ့ပတ်ပတ်လည်မှာ ဟိုးနှစ်ပေါင်းများစွာ ကတည်းက မီးလောင်နိုင်တဲ့ဓါတ်ငွေ့တွင်းတွေ သဘာဝအလျောက်ရှိနေတယ်လို့ သိရတယ်၊ အဲဒါ ကို အစွဲပြုပြီး ရေပေါ်မီးလို့ အမည်တွင်နေတာ ဖြစ်မယ်၊ ရွာကလေးက ငယ်ပေမဲ့ ရွေ့ရာတဲ့သူတွေ ကြောင့် တော်တော်စည်ကားနေပါပြီ"

ဟု ဆိုလိုက်၏။ မစ္စတာတန်ကမူ အဖွဲ့သားအားလုံးကို စက်လှေမှမခွာမီ

"ဒီရွာမှာ ကျုပ်တို့ စီစဉ်ထားတဲ့အတိုင်း ဝန်တင်လားတွေ ရှာရမယ်၊ ခရီးလမ်းက အခြေ အနေပေးသလောက်အထိ အဲဒီလားတွေကို အသုံး ပြုရမှာပဲ၊ ကုန်းလမ်းခရီးကတော့ ချွန်းရဲ့တာဝန် ဖြစ်သွားပြီ"

ဟု ပြောလေ၏။

စက်လှေကြီးကိုမူ မစ္စတာတန်နှင့် ကျော်ဝဏ္ဏတို့က အစ



www.burmeseclassic.com

www.burmeseclassic.com



ကြေးငွေ ကောင်းကောင်းပေး၍ ငှားရမ်းခဲ့လေရာ အပွဲသားများကို ထိုဆိပ်ကမ်းမှပင် စောင့်ဆိုင်းနေမည် ဖြစ်၏။

ထိုညအတွက် သူတို့သည် စက်လှေကြီးပေါ်၌ပင် အိပ်စက်ကြရပေဦးမည်။ ချွန်းသည် ရွာကလေး၏အနောက်ဘက်တွင် ကာဆီးထားသော တောင်စဉ်အထပ်ထပ်ကို ငေးမျှော်ကာ ဇာတိရပ်ရွာကို လွမ်းဆွတ်မိ၏။

ထိုတောင်စဉ်တို့၏ တစ်ဖက်တွင် ထမံသီဒေသရှိသည် မဟုတ်ပါလား။ ထိုတောင်စဉ်တို့ကပင် အပြိုင်စီးဆင်းနေသော ချင်းတွင်းနှင့် ဉယုကို ပိုင်းခြားထားခြင်းဖြစ်၏။

သူတို့သည် ညစာကို ရွာတွင်းမှ ဝယ်ယူရရှိသည့် လတ်လတ်ဆတ်ဆတ် အသားငါးများနှင့် ချက်ပြုတ်စားသောက်ကြ၏။

ထို့နောက် ချွန်းသည် ဆရာချစ်နှင့် ဘိုကေကိုခေါ်ကာ ဝန်တင်လားငှားရမ်းရန်အတွက် ရွာတွင်းသို့ ရောက်ရှိလာ၏။

ထိုရွာကလေးတွင် ဉယုမြစ်ဖျားပိုင်းလို လားကို တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်းမရှိချေ။ တောင်မြေများကို သယ်ယူပြီး





ရွှေကျင်မည့် ရေငင်တွင်းများဆီသို့လည်းကောင်း၊ မြစ်ရေမှ သွယ်ထား ရာဆီသို့လည်းကောင်း အသုံးပြုသည့်လားများသာ ရှိ၏။

ဆရာချစ်က လားပိုင်ရှင်တစ်ယောက်၏အိမ်မှ ပြန်အထွက်တွင်

*"သူတို့က ဒီလိုခရီးကြမ်းကို မသွားချင်ကြဘူးနဲ့ တူတယ်"*

ဟု ပြောလေ၏။

ချွန်းက ခေါင်းယမ်းပြီး

*"ဘခြားခရီးဆိုရင် စိတ်ဝင်စားကြမှာပါ၊ ကျုပ်တို့က ဒေသခံတွေကလွဲပြီး ဘယ်သူမှ ခြေမချဝံ့တဲ့ ရင်ကွဲတောင်ခရီးလို့ ပြောလိုက်တာကိုး၊ တကယ်တော့ ရင်ကွဲတောင်ရဲ့ပတ်ဝန်းကျင်မှာ ရွှေတွေကို အခုလိုကျင်ပြီး ယူစရာမလိုဘဲ အခုလိုက် အပြုံလိုက်ရှိတယ်ဆိုတဲ့ စကားတွေကို ကျုပ် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကြားခဲ့ဖူးတယ်၊ အဲဒီကတည်းက ကျုပ်လည်း စွန့်စားပြီး သွားလာ*



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်တောင် ဖြစ်ပေါ်ခဲ့သေးတယ်၊ ကျုပ်လိုပဲ စွန့်စားချင်တဲ့သူတွေလည်း သွားခဲ့ဖူးတာပေါ့ဗျာ၊ ဒါပေမဲ့ တစ်ယောက်မှ ပြန်ပေါ်မလာကြတော့ဘူး တဲ့၊ ခင်ဗျားရဲ့မိတ်ဆွေ မစ္စတာတန်လည်း ဘာမှ တိတိကျကျမသိဘဲ ကျုပ်လို ကြားဖူးနားဝနဲ့ ဒီခရီး ကို စီစဉ်ခဲ့တာပါ”

ဟု ဆိုလိုက်၏။

ထိုအခါ ဆရာချစ်က

“မစ္စတာတန်က ကျုပ်ရဲ့ မန္တလေးမှာရှိတဲ့ အိမ်အရောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ တာပဲ၊ သူကလည်း အစကတည်းက ဒီခရီး အကြောင်း ဘာမှမသိဘူးလို့ ပြောခဲ့တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့(၃)နှစ်လောက်က သူ့ရဲ့ညီဝမ်းကွဲဟာ ရင်ကွဲတောင်ခရီးကို သွားခဲ့ဖူးတယ်လို့ ဆိုတယ်၊ အဲဒီသူဟာ မစ္စတာတန်နဲ့ မတွေ့ဆုံလိုက်ရဘဲ ခရီး ကြမ်းက ရလာတဲ့ဒဏ်ရာတွေနဲ့ သေဆုံးသွားခဲ့





တယ်တဲ့၊ ခရီးစဉ်နဲ့ ပတ်သက်တဲ့မြေပုံကြမ်းနဲ့ အဲဒီကရလာတယ်ဆိုတဲ့ ရွှေတုံးတစ်တုံးကိုတော့ သူ့ညီရဲ့ [illegible] ယူလာခဲ့နိုင်တယ်၊ အဲဒီရွှေကို ကျုပ်လည်း စစ်ဆေးကြည့်ပြီးပါပြီ၊ တကယ့်ကို ရွှေရည်မှီတဲ့ ထိပ်တန်းရွှေမျိုးပါပဲ”

ဟု ရှင်းပြလေ၏။

သူတို့သည် လားအငှားလိုက်မည့်သူကို ရှာဖွေ၍မရသည့် အဆုံး စက်ရေးဆီသို့ ပြန်ခဲ့၏။ ထိုရွာတွင်ရှိသည့် လားအနည်းငယ် မှာ ရွှေတွင်းများတွင် ကောင်းစွာအသုံးပြုနေလေရာ အပိုင်ဝယ်ယူ၍ မရခဲ့ပေ။

ချွန်းတို့သည် ဈေးတန်းကလေးဖြစ်၍ အောက်လင်းမီးများ ထိန်နေအောင်ထွန်းထားသည့် ဆိပ်ကမ်းသို့ရောက်လျှင် ဆူဆူ ညံညံနှင့် ဝရုန်းသုန်းကားဖြစ်နေသော လူတစ်စုကို တွေ့လိုက်ရ၏။

ဘိုကော

“ရွှေရှာတဲ့လူတွေအချင်းချင်း ပြဿနာတက် ကြပြီ ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ချက်ချ၏။

လူအုပ်စုကြီးသည် လူနှစ်ယောက်ကို ဝိုင်း၍ ဆဲဆိုအော်ဟစ်ကာ အမဲဖျက်ရန်ပြင်နေလေ၏။ ချွန်းက ထိုသူနှစ်ယောက်ကို သေချာစွာ မြင်တွေ့လျှင် မျက်မှောင်ကြုတ်၍

*"ကျော်ဝဏ္ဏတို့ ထမင်းချက်ဆိုပြီးခေါ်လာတဲ့ လူနှစ်ယောက်ပဲ"*

ဟု ရေရွတ်မိ၏။ တစ်ပြိုင်နက်ပင် ချွန်းသည် လူအုပ်ကြားသို့ တိုးဝင်ပြီး

*"နောင်ကြီးတို့ စိတ်လိုက်မာန်ပါ မလုပ်ကြပါနဲ့"*

ဟု အော်ဟစ်ပြောဆိုလိုက်၏။

ဘိုကေနှင့် ဆရာချစ်လည်း ချွန်း၏နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာ၏။ လူအုပ်စုထဲမှ လှံရှည်ကို ကိုင်ဆောင်ထားသူက ချွန်းကို ဒေါသတကြီးနှင့်ကြည့်ပြီး

*"မဆိုင်တဲ့ကိစ္စမှာ ဝင်မစွက်နဲ့ကိုယ်လူ၊ ထမင်းရောင်းနေတဲ့ ငါ့ညီမကို အတင်းဝင်ပြီး ဆွဲလား*



*ရမ်းလားလုပ်နေတဲ့ကောင်တွေကို ငါက ဒီအတိုင်း ပြန်လွှတ်ပေးရမှာလား"*

ဟု ပြောလေ၏။

ချွန်းသည် မျက်နှာငယ်ကလေးနှင့် ဖြစ်နေသော ကျော်ဝဏ္ဏ၏လူနှစ်ယောက်ကို ရှုံ့ရှာစွာကြည့်ရှုမိ၏။

ထို့နောက် လှံရှည်သမားကို

*"ကျုပ်က သူတို့ကိုယ်စား တောင်းပန်ပါတယ်ဗျာ၊ ဒီလူတွေဟာ ကျုပ်လူတွေပါ၊ သူ့တို့ကို ကျုပ် ဆုံးမပါ့မယ်"*

ဟု တောင်းပန်ကာ ထမင်းချက်နှစ်ယောက်အား ဖနောင့်စာ ကျွေးလိုက်တော့၏။

ပြီးလျှင် ထိုသူနှစ်ယောက်ကို ကြိမ်းမောင်းပြီး ကုတ်မှဆွဲကာ လူအုပ်စုကြီးအား အကြိမ်ကြိမ်တောင်းပန်ရင်း ထွက်ခွာလာခဲ့၏။

စက်လှေသို့ရောက်မှပင် ထမင်းချက်နှစ်ယောက်က

*"ကျုပ်တို့က သူ့ငွေး မစွတာတန်က နိုင်းစေ*

www.burmeseclassic.com

www.burmeseclassic.com



လို့ အဲဒီလိုလုပ်ရတာပါ"

ဟု ဝန်ခံလေ၏။

မစ္စတာတန်သည် မျက်မှာကြီးရှုံ့မဲ့ပြီး

"ခွေးကောင်တွေ... မင်းတို့အသုံးမကျလို့ ငါ မျက်နှာပျက်ရပြီ၊ ကောင်မလေးကို ငွေ ကောင်းကောင်းပေးပြီး စည်းရုံးပါလို့ မှာလိုက်ရဲ့သားနဲ့၊ မင်းတို့က ခွေးသေကောင်ပုပ်ကို လင်းတတွေ ဝိုင်းဆွဲသလို သွားလုပ်တာကိုးကွ"

ဟု ကြိမ်းဝါးလေ၏။

ချွန်းက သက်ပြင်းချ၍

"ဘယ်လိုပဲဖြစ်ဖြစ်၊ ဒါဟာ မစ္စတာတန်ရဲ့ အမှားပဲ၊ နောက် အဲဒီလိုမဖြစ်အောင် ဆင်ခြင်ပါဗျာ၊ ကျုပ်တို့ရဲ့လမ်းခရီးမှာ တိုင်းရင်းသား တောင်ပေါ် ရွာငယ်လေးတွေကို ဖြတ်သန်းရနိုင်တယ်၊ အဲဒီလိုအမှုမျိုးသာ ထပ်ဖြစ်မယ်ဆိုရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ကျုပ် ခွင့်မလွှတ်တော့ဘူး၊





အခုလည်း ဒီထမင်းချက်နှစ်ယောက် အသက်ပျောက်လုဆဲဆဲမှာ ကံကောင်းပြီး ကျုပ်တို့နဲ့ ဆုံခဲ့လို့ပေါ့"

ဟု ပြောလိုက်၏။

မစ္စတာတန်သည် ချွန်းကို တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်ပြီးမှ လက်နှစ်ဖက်ကိုဆုပ်ပြီး

"ကျုပ် မှားသွားပါတယ်၊ ဟဲ ဟဲ... တောင်းပန်ပါတယ်၊ နောင်ကို ဒီလိုမဖြစ်စေရပါဘူး"

ဟု ကတိပေးလေ၏။

ဦးဘတူသည် ဆေးတံကို မဲ၍ဖွာရင်း ထိုကဲ့သို့လူမျိုးနှင့် အတူလိုက်ပါမိသည့်အတွက် ပထမဆုံးအကြိမ် နောင်တရမိ၏။

ယမုံသည် ကြားရသည့်အဖြစ်အပျက်ကြောင့် မစ္စတာတန်ကို စက်ဆုပ်ရွံရှာဟန် ဖြစ်ပေါ်နေ၏။ ထို့နောက် ဖခင်အနီးသို့ တိုးကပ်ပြီး

"ဒီခရီးမှာ ချွန်းသာမပါရင်တော့ အခက်ပဲ"



www.burmeseclassic.com

ဟု ပြောလေရာ ဦးဘတူသည် ငြိမ်သက်လျက်သာ ရှိလေတော့၏။

ဤသို့ဖြင့် ကျော့်ဝဏ္ဏက ဝန်တင်လားအရှာထွက်သည့် ချွန်းကို မအောင်မြင်ကြောင်းသိလျှင် လှောင်ပြောင်ဟန်နှင့်

*“မင်းက ဒီလိုကိစ္စလေးမှာတောင် တာဝန်မကျေရင် ဘယ်နေရာမှာ သွားပြီးအားကိုးရမလဲ၊ ကဲ ကဲ… စိန်လျှောင်က ရှာထဲသွားပြီး နည်းနည်းလောက် နည်းနာကြည့်စမ်းပါဦး”*

ဟု နိုင်းစေလေ၏။

စိန်လျှောင်သည် ညဦးနက်မှပင် ပြန်၍ရောက်ရှိလာ၏။ ထိုအချိန်ထိ စက်လှေပဲ့ပိုင်းတွင် မအိပ်စက်သေးသော ဘိုကေက ချွန်းကို

*“ဒီတရက်တော့ ဘိန်းဆိုင်ကိုပါ ဝင်ခဲ့ပုံရတယ်”*

ဟု ပြောလေ၏။ စိန်လျှောင်ကမူ မျက်နှာညှင်မြပြီး ရင်ကိုကော့ကာ





*“မနက်မိုးလင်းတာနဲ့ စိန်လျှောင်ရဲ့အစွမ်းကြောင့် လားသုံးကောင်နဲ့ လားထိန်းနှစ်ယောက်အသင့်ရောက်နေစေရမယ်”*

ဟု သတင်းပေးလေတော့၏။

* * *

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်စောစောတွင် စိန်လျှောင်ပြောသည့်အတိုင်းပင် ဝန်တင်လားသုံးကောင်နှင့် လားထိန်းတရုတ်နှစ်ယောက်တို့ ဆိပ်ကမ်းသို့ ရောက်ရှိလာ၏။

ဘိုကေသည် မျက်လုံးပြူးသွားပြီး

*"ဟိုက်... တရုတ်ဘိန်းစားပြောတဲ့အတိုင်း ဟုတ်နေပါလား၊ လားထိန်းတရုတ်တွေကြည့်ရတာလည်း စိန်လျှောင်လိုပဲ ဘိန်းစားရုပ်ပေါက်နေတယ် ဆိုတော့ သူတို့အချင်းချင်းတော့ ပလဲနံပသင့်မှာပေါ့"*



ဟု ဆိုလေ၏။

ချွန်းသည် အဖွဲ့သားအားလုံး နံနက်စာစားပြီးပြီးခြင်း ခရီးထွက်ရန် ပြင်ဆင်လေ၏။ ချွန်းသည် ခရီးဆောင်အိတ်ကို ပြင်ဆင်နေသည့် ယမုံကို

*"လမ်းခရီးမှာ အစ်ကို မင်းအနီးမှာ အချိန်ပြည့် နေနိုင်မယ်မထင်ဘူး၊ မင်းဖခင်နဲ့သာ မျက်ခြေမပြတ် သွားလာပေတော့"*

ဟု မှာလေ၏။

မကြာမီ ကျော်ဝဏ္ဏကလည်း

*"ယမုံ တစ်ခုခု အခက်အခဲရှိရင် ကျုပ်ကို အကြောင်းကြားပါ"*

ဟု ပြောလေ၏။

တကယ်တမ်း ခရီးထွက်ခွာလာသောအခါ ဆရာချစ်နှင့်ချွန်းက ရှေ့ဆုံးမှဦးဆောင်သွားလာကြ၏။ စိန်လျှောင်နှင့် လားများ၊ လားထိန်းတရုတ်များက နောက်မှ လိုက်၏။

ကျော်ဝဏ္ဏကမူ ဦးဘတူနှင့် စကားပြောဆိုရင်း သွားလာ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ယမုံနှင့်ကပ်လျက် မစ္စတာတန်က ရှိနေ၏။

နောက်ဆုံးတွင် ထမင်းချက်နှစ်ယောက်နှင့်အတူ ဘိုကေနှင့် အောင်ဘကပါ လိုက်ပါလာ၏။ ဘိုကေသည် မစ္စတာတန်က ယမုံအနီးတွင် သွားလာရင်း ပျာယာခတ်နေသည်ကို တွေ့လေရာ မျက်နှာရှုံ့မဲ့ပြီး

"ဒီကောင်ကြီးက တော်တော်မျက်နှာပြောင်တာပဲ၊ ဆရာမလေးအတွက်ကတော့ သနားစရာပဲ၊ တကယ်ချစ်ရတဲ့သူနဲ့ကျတော့ ဆင်ခြင်ပြီးနေရတယ်၊ ကျော်ဝင်လာနဲ့ မစ္စတာတန်ကိုတော့ မနှစ်သက်ပေမဲ့ အလိုက်သင့်ဆက်ဆံနေရတယ်"

ဟု ရေရွတ်လေ၏။ ချွန်းသည် ဘိုကေအား ခရီးမထွက်မီ ကတည်းက

"ငါက ယမုံနဲ့အတူ ချစ်သူရည်းစားလို သွားလာလို့ မဖြစ်ဘူး၊ ဒါကြောင့် မင်းက သူ့ကို မသိမသာ စောင့်ရှောက်ရမယ်"

ဟု မှာခဲ့လေ၏။





သူတို့သည် နေ့ဝက်ခန့် ခရီးနှင်ပြီးလျှင် မြေပြင်က တဖြည်းဖြည်း မြင့်တက်လာပြီး တောင်ကျောတစ်ခုပေါ်သို့ အတက်ခရီးစလေ၏။

ထိုနေရာတွင်ပင် ခေတ္တရပ်နားပြီး နေ့လယ်စာအတွက် ရိက္ခာခြောက်များကို စားသောက်ကြ၏။

ထိုအခါ ချွန်းနှင့် ဆရာချစ်သည် စစ်သုံးမြေပုံကြီးနှင့် မစ္စတာတန်ထံမှ မြေပုံကြမ်းကို တိုက်ဆိုက်ကြည့်ရှုရင်း အလုပ်ရှုပ်ကြပြန်၏။

ချွန်းက မြေပုံကြမ်းကို သေချာစွာ ကြည့်ရှုပြီး

"မြေပုံကြမ်းက ရိုးရိုးစာရွက်လွတ်တစ်ခုလောက်ပဲ တန်ဖိုးရှိတယ်၊ မြေမျက်နှာသွင်ပြင်တွေ၊ ထင်ရှားတဲ့အမှတ်အသားတွေ ဘာမှမပါဘူး၊ ကွေ့ကွေ့ကောက်ကောက် မျဉ်းကြောင်းတွေနဲ့ တောင်လိုပုံသဏ္ဌာန် ချောင်းတွေ၊ မြောင်းတွေ ပုံသဏ္ဌာန်လောက်ပဲ မှတ်သားထားတယ်၊ ကျုပ်တို့ဆီက စစ်သုံးမြေပုံကလည်း ဒီဒေသအတွက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



*တိတိကျကျ မြေပြင်အမှတ်အသားတွေ မရှိဘူး”*

ဟု ပြောလေရာ ဆရာချစ်က လွယ်အိတ်ကြီးထဲမှ ကြေး ကွမ်းအစ်ကလေးကို ထုတ်၍ ကွမ်းယာကာ

*“မစ္စတာတန်ရဲ့ညီက ဒီဒေသမှာ မကျွမ်း ကျင်တော့ သောဒုက္ခအန္တရာယ်ကြားမှာ ပြေးလွှား ရင်း တတ်သလောက်၊ မှတ်သလောက် မြေပုံကြမ်း ရေးခဲ့ပုံရတယ်”*

ဟု ဆိုလေ၏။ ချွန်းက

*“ဖြစ်နိုင်ပါတယ်၊ ဒီမြေပုံကြမ်းကလည်း တစ်ချိန်ချိန်မှာတော့ အသုံးဝင်လာမှာပါ၊ ကျုပ်တို့ အတွက်ကတော့ ရှေ့ခရီးမှာ ကိုယ့်လမ်းကိုယ်ထွင် ပြီး မှန်းဆသွားရမှာပဲ”*

ဟု ပြောဆိုလိုက်တော့၏။

ထိုအခိုက် ကျောက်တုံးကြီးတစ်တုံးနံဘေးတွင် ဝိုင်းဖွဲ့နေ သော ယမုံတို့လူစုထံမှ ဓူးဓူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာ၏။ ထိုအတူ ဝန်များကိုချ၍ အနားပေးထားသော လားများသည်





လည်း ထိတ်လန့်ပြီး ရုန်းကန်ကာ လားတစ်ကောင်သည် ချောက် ကမ်းပါးအစပ်သို့ ရောက်ရှိသွား၏။

ထိုလားသည် ချွန်းနှင့် နီးကပ်နေလေ၏။ ချွန်းက လားကို ချောက်ကမ်းပါးမှ ပြုတ်ကျမည်စိုး၍ လျှင်မြန်စွာပင် လား၏ထိန်း ကြိုးကို ဆွဲလိုက်နိုင်၏။

သို့သော် လားက ပို၍ထိတ်လန့်ပြီး ချွန်းကို ချောက်ကမ်းပါး အစပ်သို့ တရွတ်ဆွဲ၍ ခေါ်သွားတော့၏။

ယမုံတို့လူစုထဲမှ စိန်လျှောင်သည် ဖင်ထိုင်ထားရာ ကျောက် တုံးကြားမှ ရှိုခနဲ မြွေဟောက်တစ်ကောင် ခေါင်းထောင်လာသည်ကို တွေ့ပြီး ငယ်သံငယ်ရင်းပါအောင် အော်ဟစ်လိုက်ခြင်းဖြစ်၏။

ယမုံလည်း ထိုအသံကြောင့် ထ၍ခုန်လိုက်သလို မစ္စတာ တန်လည်း ဘုမသိ ဘမသိနှင့် ထင်းရှူးသေတ္တာတစ်လုံးနောက်သို့ နိုင်ဗင်ထိုး၍ ဝင်သွား၏။

ကျော်ဝဏ္ဏသည် ယမုံကို တွန်းဖယ်ပြီး စိန်လျှောင်အော်ဟစ် ညွှန်ပြရာသို့ကြည့်ကာ

*“မြွေဟောက်ပဲဟေ့”*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုပြီး သေနတ်ကိုပါ ထုတ်၏။

ထိုစဉ် ဘိုကေသည် အောင်ဘ၏လက်တွင်းမှ ဓါးရှည်ကို ဆွဲကာ ကျော်ဝဏ္ဏကို ပြေး၍တွန်းထုတ်ပြီး

*"မပစ်နဲ့"*

ဟု ဟန့်တားလိုက်၏။

ကျော်ဝဏ္ဏသည် ယိမ်းယိုင်သွားစဉ် မစ္စတာတန်က ခြောက်လုံးပြူးနှင့် မြွေကို ပစ်ခတ်လိုက်တော့၏။

ပစ်ချက်က လွဲချော်သွားသော်လည်း ကျည်ဆန်က နောက်ဘက်ရှိ မာကျောသော ကျောက်တုံးကြီးကို ထိနိုက်မိသံ ချွင်ခနဲ ထွက်ပေါ်လာ၏။

ထို့အတူ ကျည်ဆန်နောက်သို့ပြန်ကန်ပြီး လမ်းကြောင်းပြောင်းကာ မျက်လုံးကြီးပြူးကျယ်နေသော ဦးဘဟု၏ဆေးတံကို တိုက်ရိုက်ထိမှန်သွား၏။

ဦးဘတုသည် ကံကောင်းထောက်မစွာနှင့် ဆေးတံ တစ်ချောင်းကိုသာ ဆုံးရှုံးလိုက်ရ၏။ ဘိုကေသည် ဓါးသတ္တကြီးနှင့် ဓါးကို မြွေဟောက်ထံပစ်လွှတ်ကာ





*"မပစ်ကြပါနဲ့ဗျာ"*

ဟု ထပ်မံဟန့်တားရပြန်၏။

မြွေဟောက်သည် ဓါးဖျားတွင် ခေါင်းပြတ်ပြီး သွေးတို့နှင့် မြေပြင်တွင် တွန့်လိမ်နေလေပြီ။ သူတို့လူစုသည် ထိုအခါမှပင် ချွန်းကို သတိပြုမိ၏။

လားသည် နောက်ခြေနစ်ချောင်းက ချောက်ကမ်းပါး၏ လေထဲတွင် ရောက်ရှိနေ၏။ ချွန်းက ထိန်းကြိုးကို အားကုန်ဆွဲထား၍သာ ချောက်ကမ်းပါးတွင် ကိုယ်လုံးကြီးက ကန့်လန့်ခံ၍ တင်နေခြင်းဖြစ်၏။

သို့သော် ချွန်းသည်လည်း လွတ်လပ်စွာ မလှုပ်ရှားနိုင်ဘဲ မြေတွင်လဲလျောင်းရင်း ရှားရှားပါးပါးပေါက်နေသည့် ချုံပုတ်တစ်ခုကို ဖက်တွယ်ထားရ၏။

ချုံပုတ်သည် လား၏ရုန်းကန်မှုကြောင့် အမြစ်မှကျွတ်ထွက်မည့်ဆဲဆဲ အခြေအနေရှိ၏။ ဆရာချစ်သည် မျက်နှာတွင် ချွေးများဖျကာ ချွန်းထံ တရွေ့ရွေ့ချည်းကပ်နေ၏။

လားက ဆရာချစ်တိုးကပ်လာသည်ကို ပိုမိုထိတ်လန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါက လားရော၊ ချွန်းပါ ချောက်ကမ်းပါးအတွင်းသို့ တမုဟုတ်ခြင်း ထိုးကျသွားနိုင်၏။

ထို့ကြောင့် ဆရာချစ်သည် လားကို စိတ်တွင်းမှလှမ်း၍

*"ဟောကောင်ကြီး၊ လိမ်လိမ်မာမာနဲ့ ငြိမ်ငြိမ် ကလေးနေစမ်းပါ၊ မင်း ထပ်ပြီး ယက်ကန် ယက်ကန်လုပ်ရင် အခြေအနေ ပိုဆိုးသွားလိမ့်မယ်"*

ဟု တောင်းပန်နေရ၏။

ချွန်းသည် စိတ်ကို တည်ငြိမ်အောင်ထိန်း၍ လှုကလည်း မလှုပ်ရှားမိအောင် ငြိမ်သက်နေရ၏။

လားထိန်းကြိုးကလည်း သူ၏လက်ဖဝါးကို တင်းကြပ်ပြီး အရိုးများပင် ကြေမွနေပြီဟု ထင်မှတ်မိ၏။ ယမုံတို့လူစုသည်လည်း အသက်ကိုပင် ရဲရဲမရှူဝံ့ဘဲရှိကြ၏။

ကံကောင်းထောက်မစွာနှင့် ဆရာချစ်သည် လားထိန်းကြိုးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိသွား၏။ ထိုအခါမှပင် ချွန်းနှင့်အတူ လားကို ပြန်၍ဆွဲတင်နိုင်တော့၏။

ဘိုကေက သက်ပြင်းချ၍



BURMESE CLASSIC .com



*"ကျုပ်က သေနတ်နဲ့ပစ်ရင် အဲဒီလိုတွေ ကျည်ဆန် ပြန်ကန်ထွက်လာမှာစိုးပြီး တားတာကို သဘောမပေါက်ကြဘူးဗျာ၊ ကံကောင်းလို့ပေါ့၊ ဦးဘတူတစ်ယောက် အကြောင်းမဲ့ အသက်ဆုံးရှုံး ရတော့မလို့"*

ဟု စိတ်ပျက်လက်ပျက် ညည်းညူလေ၏။

ဦးဘတူသည် ယမုံက ရေတိုက်ထားသော်လည်း မျက်နှာက ဖြူဖပ်ဖြူရော်သာ ရှိနေသေး၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် လက်ဖဝါးတွင် စုတ်ပြသွားလေရာ ယမုံက ဆေးထည့်ပေး၍ ပတ်တီးစည်းနှောင်ပေးရင်း

"အခုမှ ခရီးအစပဲ ရှိသေးတယ်နော်"

ဟု ပြောလေ၏။ ချွန်းက ယမုံကို စူးစိုက်ကြည့်၍

"ဟုတ်တယ်၊ ဒီခရီးစဉ်မှာ သဘာဝရဲ့ ဘေးဒုက္ခတွေ၊ သားရဲတွေရဲ့ အန္တရာယ်တွေနဲ့ တခြား မသိနိုင်တဲ့ ဆိုးဆိုးဝါးဝါးအရာတွေကို ကြုံတွေ့ရဦးမယ်၊ အခုအချိန်မှာ ယမုံ့အတွက်





ဆုံးဖြတ်ချက်ပြင်နိုင်သေးတယ်၊ မင်းတို့သားအဖ ရေပေါ်မီးမှာရှိတဲ့ စက်လှေကပဲ အစ်ကိုတို့အပြန်ကို စောင့်နေလို့ရတယ်"

ဟု ဆိုလိုက်၏။ ယမုံက နှုတ်ခမ်းကိုကိုက်၍ ခေါင်းယမ်းပြီး

"ယမုံက အခက်အခဲတွေကို တွေးမကြောက်ပါဘူး၊ အစ်ကိုနဲ့အဖေက ယမုံ့ကို စောင့်ရှောက်သလို ယမုံကလည်း အစ်ကိုတို့ကို စောင့်ရှောက်နိုင်တာပဲ မဟုတ်လား၊ တစ်ခုပဲရှိတယ်၊ ဒီလိုခရီးမှာ ယမုံတို့ချစ်သူနှစ်ယောက် သူစိမ်းတွေလို နေနေရတာတော့ တစ်မျိုးကြီးပဲ"

ဟု ပြောလေရာ ချွန်းက ယမုံ၏လက်ကို မသိမသာဆုပ်ကိုင်ပြီး

"အဲဒီအချိန်တွေ ဒီခရီးစဉ်ပြီးရင် ကုန်ဆုံးသွားမှာပါကွယ်"

ဟု နှစ်သိမ့်လိုက်လေ၏။

ချွန်းသည် ညမှောင်စင်အထိ ခရီးပေါက်နိုင်သလောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလာရန် ဆုံးဖြတ်ထား၏။ သူတို့အတွက် ခရီးထွက်ကာစဖြစ်လေရာ အားအင်အပြည့်ရှိနေသည်သာဖြစ်၏။

ဤသို့ဖြင့် သွားလာရင်း ထင်းရှူးပင်များပေါက်နေသော တောင်စောင်းတစ်ခုကို ကျော်ဖြတ်၍ သွားလာပြီးနောက် အိမ်ခြေအနည်းငယ်ရှိသော ရှမ်းရွာလေးတစ်ရွာသို့ ရောက်ရှိလာကြ၏။

ရွာကလေးမှာ အိမ်ခြေက လေးငါးအိမ်မျှရှိသော်လည်း ကြက်၊ ဝက်များ မွေးမြူထားသည်မှာ မွေးမြူရေးရွာကြီးတစ်ရွာအလားထင်ရ၏။

မစ္စတာတန်က ဆူဖြိုးလှသော ဝက်ပေါက်တစ်ကောင်ကို မြင်ပြီး နှုတ်ခမ်းကို လျှာနှင့်သပ်ကာ

"ဒီညတော့ ဝက်ကောင်လုံးကင် စီစဉ်ရမှာပဲ ဟော့"

ဟု ကျော်ဝဏ္ဏကို အဖော်စပ်လိုက်၏။ အောင်ဘက မျက်နှာမဲ့ပြီး

"ဒီကောင်တွေက ဘယ်နေရာရောက်ရောက် လျှာအရသာခံဖို့ပဲ စဉ်းစားနေကြတာပါပဲလား"





ဟု ရေရွတ်လေ၏။

ချွန်းက ရွာထဲမှ အကြီးမားဆုံးဖြစ်သော ခြေတံရှည် သစ်သားအိမ်ကြီးသို့သွား၍ တစ်ညတာ တည်းခိုခွင့် တောင်းရ၏။

ထိုအခါ အိမ်ပိုင်ရှင် ရှမ်းအဘိုးအိုက

"တည်းခိုလို့တော့ရပါတယ်၊ ဒါပေမဲ့ အပြန်ခရီးမှာတော့ ကျုပ်တို့ရွာကို ဝင်ခွင့်မပြုနိုင်တော့ဘူး"

ဟု ပြောလေ၏။ ချွန်းက

"ဒီစကားက ထူးဆန်းနေသလိုပဲ"

ဟု ဆိုလိုက်ရာ အဘိုးအိုက

"လူကလေးတို့ဟာ ရင်ကွဲတောင်ခရီးကို သွားကြမဲ့လူတွေဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် အပြန်ခရီးမှာတည်းခိုဖို့ ခွင့်မပြုနိုင်တာပါ၊ ရင်ကွဲတောင်ရဲ့ မကောင်းတဲ့ကံကြမ္မာဆိုးတွေ ကျုပ်ရွာကလေးကို သယ်ယူလာမှာ စိုးရိမ်လို့ပါ"

ဟု ရှင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် တိုင်းရင်းသားတို့၏ ဒေသခံ ယုံကြည်ကိုးကွယ်မှုများကို သဘောပေါက်ပြီး ဘာမှဆက်မပြောတော့ဘဲ သူတို့လူစုတို့အိမ်ကြီးတွင် တည်းခိုရန် စီစဉ်ရ၏။

မြေတ်ရှည်အိမ်ကြီး၏ အောက်ထပ်တွင် မြေပြင်ကို သန့်ပြန့်အောင် ရှင်းလင်းပြီး ကွပ်ပျစ်တိုင်နိုက်ကို ပြုလုပ်ထား၏။ ချွန်းက ဆရာချုပ်ဦးဘာလှတို့သားအဖ၊ ကျော်ဝဏ္ဏနှင့် ရေတာတန်တို့ကို အိမ်၏ အပေါ်ထပ်တွင် နေထိုင်စေကာ ကျန်သူများက အောက်ထပ်တွင် မီးပုံကြီးဖို၍ အဆင်ပြေသလို အိပ်စက်ကြမည်ဖြစ်၏။

ချွန်းကမူ တောတွင်းခရီးသွားတိုင်း ဆောင်ယူတတ်သော ကြိုးပုခက်ကို ဆင်ထားပြီးဖြစ်၏။ ရွာတွင်းမှ ဝက်တစ်ကောင်ကို အကြေးငွေပေးပြီး ဝက်ကောင်လုံးကင်ရန်လည်း ယမ်းနှင့် ထမင်းချက် နှစ်ယောက်က ပြင်ဆင်နေလေ၏။

ရှမ်းအဘိုးအိုသည် သဘောကောင်း၍ ပွင့်လင်း၏။ သူ၏ မိသားစုများကို အခြားအိမ်သို့ရွှေ့စေကာ အိပ်စက်စေ၏။

ငှင်းကမူ ချွန်းတို့ကို ဒေသထွက်အစားအသောက်များနှင့် အကြမ်းဆိုးတည်ကာ ဧည့်ခံ၏။ ချွန်းနှင့် ဆရာချုပ်သည် အရက်





သောက်သူများမဟုတ်သော ယမ်းနှင့်အတူ ညစာကို ဦးစွာ စားသောက်ကြ၏။

ကျန်သူများမှာ အိမ်ရှေ့မြေကွက်လပ်တွင် မီးကျီခဲဖို၍ ကင်ထားသော ဝက်ကောင်လုံးကင်နှင့် အရက်ဝိုင်းဖွဲ့နေကြ၏။

ချွန်းက ရှမ်းအဘိုးအိုကို

*"ကျွန်တော်တို့ အမြဲ့ခရီးမှာ တည်းခိုခွင့်မပေးဘူး ဆိုတာကို နားလည်သဘောပေါက်ပါတယ်၊ အဲ့ဒါ သိပေမယ့် ကျွန်တော်တို့သွားရမဲ့ ရင်ကွဲတောင် ခရီးလမ်းအခြေအနေကိုတော့ လမ်းညွှန်ပေးစေ လို ပါတယ်"*

ဟု ပြောလိုက်ရာ အဘိုးအိုသည် ချွန်းတို့ကို သနားစရာ သတ္တဝါများလို ကြည့်ရှုပြီး ခေါင်းရမ်းကာ

*"လမ်းမညွှန်တတ်ပါဘူး။ ကျွန်တော့် ဘိုးဘေး ဘောင်ဆက်ကတည်းက အဲဒီမှာ တောင်လောက်ရှိတဲ့ မြွေနဂါးကြီးတွေ၊ ဂျုံကြီးတွေ ရှိတယ်လို့ ကြားဖူးတယ်၊ တတ်နိုင်ရင် ရင်ကွဲတောင်ရဲ့*



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုတောင် ကျုပ်မပြောချင်ပါဘူး၊ လွန်ခဲ့တဲ့ (၃)နှစ်လောက်ကလည်း အဲဒီက ပြန်လာပြန်ရှိတဲ့ လူတစ်ယောက်ကို ရွာမှာကယ်တင်လက်ခံခဲ့မိတဲ့အတွက် ရွာသားတစ်ချို့ သေဆုံးခဲ့ကြရသေးတယ်၊ အဲဒီသူဟာ ရင်ကွဲတောင်က မကောင်းတဲ့ ကံကြမ္မာဆိုးတွေကို ရွာအရောက် သယ်ဆောင်လာခဲ့တာပေါ့''

ဟု ဆိုလေ၏။ ထိုသို့ပြောဆိုရင်း အဘိုးအို၏မျက်လုံးအစုံက ရီဝေနေ၏။ ထိုအခါ ဆရာချစ်က စိတ်ဝင်တစားနှင့် အဘိုးအိုကို

''ဒါဆိုရင် အဘတို့က အဲဒီလူဆီက ရင်ကွဲတောင်နဲ့ပတ်သက်ပြီး သဲလွန်စတွေ့တာတွေ ကြားခဲ့ရမှာပေါ့''

ဟု မေးမြန်းလိုက်၏။ အဘိုးအိုက အကြမ်းခွက်ကိုမော့၍

''အဲဒီလူက တရုတ်လူမျိုးတစ်ယောက်ပါပဲ၊ သူဟာ ရင်ကွဲတောင်အကြောင်းကို ပြောဖို့နေနေ သာသာ လမ်းခရီးမှာ ဘယ်လိုဘေးဒုက္ခတွေ တွေ့





ကြုံခဲ့သလဲဆိုတာ မသိပါဘူး၊ စိတ်ဓာတ် ချောက်ချားပြီး နှလုံးပျက်နေပုံပါပဲ၊ သူ့ကိုရွာမှာ (၇)ရက်လောက်နေစေပြီး ကျုပ်ကိုယ်တိုင် ရေပေါ် မီးရွာကို လိုက်ပို့ပေးခဲ့တာပါ၊ သူဟာ ညဘက်ဆိုရင် အိပ်နေရင်းက လူနီကြီးတွေ.. လူနီကြီးတွေ ဆိုပြီး အထိတ်တလန့် အော်ဟစ်တတ်သေးတယ်၊ သူ့ကိုရွာမှာ လက်ခံမိခဲ့တဲ့အတွက် သူပြန်သွားပြီး မကြာခင်မှာပဲ ကျုပ်ရဲ့သားဟာ တစ်ကိုယ်လုံး ပြာနှမ်းပြီး သေဆုံးခဲ့ရတယ်၊ အဲဒါအပြင် အခြားကလေးငယ်တစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက်လည်း အဲဒီလို ပြာနှမ်းပြီး ရှေ့ဆင့်နောက်ဆင့် သေဆုံးခဲ့ကြပြန်တယ်၊ ဒါဟာ ရင်ကွဲတောင်က ကံကြမ္မာဆိုးတွေ ကြောင့်ပဲမဟုတ်လား၊ ကျုပ်တို့ရွာဟာ မွေးမြူရေးလုပ်ပြီး၊ ရေပေါ်မီးရွာက ရွှေတွင်းမှာ အသက်မွေးနေကြတာပဲ၊ အဲဒီကံကြမ္မာဆိုးက တိရိစ္ဆာန်တွေကိုလည်း မညှာတာပါဘူး၊ အခုဆိုရင် တိရိစ္ဆာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



*ဟာ အကြောင်းမဲ့ တဖြုတ်ဖြုတ် သေဆုံးနေကြတယ်''*

ဟု ပြောလေ၏။ ဆရာချစ်သည် မျက်မှောင်ကြီးကြုတ်၍ စဉ်းစားခန်းဝင်နေသလို ချွန်းက တစ်စုံတစ်ရာ စဉ်းစားမိဟန်နှင့်

*''ဆရာချစ်၊ ဒီရွာကိုရောက်လာတဲ့ တရုတ်ဆိုတာ မစ္စတာတန်ရဲ့ ညီဝမ်းကွဲဖြစ်လိမ့်မယ်''*

ဟုဆိုလိုက်၏။ ဆရာချစ်က ခေါင်းညိတ်ပြီး

*''ဖြစ်နိုင်ပါတယ်၊ အခုလောလောဆယ် မောင်ရင်မှာ လက်နှိပ်ဓာတ်မီး ကောင်းကောင်းရှိတယ်မဟုတ်လား၊ ကျုပ် ဒီရွာသားတွေရဲ့ ကံကြမ္မာဆိုးအကြောင်းကို လေ့လာချင်လို့ပါ''*

ဟုပြောလေ၏။ ချွန်းက

*''ရှိပါတယ်၊ ဘယ်လိုလေ့လာမှာလဲ''*

ဟု မေးမြန်းလေရာ ဆရာချစ်က

*''တိတိကျကျတော့ မပြောနိုင်သေးဘူး၊ အဘိုးကြီးကိုတော့ မေးစရာလေးတွေရှိသေးတယ်''*





ဟုဆိုလေ၏။ ထို့နောက် အဘိုးအိုကို

*''အဘတို့ ဒီရွာကလေးမှာ သုံးစွဲဖို့ ရေကို ဘယ်ကရသလဲ''*

ဟု မေးမြန်းရာ အဘိုးအိုက

*''ရွာအောက်ဘက်မှာ တစ်နှစ်လုံး ရေမပြတ်စီးနေတဲ့ စမ်းချောင်းရှိတယ်လေ၊ တစ်ချို့နေရာတွေမှာလည်း စမ်းပေါက်လိုဟာတွေ ကျောက်တောင်ကြားက စိမ့်ထွက်နေတော့ အဆင်ပြေတဲ့နေရာက သုံးစွဲနေကြတာပါပဲ''*

ဟု အဖြေပေးလေ၏။

မကြာမီ ချွန်းနှင့် ဆရာချစ်သည် အိမ်အနောက်ဘက်ရှိ တောင်စောင်းအတိုင်းဆင်းကာ စမ်းချောင်းသို့ ရောက်လာကြ၏။

ချွန်းသည် စစ်သုံးရိုင်ဖယ်ကို ကိုယ်နှင့်မကွာ ဆောင်ယူခဲ့၏။ ဆရာချစ်သည်လည်း လှံရှည်တစ်လက်ကို တောင်ဝှေးသဖွယ်အသုံးပြုကာ သွားလာနေ၏။

ဆရာချစ်သည် လက်နှိပ်ဓါတ်မီးရောင်ကို အားကိုးပြီး စမ်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပတ်ဝန်းကျင်ရှိ ကျင်းကလေးများ၊ ချိုင့်ကလေးများမှအစ၊ မြေစိုင်ခဲ၊ ကျောက်ခဲများကို ကောက်ယူ၍ကြည့်ရှုရင်း အချို့ကို တရှုံ့ရှုံ့ပင် အနံ့ခံလေ၏။

သူတို့နှစ်ဦးသည် စမ်းချောင်းမှအပြန်၌တွင် ခပ်ပြေပြေရှိသော အခြားလမ်းမှ သွားလာကြ၏။ ထိုအခါ ဆရာချစ်က ဝါးရုံတော တစ်ခု၏အစပ်မှ ကျောက်စိုင်များကြားတွင် စမ်းပေါက်လိုရှိနေသော တွင်းကြီး တစ်ခုကိုတွေ့ရှိပြီး

*"တွင်းက ရာဝင်အိုးတစ်လုံးစာလောက် ဖြစ်နေတာပဲ"*

ဟု ရေရွတ်လေ၏။

ထို့နောက် ဆရာချစ်သည် ကျောက်တုံးကြီးအား လှုံ့ရှုည်နှင့် ထိုးဆွကြည့်ခြင်း၊ တွင်းထဲမှ ရေကိုမွှေနောက် အနံ့ခံခြင်းများ ပြုလုပ်ပြီး သက်ပြင်းချကာ

*"ရှမ်းအဘိုးကြီးပြောတဲ့ ကံကြမ္မာဆိုးဆိုတာ ဒီတွင်းကြီးပဲပေါ့"*

ဟု ဆိုလေတော့၏။ ချွန်းက နားမလည်ဟန်နှင့်ရှိနေလေရာ





ဆရာချစ်က ကွမ်းယာကိုငုံပြီး

*"ဒီကျောက်တုံးကြီးဟာ ရိုးရိုးကျောက်တုံးကြီး မဟုတ်ဘူးကွ၊ ခဲသတ္တုရာနှုန်းတော်တော်များများ ပါဝင်တဲ့ ကျောက်တုံးကြီးပဲ၊ သေသေချာချာ ဓါတ်ခွဲခန်းတွေမှာ စစ်ဆေးကြည့်ရင်တော့ တခြားခဲလိုပဲ အဆိပ်ဖြစ်စေတတ်တဲ့ ဒြပ်သတ္တုတွေ ပါဝင်နေတာ တွေ့ရဦးမှာပဲ၊ ဒီကျောက်တုံးကြီးမှာရှိနေတဲ့ ရေတွေကလည်း ဝါးရွက်ဆွေးတွေ၊ အခြားသစ်ရွက်ဆွေးတွေနဲ့ ဓါတ်ပြုထားတဲ့ အရည်တွေဆိုတော့ အဆိပ်ပေါင်းအိုးကြီးလို ဖြစ်နေမှာပေါ့"*

ဟု ဆိုလေ၏။ ချွန်းက ခေါင်းညိတ်ပြီး

*"ရွာသားအချို့နဲ့ တိရစ္ဆာန်တွေက ဒီရေတွေကို သောက်သုံးမိပြီး သေဆုံးကုန်ကြတာပေါ့၊ ဒီအကြောင်းတွေကို အိမ်ပိုင်ရှင်အဘိုးကြီး နားလည်သဘောပေါက်အောင် ရှင်းပြရမယ်၊ ဒီကျောက်အိုင်ကြီးကိုလည်း မြေဖို့တာဖြစ်ဖြစ်၊ ဖြိုဖျက်တာ*



www.burmeseclassic.com

www.burmeseclassic.com



*ဖြစ်ဖြစ် လုပ်ဖို့အကြံပေးရမယ်"*

ဟု ဆိုလိုက်တော့၏။

ဝက်ကောင်လုံးကင်နှင့် အရက်ဝိုင်းဖွဲ့နေသူများမှာ အရှိန်ကောင်းတုန်းပင် ရှိ၏။

တရုတ်ကြီး မစ္စတာတန်က ခပ်မြူးမြူး တရုတ်သီချင်းတစ်ပုဒ်ကို အသံသေး အသံကြောင်နှင့် သီဆိုနေသလို ဘိုကေကလည်း ကွေးနေအောင် ကပြဖျော်ဖြေလျက်ရှိ၏။

ဘိုကေသည် အရက်ဝိုင်းတွင် အခြားသူများနှင့် အတော်အတန် ရင်းနှီးကျွမ်းဝင်နေပြီဖြစ်၏။ သူသည် လားထိန်းတရုတ်နှစ်ယောက်အား ငယ်သူငယ်ချင်းများပမာ နောက်ပြောင်၏။

ထမင်းချက်နှစ်ယောက်နှင့်လည်း လက်မောင်းလှဲကာ အားစမ်း၏။

ကျော်ဝဏ္ဏနှင့် စိန်လျှောင်တို့ကိုလည်း ဝက်သားကင် တစ်ပွဲစီ ခွန့်ကျွေးခဲ့၏။

ယမ်းကမူ ဖခင်နှင့် နီးကပ်စွာထိုင်၍ ဘိုကေ၏ပြက်လုံးတို့တွင် ပွဲကျလျက်ရှိ၏။





ထိုအခိုက် အောင်ဘာသည် ကြိုးပုခက်တွင်ရှိနေသော ချွမ်းဟဲသို့ ရောက်လာကာ

*"တရုတ်ကြီးကတော့ ဘာမှအမှုအပင်ရှိပုံမရဘူး၊ သူ့အတွက် အစားကောင်းကောင်းစားပြီးကြုံရင် မိန်းမတွေနဲ့ ပျော်ပါးချင်တာပဲရှိလိမ့်မယ်၊ ဟို ကျော်ဝဏ္ဏတို့အုပ်စုကတော့ တစ်ခုခုကို ကြိတ်ပြီး ကြံစည်နေသလိုပဲ၊ စိန်လျှောင်ဟာ ရေပေါ်မီးရွာမှာ လားတွေ အလွယ်တကူရှာဖွေနိုင်တာလည်း သံသယရှိစရာပဲ၊ ပြီးတော့ အဲဒီလားထိန်းတရုတ်တွေနဲ့လည်း ဟိုးအရင်ကတည်းက ရင်းနှီးခဲ့ပုံရတယ်၊ ဒါဟာ ကြိုတင်ကြံစည်ထားတာ ဖြစ်နိုင်တယ်၊ ဟိုထမင်းချက်နှစ်ယောက်ကလည်း ငပိကိုတောင် ကောင်းကောင်းဖုတ်တတ်တာမဟုတ်ပေမဲ့ စိန်လျှောင်က ထမင်းချက်ဆိုပြီး ခေါ်လာခဲ့တယ်၊ ဒီကောင်တွေ အရက်သောက်ရင်း ပြောနေတာတွေ နားထောင်ကြည့်တော့ ဟာမှုလင်းဆိပ်ကမ်းက*



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းလှမိုက်တွေဆိုတာ ကျိန်းသေပါတယ်၊ ဒါကြောင့် ကျော်ဝဏ္ဏတို့အုပ်စုကိုပဲ သတိထားရတော့မယ်၊ ဘိုကေကလည်း ဒီကောင်တွေကို ရင်းနှီးအောင် ဝင်လုံးနေပြီ”

ဟု သတင်းပေးလေတော့၏။

ပန်းအိမ် ရွှန်းပျော
အမှတ်(၇) မျက်မှန်စာတန်း၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေး တာမွေ။





နောက်တစ်နေ့တွင် ချွန်းတို့လူစုသည် ခရီးဆက်ရပြန်၏။ သူတို့မထွက်ခွာမီ ဆရာချစ်က အိမ်ရှင်အဘိုးအိုနှင့် ရွာသားအချို့ကို ခေါ်ကာ အဆိပ်အိုင်ကိုပြသပြီး ထိုရေကို ကြက်တစ်ကောင်အား တိုက်ကြွေးလေ၏။

ကြက်သည် မိနစ်ပိုင်းအတွင်း၌ပင် အတောင်တဖျတ်ဖျတ် ခတ်၍ အကြောဆွဲကာ သေဆုံးသွား၏။ ကြက်၏အရေပြားသည်လည်း ပြာနှမ်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ကြက်သေကိုကြည့်ပြီး

*"ဒါဟာ အရင်တိရစ္ဆာန်တွေ သေဆုံးသွားတာနဲ့ တစ်ပုံစံတည်းပါပဲ"*

ဟု ရေရွတ်လေ၏။ ချွန်းက ဆရာချစ်ကို ညွှန်ပြပြီး

*"ဒီကဆရာကြီးက သတ္တုရွှေအကြောင်း ကောင်းကောင်း နားလည်ပါတယ်"*

ဟု အစချီကာ အဆိပ်ဖြစ်ပေါ်နေသော ရေအိုင်အကြောင်း ရှင်းပြလိုက်လေ၏။

ရွာသားများသည် လက်တွေ့ရှင်းလင်းပြလေရာ နားလည်လက်ခံသွားကြ၏။

အဘိုးအိုက ဆရာချစ်၏လက်ကို ဆုပ်ကိုင်ပြီး

*"မောင်ရင်ကျေးဇူးကြောင့် ကျုပ်တို့တစ်တွေအတွက် နောင်ဖြစ်လာမဲ့အန္တရာယ်က ကြိုပြီး ကာကွယ်လိုက်နိုင်တာပါ၊ အမြန်ဆုံးမှာ ကျုပ်တို့ ရွာကလေးကို ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်၊ ပြီးတော့ ရင်ကွဲတောင်နဲ့ပတ်သက်ပြီး ကျုပ်မပြော*





*ဖြစ်ခဲ့တဲ့ အကြောင်းတစ်ခုကိုလည်း အသိပေးလိုက်ပါမယ်"*

ဟု ပြောလေ၏။

အဖွဲ့သားအားလုံး အဘိုးအို၏စကားကို စိတ်ဝင်တစားနားစွင့်နေကြ၏။

အဘိုးအိုက အဝေးရှိ တောင်တန်းများဘက်သို့ လက်ညှိုးညွှန်ကာ

*"ရှေ့က တောင်တန်းမှာရှိတဲ့ တောင်ထိပ်များကို ကြည့်ပါ၊ အဲဒါ ငှက်အော်တောင်လို့ခေါ်တယ်၊ ငှက်အော်တောင်မှာ ထူးထူးဆန်းဆန်းပဲ၊ ဖိုခနောက်ဆိုင် ပေါက်နေတဲ့ ကညင်ပင်ကြီးသုံးပင်ရှိတယ်၊ သစ်ပင်ကြီးတွေဟာ ကြီးမားလွန်းတဲ့အတွက် လူရဲ့လက် လေးငါးဖက်စာလောက်ရှိတယ်၊ အဲဒီ ကညင်ပင်ကြီး သုံးပင်မှာ အရှေ့ဘက်၊ အနောက်ဘက်က အပင်နဲ့ မြောက်ဘက်က အပင်ကို တစ်တန်းတည်းထားပြီး စိတ်ကူးနဲ့ မျဉ်းဆွဲရမယ်၊*



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



*အဲဒီမျဉ်းအတိုင်း (၅) ရက် ခရီးသွားလာရင် ရင်ကွဲတောင်ကိုရောက်ပြီလို့ ဆိုတယ်၊ အဲဒါဟာ ကျုပ်တို့ဘိုးစဉ်ဘောင်ဆက် ရင်ကွဲတောင်ခရီးစဉ်နဲ့ ပတ်သက်ပြီး ကြားခဲ့ရတဲ့ စကားပါပဲ"*

ဟု ပြောလေ၏။

ချွန်းက ဆရာချစ်ကို

*"ကျုပ်တို့ရဲ့ခရီးအတွက် တန်ဖိုးမဖြစ်နိုင်တဲ့ သတင်းပဲ၊ ဒါမှမဟုတ်ရင် မကျွမ်းကျင်တဲ့လမ်းကို စမ်းတဝါးဝါး သွားလာပြီး လမ်းမှာတင် ဒုက္ခတွေ့နိုင်တယ်၊ မျဉ်းဖြောင့်အတိုင်းက (၅) ရက်ခရီး ဆိုပေမဲ့ တစ်လလည်း သွားရနိုင်တာပဲ"*

ဟု ဆိုလိုက်၏။

သူတို့လူစုသည် အတိုးအဆိုညွှန်ပြသည့် လမ်းကြောင်းအတိုင်း သွားလာကာ ငှက်အော်တောင်သို့ ခရီးဆက်ကြရ၏။

ထိုတောင်ကြီးမှာ ပေ (၃၀၀၀) ခန့် အမြင့်ရှိပြီး အမြင့်နိမ့်လှသော်လည်း ခရီးဝေးလေရာ တစ်နေကုန် သွားလာရ၏။ ထို့အပြင်





တောင်တက်ခရီးက မတ်စောက်သောကြောင့် အချိန်ပြည့် စည်းစိမ်ယစ်မူးနေသော မစ္စတာတန်အား မကြာခဏ စောင့်၍ခေါ်နေရ၏။

ကျန်သူများအတွက်မူ အားလုံး အဆင်ချောနေသေး၏။

ချွန်းသည် ဦးဘတူတို့သားအဖကို မကြာခဏသတိပြုနေ၏။

ဦးဘတူမှာ အသက်အရွယ်ထောက်လာသော်လည်း သန်စွမ်းဖျတ်လတ်ဆဲ ဖြစ်၏။ ယမုံသည်လည်း မောပန်းမှုကို ဂရုမပြုဘဲ အပြုံးမပျက် ရှိနေ၏။

တစ်နေရာသို့အရောက်တွင် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်တွင် ကပ်၍ ခပ်နီနီမှိန်မှိန်သာပေါက်နေသော သစ်ခွပန်းများကို တွေ့လေရာ ကျော်ဝဏ္ဏက သွက်လက်စွာခူးပြီး ယမုံကို ပေးလေ၏။

မစ္စတာတန်က အမှီလိုက်လာပြီး ကျော်ဝဏ္ဏကို လေသံတိုးတိုးနှင့်

*"ဒီနည်းတွေက မိန်းမပိုးတဲ့နေရာမှာ တော်တော်ခေတ်နောက်ကျနေပါပြီကွာ"*

ဟု လှောင်ပြောင်လေ၏။ ကျော်ဝဏ္ဏက ဟက်ခနဲရယ်၍

*"မိန်းမပိုးတဲ့နေရာမှာ နည်းလမ်းမလိုပါဘူး*



www.burmeseclassic.com

www.burmeseclassic.com



*ဗျာ၊ အခွင့်အရေးကို ကောင်းကောင်း အသုံးချ တတ်ဖို့ပဲ လိုတာပါ"*

ဟု ပြောလိုက်၏။ မစ္စတာတန်က တခွီးခွီးရယ်မောပြီး

*"မင်းပေးတဲ့ပန်းကို မိန်းကလေးက မကောင်းတတ်လို့ ယူထားရုံပဲကွ၊ သူသာ တကယ် မြတ်နိုးမယ်ဆိုရင် ခေါင်းမှာပန်လိုက်မှာပေါ့၊ အခုတော့ ခရီးဆောင်အိတ်ထဲကို ထိုးကြိတ်ပြီး ထည့်သွားတာ တွေ့တယ် မဟုတ်လား"*

ဟု ပြောပြန်၏။ ကျော်ဝဏ္ဏသည် မျက်နှာကြီးနီရဲပြီး

*"ခင်ဗျားဟာ သူတစ်ပါးစိတ်အနှောင့်အယှက်ဖြစ်မှ စားဝင်အိပ်ပျော်မဲ့လူပဲဗျ"*

ဟု ပြောဆိုကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းပြီး မစ္စတာတန်ကို ကျော်ဖြတ်သွားတော့၏။ မစ္စတာတန်ကမူ နောက်မှလှမ်း၍

*"ကျော်ဝဏ္ဏ… နည်းကောင်းကလေး ဘာလေး ရှိရင်လည်း ငါ့ကို မျှပါဦးကွ"*

ဟု အော်ဟစ်လိုက်သေး၏။





ဤသို့ဖြင့် သွားလာကြရာ ငှက်အော်တောင်ထိပ်သို့ ရောက်ရှိလာကြ၏။

ထိုအချိန်တွင် နေလုံးက အနောက်ဘက်ရှိ တောင်စွယ်၊ တောင်တန်းများနောက်ကွယ်သို့ ဝင်ရောက်ပျောက်ကွယ်ပေတော့မည်။

ချန်းသည် တစ်ညတာ စခန်းချရန်အတွက် ရွက်ဖျင်တဲများ ထိုးရန် စီစဉ်လေ၏။ ထို့နောက် အလင်းမပျောက်မီ ရေနှင့် ထင်းခြောက်များ ရှာဖွေရ၏။

အဖွဲ့သားအားလုံး တက်ညီလက်ညီဖြင့် လုပ်ကိုင်ကြရာ အချိန်အနည်းငယ်အတွင်း စခန်းချရန် အသင့်ပြင်ဆင်ပြီးသွား၏။

ဝါးကျည်တောက်ကြီးများနှင့် ရေသယ်လာသော ဘိုကေနှင့် အောင်ဘတို့သည် အိပ်တန်းတက်တော့မည့် တောကြက်နှစ်ကောင်ကိုပါ ဖမ်းမိလာခဲ့၏။

ဘိုကေက တောကြက်များကို ကိုင်မြှောက်ပြီး

*"ကျုပ်အာစရိက အကြောင်းမဲ့ ကျည်ဆန် မဖြုန်းရဘူးဆိုလို့ တောကြက်တွေကို ဝါးရင်းတုတ်နဲ့*



www.burmeseclassic.com

www.burmeseclassic.com



*ပစ်ပြီး ဖမ်းလာခဲ့တယ်"*

ဟု ပြောလေရာ မစ္စတာတန်က ထမင်းချက်များကို

*"ကြက်တစ်ကောင်ကို အရေခွံဆုတ်ပြီး အကောင်လိုက်ပြုတ်စမ်းကွာ၊ ကြက်ပြုတ်ရည်ဟာ လက်ဖက်ရည်ယန်းကန်လုံးတစ်လုံးစာလောက်ပဲ ရှိတော့ရင် မီးဖိုကချပြီး ငါ့ကိုလာပေးဟော၊ အဲဒါ အကောင်းစား ကြက်ပေါင်းရည်စစ်စစ်ပဲ၊ အင်မတန် အားရှိတာ"*

ဟု ပြော၍ ခိုင်းစေလေ၏။

ချွန်းသည် ညစာစားသောက်ပြီးလျှင် စခန်းချရာနှင့် မလှမ်းမကမ်းရှိ ကညင်ပင်ကြီးသုံးပင်သို့ သွားလေ၏။

သူနှင့်အတူ ဆရာချစ်ပါ လိုက်ပါလာ၏။ ချွန်းက စစ်သုံးမြေပုံကိုချ၍ ငှက်အော်တောင်ကိုရှာဖွေ၏။ ထို့နောက် အသိုးအိုညွှန် ပြလိုက်သည့် ကညင်ပင်ကြီးနှစ်ပင်ကို တစ်တန်းတည်းထား၍ စိတ်မှန်းနှင့် မြောက်အရပ်သို့ မျဉ်းဆွဲ၏။

ထိုအခါ စစ်သုံးမြေပုံထဲမှ ပေ (၂၀၀၀) ခန့်မြင့်သော





တောင်ထွတ်တစ်ခုနှင့် တစ်တန်းကျနေလေရာ ခဲတံနှင့် ငှက်အော်တောင်မှစ၍ ထိုတောင်ထွတ်သို့ မျဉ်းတစ်ကြောင်း ဆွဲလိုက်တော့၏။

ဆရာချစ်က ကြည့်ရှုပြီး

*"ဒီမျဉ်းကိုဆက်လိုက်ရင် တို့သွားရမဲ့ ခရီး စဉ်ရပြီပေါ့၊ ဒါပေမဲ့ တကယ့်ခရီးက ဒီလိုမျဉ်းဖြောင့်အတိုင်း သွားလို့မရဘူးဆိုတော့ ဒီမျဉ်းကို ပုံသေယူပြီး လမ်းမှန်ရှာရာမှာ အသုံးဝင်တာပေါ့"*

ဟု ပြောလေ၏။

ချွန်းက ခေါင်းညိတ်ပြီး သံလိုက်အိမ်မြှောင်နှင့် ထပ်၍ ထောင့်များ၊ ဒီဂရီများကို စစ်သုံးမြေပုံတွင် တိုင်းတာကာ မြေပုံ၏ နောက်ကျောဘက်တွင် အကြမ်းရေးမှတ်လိုက်ပြီး

*"ဒီလို ဦးတည်ရာရှိနေတဲ့အတွက် တောထဲမှာ တဝဲလည်လည် လမ်းပျောက်မဲ့အန္တရာယ်က လွတ်ပြီပေါ့ဗျာ"*

ဟု ဆိုလိုက်တော့၏။

ချွန်းသည် ဦးဘတူတို့ သားအဖအတွက် ရွက်ဖျင်တဲတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တိုးဆေးထားလေရာ ယခုသည် ကောင်းမွာဆိပ်ဆက်နိုင်မည် ဖြစ်၏။

တောတွင်း၌ ခန်းချရမည်ဖြစ်သောကြောင့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေနှင့် အလှည့်ကျကင်းစောင့်ရန်စီစဉ်ရ၏။

မှူးသည် ကျော်ဝဏ္ဏတို့အုပ်စုကို စိတ်မချသဲ သူနှင့် ဘိုကား အောင်တတို့သာ အလှည့်ကျ ကင်းစောင့်ရန်တာဝန်ယူလိုက်တော့၏။

ထို့ညအတွက် တောင်ခြေလျှိုကြီးတစ်ခုအား တောဆင်ရိုင်းအုပ်များ ဖြတ်သန်းသွားသည့်အတွက် တဝုန်းဝုန်းအသံကြီးများကြား ရသည်မှအပ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရချေ။

❖❖❖





နောက်တစ်နေ့တွင် ကြက်ပေါင်းရည်ကြောင့် အားရှိနေသော မွှေတာတန်သည် ခေါင်းကိုလက်နှင့်အုပ်ပြီး

"လှုပ်ကြပါဦး ငါ့ခေါင်းတစ်ခုလုံး အစိတ်
စိတ် အမွှာအမွှာ ကွဲနေသလို ခံစားနေရတယ်"

ဟု အော်ဟစ်လေ၏။

ယခုသည် ချက်ချင်းပင် ဆေးအိတ်ကိုဆွဲ၍ ရောက်ရှိလာကာ မွှေတာတန်အား သွေးပေါင်တိုင်းပြီး

"သွေးတိုးနေတယ်၊ ဆေးသောက်ပြီး
ခဏနားလိုက်ရင် သက်သာသွားမှာပါ၊ အရက်ကို



www.burmeseclassic.com

*အလှန်အကျွံသောက်တဲ့အတွက် ဖြစ်ရတာပါ"*

ဟု ပြောလေ၏။ မစ္စတာတာန်က မျက်လုံးအစုံကိုမှိတ်၍

*"ကျွပ်မှားထင်ကို နှိပ်ပေးရင် သက်သာမယ် ထင်တယ်"*

ဟု ဆိုလေ၏။ ယမုံက မည်သို့မျှ မလှုပ်ရှားရသေးမီ ကျော်ဝဏ္ဏ ရောက်ရှိလာကာ

*"ကျွပ် နှိပ်ပေးမှာပေါ့ဗျာ၊ မိန်းကလေးအား ထက် ယောက်ျားအားက ပိုပြီးထိရောက်တာပေါ့"*

ဟု ပြောလိုက်၏။

မစ္စတာတာန်သည် မျက်နှာက မြင်မကောင်းအောင်ရှုံ့မဲ့ပြီး ကျော်ဝဏ္ဏနှိပ်နယ်ပေးသည်ကို ခံနေလေ၏။ ယမုံက တဘက်တစ်ထည်ကို ရေဆွတ်ပြီး

*"ဒီတဘက်နဲ့နားထင်တွေ၊ နဖူးတွေကို ကပ်ပေးလို့ရပါတယ်"*

ဟု ကျော်ဝဏ္ဏကို ပြောဆိုလေ၏။

ယမုံ ထွက်ခွာသွားလျှင် ကျော်ဝဏ္ဏသည် ပြုံးဖြီးဖြီးနှင့်





ကျွန်ရစ်ကာ

*"မစ္စတာတာန်.... သက်သာတယ်မဟုတ်လား"*

ဟု မေးမြန်းလေ၏။

မစ္စတာတာန်က ခေါက်ခနဲ ထထိုင်ပြီး

*"လုံးဝပျောက်သွားပြီဟေ့"*

ဟု ပြောလေတော့၏။

သူတို့သည် ခရီးဆက်လက်ထွက်ခွာလာရာ ငှက်အော်တောင်ကြော၏ တစ်နေရာတွင် သစ်ပင်တို့ လဲပြိုပြီး လမ်းကြောင်းကြီးတစ်ခု ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြရ၏။

ချွန်းက ဆရာချစ်ကို

*"ဆင်သွားရင် လမ်းဖြစ်တယ်ဆိုတာ ဒါမျိုးပေါ့၊ ဒီဆင်အုပ်ကြီးမှာ အကောင်ရာနဲ့ချီပြီး ပါလိမ့်မယ်"*

ဟု ပြောလိုက်၏။

သူတို့သည် ထိုလမ်းကြောင်းကြီးကို ဖြတ်၍သွားလာကာ

www.burmeseclassic.com



မြေနိမ့်ပိုင်းသို့ရောက်လျှင် ရှေ့၌ရေကန်ကျယ်ကြီးတစ်ခုက ဆီးကာထားသည်ကို တွေ့လိုက်ကြရ၏။

မစ္စတာတာန်သည် ဦးဘာတူတို့နှင့်အတူ သွားလာရင်းမှ

*"ကျုပ်တို့ မနက်က ငှက်အေးတောင်ထိပ်ကနေပြီး မှန်ပြောင်းနဲ့ကြည့်တော့ ဒီရေအိုင်ကို မမြင်ရပါဘူး"*

ဟု ဆိုလိုက်ရာ ဦးဘာတူက

*"ရေကန်ကျယ်ကြီးက မြေနိမ့်ပိုင်းကိုရောက်ပြီး မှုံးအုပ်ထားသလို ဖြစ်နေလို့ပါ"*

ဟု ရှင်းပြလေ၏။

ရေကန်ကျယ်ကြီးထဲသို့ ကျောက်တောင်တစ်ခုမှ ရေများကလည်း ရေတံခွန်တစ်ခုလို ဖြစ်ပေါ်ကာ စီးဆင်းနေ၏။

ထိုနေရာတွင် မြက်ခင်းစိမ်းတို့ကလည်း သာယာဖွယ် ပေါက်ရောက်နေ၏။ မစ္စတာတာန်သည် ထိုရေတံခွန်ရှိရာသို့ ကလေးငယ်တစ်ယောက်လို ပြေးလွှားသွားပြီး ကျောက်တုံးတစ်ခုပေါ် ခုန်တက်လိုက်၏။





ထိုအခါ ခြေချော်ပြီး ရေအိုင်ထဲသို့ ဝုန်းခနဲ ထိုးကျသွားလေ၏။ ရေက မနက်လှိုင်းပေ။ ချက်ချင်းပင် ကြည်လင်သော ကန်ရေကနောက်ကျိသွားပြီး မစ္စတာတာန်သည် ခေါင်းတွင် ရေညှိ ရေမှော်များကပ်ညိကာ ဘွားခနဲ ပြန်ပေါ်လာ၏။

ကျော်ဝဏ္ဏက အော်ဟစ်ပြီး

*"အဲဒီပုံကို ရေတံခွန်နောက်ခံထားပြီး ဓါတ်ပုံရိုက်ရရင် သိပ်လှမှာပဲ"*

ဟု ပြောဆိုလေ၏။

မစ္စတာတာန်က ရေထဲသို့အကျတွင် ဆွဲမိဆွဲရာ ဆွဲယူခဲ့ရာ သူ၏လက်တွင်းမှ ဆုပ်ကိုင်မိသောအရာကို ကြည့်ရှုပြီး မျက်လုံးပြူးကျယ်၍

*"အရိုးကြီးပါလား"*

ဟု အော်ဟစ်ကာ ကုန်းမြေပေါ်သို့ ပစ်တင်လိုက်၏။ ချွန်းက ထိုအရိုးကို ကောက်ယူကာ

*"လူ့ရဲ့ လက်ဖျံရိုးပဲ၊ ဒီရေကန်အစပ်မှာ လူတစ်ယောက် သေဆုံးခဲ့ပုံရတယ်"*



www.burmeseclassic.com

ဟု ဆိုလိုက်၏။ ယခုလည်း ရောက်ရှိလာကာ

*"ဟုတ်တယ်၊ အရွယ်ရောက်ပြီးသား လူ တစ်ယောက်ရဲ့ အရိုးပဲ"*

ဟု ပြောလေ၏။

ချွန်းသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်ပြီးနောက် မစ္စတာတန် ပြုတ်ကျရာ ရေကန်ထဲသို့ ဆင်းသက်လေ၏။ ရေက ခါး တစ်ပိုင်းသာသာမျှသာ ရှိ၏။

အောက်ခြေတွင် ရွံ့နွံတို့ရှိလေရာ ချွန်းက ခြေထောက်နှင့် မွှေနှောက်ပြီး စမ်းသပ်ရှာဖွေကြည့်၏။ ထိုအခါ အရိုးခေါင်းနှင့် လူ၏ အခြားကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်သည့် အရိုးများကို တွေ့ရပြန်၏။

တွေ့ရှိသမျှကို ချွန်းက ကုန်းပေါ်သို့ ပစ်တင်ပြီး နောက်ဆုံး တစ်ခုအား မစ္စတာတန်ကို

*"ခင်ဗျားပဲ အဲဒီပစ္စည်းကို ကြည့်ပေးပါဦး"*

ဟု တောင်းဆိုလိုက်၏။

ထိုအရာမှာ သံချေးအလိမ်းလိမ်းတက်နေသော နှစ်ဖက်သွား





ဓါးမြှောင်တစ်ချောင်းဖြစ်၏။ ဓါးမြှောင်၏အရိုးမှာမူ ကျွဲချိုနှင့်ပြုလုပ် ထားလေရာ အရိုးထက်၌ ထွင်းထုထားသော စာလုံးကို ကောင်းစွာ ဖတ်ရှုနိုင်လို၏။

ထိုစာလုံးမှာ တရုတ်လိုထွင်းထားသောကြောင့် မစ္စတာတန် က ဖတ်ရှုပြီး လေသံတုန်ရင်စွာဖြင့်

*"ဒါ... ဒါ... ကျွပ်ညီရဲ့ဓါးမြှောင်ပဲ၊ ဒီဓါး မှာ သူ့ရဲ့အမည်ကို ရေးထွင်းထားတယ်"*

ဟု အဖြေပေးလေ၏။ ထိုအခါ ကျော်ဝဏ္ဏက

*"မစ္စတာတန်ရဲ့ညီဟာ အခုတွေ့နေရတဲ့ အရိုးစု ပိုင်ရှင်ကို အဲဒီဓါးနဲ့ သတ်ဖြတ်လိုက်တာ ဖြစ်နိုင်တယ်"*

ဟု ထင်ကြေးပေး၏။ ချွန်းကမူ

*"ဒီလူတွေနဲ့ပတ်သက်တဲ့ သဲလွန်စတွေ ရှာဖွေကြည့်သင့်တယ်၊ ဒါကြောင့် ဒီရေကန်ကြီး ထဲမှာပဲ စခန်းချပြီး ဝိုင်းရှာကြတာပေါ့"*

ဟု ပြောလိုက်လေ၏။ မိန်လျောင်က ကျော်ဝဏ္ဏအနီးသို့

www.burmeseclassic.com



တိုးကာပြီး

"သူရွေးလေး... အိမ်လူတွေဟာ ရွှေရွှေ
လာပြီး တစ်ယောက်နဲ့တစ်ယောက် လက်စုံး
လှပ်ခဲ့ကြပုံရတယ်၊ ဒါကြောင့် ဒီအနီးတစ်ဝိုက်မှာ
ရှာဖွေကြည့်ရင် ရွှေတွေတွေ့နိုင်တယ်"

ဟု ပြောဆိုလေ၏။ ကျော်ဝဏ္ဏက မျက်လုံးအစုံ တောက်ပြောင်ပြီး

"ဟဲ ဟဲ... အတော်ပဲ ရောက်ကြပြီပေါ့ဗျ
ကျွင်းအနှံ့ နေရာစပ်စပ် ရှာဖွေကြမယ်"

ဟု တိုက်တွန်းလေတော့၏။

မစ္စတာတန်သည် ဝါးမြှောင်ကို စူးစိုက်ကြည့်ရင်း ငိုင်တွေလျက်ရှိ၏။ သူတို့လှုရာသည် ညနေစောင်းအထိ ရှာဖွေကြသော်လည်း မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရချေ။

ညသို့ရောက်လျှင် အားလုံးအိပ်စက်နေကြပြီဖြစ်သော်လည်း ညဦးပိုင်းကင်းတာဝန်ယူထားသည့် ဘိုကေသည် ဗိုင်းဖယ်ကို အသင့်ပစ်ခတ်ရန် ပြင်ဆင်ပြီး မီးပုံတစ်ခုဝိုက်တွင် နိုးကြားစွာ ရှိနေလေ၏။





ထိုညအတွက် ကျော်ဝဏ္ဏတို့အဖွဲ့က ကင်းတာဝန်ယူမည်ဖြစ်လေရာ အင်အားများသွားပြီး တစ်ဦးလျှင် (၂)နာရီခန့်သာ ကင်းစောင့်ရပေမည်။

ဘိုကေသည် မျက်နှာချင်းဆိုင်မှ ရေတံခွန်ဆီသို့ လရောင်အောင်းက ကျရောက်နေသည်ကို ကြည့်ရှုရင်း သဘာဝအလှကို အရသာခံနေမိ၏။

ထိုအခိုက် တောနက်တစ်နေရာမှ ပြေးထွက်လာဟန်တူသော အရိပ်တစ်ခုသည် ရေတံခွန်၏ ကျောက်တုံးများကို ခုန်လွှားကျော်ရှိလာ၏။

ဘိုကေသည် ရုတ်တရက် သတိဝင်လာကာ ထိုအရိပ်ကို ဗိုင်းဖယ်နှင့်ထိုး၍ ချိန်လိုက်၏။

သို့သော် ထိုအရိပ်သည် မျက်ခနဲပင် ရေတံခွန်နောက်ကွယ်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ဘိုကေသည် မျက်လုံးကို ပွတ်သပ်ပြီး ရေတံခွန်ကို ထပ်မံကြည့်ရှုကာ

"အရိပ်က ကလေးတစ်ယောက်လိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



*ဒါပေမဲ့ တော်တော်မြန်တာပဲ၊ ရေတံခွန်ရှေ့မှာ ဘာဖြစ်လို့ ပျောက်သွားရတာလဲ၊ ငါပဲ မျက်စိမှောက်သွားတာလား၊ တောထဲက မှင်စာတွေများ ငါ့ကို ခြောက်လှန့်တာလား"*

ဟု အမျိုးမျိုးတွေးတောမိလေ၏။

***

**သရဖီလှိုင်စာပေ**

**အမှတ် (၇)၊ တသောကလမ်း၊ ကျောက်မြောင်း၊**





ရေတံခွန်အနီးတွင် စခန်းချသော ထိုညအတွက် မိုးလင်းပိုင်းတွင် ကင်းစောင့်ရန် ကျော်ဝဏ္ဏက တာဝန်ယူ၏။ ကျော်ဝဏ္ဏသည် ခြောက်လုံးပြူးကို ခါးတွင်ထိုးပြီး ဆင်ကိုပင် တုံးခနဲလဲပြိုသွားစေနိုင်သော ယမ်းအားပြင်းသည့် အမဲပစ်ရိုင်ဖယ်ကိုကိုင်၍ မီးပုံနားတွင် ရှိနေလေ၏။

သူသည် အားလုံးက အိပ်စက်နေစဉ် တောနက်တွင်း၌ တစ်ကိုယ်တည်းရှိနေသလို ခံစားရကာ တောင်မြောက်ဝဲယာသို့ ကြည့်ရှုရင်း စိတ်က ချောက်ချားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အရှေ့အရပ်သို့ကြည့်လျှင် နောက်ဘက်မှ တစ်စုံ တစ်ရာသော အန္တရာယ်က ဝင်ရောက်လာမည်ကို စိုးရိမ်၏။

ဤသို့ဖြင့် နောက်ကျောမလုံဖြစ်နေစဉ် ရွက်ဖျင်တဲများနောက် ကျောမှ ရိပ်ခနဲ ပြေးလွှားသွားသော အရိပ်တစ်ရိပ်ကို မြင်တွေ့လိုက် ရ၏။

ထို့နောက် လားများကြားမှ ထိုအရိပ်မျိုးက ဖျတ်ခနဲပေါ်၍ ပျောက်ကွယ်သွားပြန်၏။ နဘေးရှိ သစ်ပင်ကြီးများ၊ ချုံနွယ်များကြား မှလည်း ထိုကဲ့သို့အရိပ်များက လျှင်မြန်စွာ ရွေ့လျားသွားသည်ကို တွေ့ရပြန်၏။

ကျော်ဇွဲသည် သူတို့စခန်းကို မကောင်းဆိုးဝါးများ ဝိုင်းရံ ချည်းကပ်နေပြီဟု ထင်မှတ်မိ၏။ ထို့ကြောင့်ပင် စိန်လျှောင်ကိုနှိုး၍ အဖြစ်အပျက်ကို ပြောပြလိုက်၏။

စိန်လျှောင်က ထိတ်လန့်သွားဟန်နှင့်

*"ဒါ... ဒါဆိုရင် ဟိုလမ်းပြ ရွှန်းတို့ကို နှိုးပြီး ပြောရမယ်"*

ဟု ဆိုလေ၏။





ကျော်ဇွဲက

*"ဒါဆိုရင် တို့ကို သတ္တဝါကြောင်တဲ့လူတွေလို့ ထင်ကုန်ကြတော့မှာပေါ့၊ တို့နှစ်ယောက်ဆို လုံလောက်ပါပြီ၊ လက်နက်တွေလည်း ရှိသားပဲ"*

ဟု ပြောလိုက်၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဆက်လက်၍ ကင်း တာဝန်ကိုယူလေရာ လားများသည် ကောင်းစွာမအိပ်စက်နိုင်တော့ဘဲ ထိတ်လန့်နေဟန်နှင့် ဂဏာမငြိမ် ဖြစ်နေကြ၏။

စိန်လျှောင်က လားထိန်းကြီးများကို စစ်ဆေးပြီး

*"ဒီကောင်တွေ အကြောင်းမဲ့တော့ လှုပ်လှုပ် ရွရွ ဖြစ်မှာမဟုတ်ဘူး"*

ဟု ရေရွတ်နေစဉ် လားတစ်ကောင်နောက်ကွယ်မှ ဘွားခနဲ အရိပ်မဲကြီးက ပေါ်ထွက်လာ၏။

စိန်လျှောင်သည် ကိုယ်တစ်ပိုင်းမျှမြင်နေရသော်လည်း ထိုအရိပ်မဲမှာ ထွားကျိုင်းသော လူကြီးတစ်ယောက်မှန်း ချက်ချင်းသိ လိုက်ပြီး မျက်လုံးပြူးကျယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလည်း ခေတ္တမျှ တုံ့ဆိုင်းသွား၏။ စိန်လျှောင်သည် လားကိုပင် ဂရုမပြုနိုင်တော့ဘဲ နောက်ကွယ်မှ အရိပ်မဲထံ သေနတ်ကို ထိုးချိန်ပြီး မောင်းဖြုတ်လိုက်၏။

ဒိုင်းခနဲ မြည်ဟိန်းသံ ထွက်ပေါ်လာပြီး အရိပ်မဲသည် နောက်သို့ လန်ကျသွား၏။ သို့သော် ချက်ချင်းပင် လား၏နောက်ကွယ်မှ ပြန်ပေါ်လာကာ စိန်လျှောင်ထံ ခုန်လွှား၍ ရောက်ရှိလာ၏။

စိန်လျှောင်သည် နောက်ထပ် ပစ်ခွင့်မသာတော့ဘဲ ထိုသူနှင့် လုံးထွေးသွားတော့၏။ ထို့အတူ လားများသည်လည်း အထိတ်တလန့်နှင့် တွန်းထိုးရုန်းကန်နေကြ၏။

ကျော်ဝဏ္ဏသည် ဦးစွာပင် လားများကြားမှ လုံးထွေးနေသော စိန်လျှောင်နှင့် အရိပ်မဲထံ ရောက်ရှိလာ၏။ ကျော်ဝဏ္ဏက ရန်သူကို ပစ်ခတ်ရန် လားများကြောင့် ပစ်ကွင်းမရှင်းဖြစ်နေလေ၏။

သူသည် သေနတ်ကိုထောင်၍ ခြောက်လှန့်ပစ်ခတ်လိုက်မှပင် အရိပ်မဲသည် စိန်လျှောင်ကို လွှတ်လိုက်၏။ ထို့နောက် လွှားခနဲ ကျွမ်းပစ်၍ နောက်သို့ ဆုတ်ခွာသွား၏။

ထိုအခါမှပင် ကျော်ဝဏ္ဏ၏သေနတ်မှ နောက်ထပ် ဒိုင်းခနဲ



မြည်ဟိန်းသံထွက်လာပြီး အရိပ်မည်းသည် လမ်းခုလတ်၌ပင် လွင့်စင်သွားတော့၏။

ဆူညံသောအသံများကြောင့် အဖွဲ့သားအားလုံး အထိတ်တလန့် နိုးထလာကြ၏။ ထိုအချိန်တွင် စခန်း၏ပတ်ဝန်းကျင်မှ အရိပ်မည်းများအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြပြီဖြစ်၏။

သူတို့သည် မြေပြင်တွင် ငြိမ်သက်နေသော အရိပ်မည်းကို လက်နှိပ်ဓါတ်မီးဖြင့် ဝိုင်းဝန်းကြည့်ရှုလိုက်ကြ၏။ စိန်လျှောင်အား ယမုံက ကောင်းစွာပြုစုပြီး သတိပြန်လည်လာရန် ကြိုးစားနေ၏။

ချွန်းသည် လဲပြို၍ ငြိမ်သက်နေသော အရိပ်မဲအား မီးရောင်နှင့် ကြည့်ရှုပြီး

*“မျောက်ဝံကြီးပဲ”*

ဟု ရေရွတ်လိုက်၏။

သူသည် ထိုမျောက်ဝံမျိုးကို ထမံသီဘက်တွင်လည်း တစ်ကြိမ် နှစ်ကြိမ်မျှ ကြုံတွေ့ဖူး၏။

သို့သော် ထိုမျှကြီးမားသည့် အကောင်မျိုးကိုမူ ယခုမှပင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးခြင်း ဖြစ်၏။ မျောက်ဝံကြီး၏ အမွေးအမျှင်များက အနီရောင် တောက်နေ၏။

အရွယ်အစားသည် ထွားကြိုင်းသော လူကြီးတစ်ယောက် ထက်ပင် ကြီးမားမည်ဟု ထင်ရ၏။ ကျော်ဝဏ္ဏက အားရကျေနပ် ဟန်နှင့် မျောက်ဝံနီကြီးကို ခြေနှင့်ကန်ပြီး

"ကျုပ်ပစ်ထည့်လိုက်တာ နောက်ကျောက နေပြီး ရင်ဘတ်အထိ ထုတ်ချင်းခတ် ပွင့်ထွက် သွားတယ်"

ဟု ပြောလေရာ မစ္စတာတန်က

"သိပ်ကောင်းတယ်၊ မျောက်သွေး လတ် လတ်ဆတ်ဆတ် သောက်ရပြီ၊ မျောက်ကတော့ အမပဲ၊ အမပဲဖြစ်ဖြစ်၊ အထီးဖြစ်ဖြစ် ကိစ္စ မရှိပါဘူးလေ"

ဟု ဆိုလေ၏။

ဆရာချစ်က ခေါင်းယမ်းပြီး

"ဒီကောင်ကြီးတွေဟာ ရှားပါးတဲ့မျောက်မျိုး





နှယ်တွေပဲလို့ စာတွေထဲမှာပဲ ဖတ်ဖူးတယ်၊ ပြီးတော့ ဒီမျောက်ဝံမမှာ ကိုယ်ဝန်ဆောင်ထားပုံရ တယ်"

ဟု ရေရွတ်ပြီး လှည့်ထွက်သွား၏။ ထိုစဉ် ဘိုကေက ချွန်းကို လေသံတိုးတိုးနှင့်

"အာစရိ… ကျုပ် ကင်းလှည့်တဲ့အချိန်တုန်း ကလည်း ဒီမျောက်ဝံအပေါက်ကလေးပဲ ဖြစ်မှာ ပါ၊ ကလေးအရွယ်လောက်ပဲ ရှိလိမ့်မယ်၊ ဟောဟို က ရေတံခွန်ရှေ့တည့်တည့်မှာပဲ ကျုပ်မျက်လုံးရှေ့ တင် ပျောက်သွားတယ်"

ဟု သတင်းပေးလိုက်၏။

ချွန်းသည် မျောက်ဝံသေကို တွေတွေကြီးစိုက်ကြည့်ရင်း ငြိမ်သက်နေ၏။ ထို့နောက်မှ သက်ပြင်းချ၍ အားလုံးကြားလောက် အောင်

"ဒီမျောက်ဝံတွေဟာ ပသျှူးဘာသာစကားနဲ့ အုန်ရင်အတန်လို့ခေါ်တဲ့ မျောက်ဝံနီမျိုးတွေပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်နယ်စပ်တွေ၊ တနင်္သာရီအရှေ့ပိုင်းနဲ့ နာဂတောင်တန်းတွေမှာသာ ရှားရှားပါးပါး တွေ့နိုင်တယ်၊ အခုတွေ့ရတဲ့ မျောက်ဝံအမတောင်မှ ဒီလောက်ထွားကျိုင်းနေရင် အထီးဆိုရင် ပိုပြီး သန်မာထွားကျိုင်းမှာ အမှန်ပဲ၊ ပြီးတော့ သူတို့ဟာ အထီးနဲ့အမ တစ်စုံတွဲပြီး နေထိုင်တတ်ကြသလို တစ်ကောင်အပေါ် တစ်ကောင် သိပ်ပြီးသစ္စာရှိကြတယ်၊ အမသေဆုံးသွားရင် အထီးက ရန်သူကို မရမနေ ရှာဖွေပြီး လက်စားချေတတ်သလို အထီးသေဆုံးသွားရင်လည်း အမက လက်စားချေတတ်တယ်''

ဟု ပြောလိုက်ရာ ကျော်ဝဏ္ဏက ရိုင်ဖယ်ကို လက်ဝါးနှင့် ပုတ်ပြပြီး

''မျောက်တွေလောက်တော့ အမှုထားစရာ မလိုပါဘူး''

ဟု ဆိုလေ၏။ မစ္စတာတန်ကလည်း





''တို့မှာ လက်နက်အစုံအလင်ပါတာပဲ၊ တို့ကို ရန်မူလာရင်တော့ မျောက်သွေးကောင်းကောင်း သောက်ရသေးတာပေါ့၊ ဟဲ ဟဲ… မျောက်ဦးနှောက်နဲ့ နှလုံးကလည်း တော်တော်အရသာထက်တာပါပဲ''

ဟု ပြောဆိုလေ၏။ ချွန်းက ခေါင်းယမ်းပြီး

''ကျုပ်တို့ဟာ အမဲလိုက်အဖွဲ့လည်း မဟုတ်ဘူး၊ ပြီးတော့ ဒီမြေပေါ်မှာနေပြီး ဒီမြေပေါ်က ရှားပါးတဲ့ သတ္တဝါတွေကိုလည်း အကြောင်းမဲ့ ပစ်ခတ်လို့ မဖြစ်ဘူး၊ မျောက်ဝံနီတွေနဲ့ ကြုံတွေ့လာရင် အတတ်နိုင်ဆုံး မသတ်ဖြတ်မိအောင် သတိထားကြပါ၊ အခုကိစ္စကလည်း ခြောက်လှန့်ပြီး မောင်းထုတ်လိုက်ရင်တောင် ရပါတယ်၊ ကျုပ် စစ်ဆေးကြည့်ရသလောက်တော့ သေဆုံးသွားတဲ့ မျောက်ဝံကြီးကို စိန်လျှောင်က ပစ်ခတ်လိုက်တဲ့ ကျည်က ထိချက်မမှန်ဘဲ ပခုံးစွန်းကို ပွတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ အဲဒါကြောင့် ခေါ်သာတူကြီးရဲ့ မဲမြင်ရာကို ရှာမြို့ကြီးအဖြစ်သတ်မှတ်ခဲ့တာပေါ့၊ နောက်တစ်ခု သတိပေးချင်တာက အဲဒီမျောက်ဝံနီတွေဟာ ကျွန်တော်တို့ခေတ်မှာ ကြားခဲ့ရတဲ့ ရင်ဘွဲ့တော်က မကောင်းဆိုးဝါး လူကြီးတွေဆိုတာပဲ ဖြစ်မှာပါ၊ သူတို့ဟာ လူလောက်ကို အသိဉာဏ်ပြီး အပြီးအဆောင်ကြီးပါတယ်၊ အခု ကျွန်တော်တို့က သူတို့ကို ရှာရောင် သလို ဖြစ်သွားပြီ”

ဟု ပြောလိုက်လေ၏။

ကျော်ဇေယျာနှင့် မွေတာဝန်တို့ကလည်း အလေးအနက်မထားဟန်နှင့် ပြုံးကာပင် ပန်းကို ဟန်ပါပါတွန့်လိုက်ကြလေ၏။

* * *





မိန့်လေ့ရှင်သည် ကံကောင်းထောက်မစွာနှင့် ဒဏ်ရာကြီးကြီးမားမား မရရှိဘဲ ကျောက်စွင်သော လွတ်မြောက်သည်နှင့် ဖြစ်မိသွား၏။

၎င်းသည် သားရေလွယ်အိတ်ကြီးကို ဝတ်ဆင်ထားသောကြောင့် လွတ်မြောက်သည်နှင့် ကုတ်ခြစ်ခြင်းမှ သက်သာရာရခဲ့ခြင်း ဖြစ်၏။

ယခုက မိန့်လေ့ရှင်၏ဒဏ်ရာ ဆေးထည့်ပြီး ပတ်တီးစည်းနှောင်ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာချစ်သည် မစ္စတာတန်တို့လူစုက မျောက်ဝံနီမကြီးကို အမဲဖျက်ကာ ချက်ပြုတ်ရန် ပြင်နေသည်ကို စိတ်မသက်မသာ ကြည့်ရှုနေလေ၏။

ချွန်းက ဆရာချစ်ထံရောက်ရှိလာကာ အခြေအနေကို သဘောပေါက်ဟန်နှင့်

*"မျောက်သားစားချင်ရင် မျောက်မျက်နှာ မကြည့်နဲ့ဆိုတဲ့စကားလည်း ရှိတာပဲ၊ ကျုပ်တို့ အတွက် တခြားဟင်းလျာတွေလည်း စီစဉ်ထားပါ တယ်၊ လောလောဆယ် ကျုပ်တို့ ရေတံခွန်ဘက် ကို သွားပြီး နောက်တစ်ကြိမ်လေ့လာကြည့်ချင် သေးတယ်၊ ခရီးက ဘယ်လိုဆက်ရဦးမယ်မသိဘူး၊ ဒီမှာတင် ရသလောက် သဲလွန်စကိုရှာနိုင်ရင် ကျုပ်တို့ခရီးအတွက် အကျိုးရှိမှာပါ"*

ဟု ပြောလေ၏။

ထို့နောက် ချွန်းသည် ဆရာချစ်နှင့်အတူ ဘိုကေကို ခေါ်ဆောင်ကာ ရေတံခွန်ဆီသို့ ရောက်ရှိလာ၏။





ငှင်းက ရေတံခွန်ရှေ့သို့ ဦးစွာသွားပြီး လက်သီးဆုပ်ခန့် ကျောက်တုံးတစ်တုံးကိုကောက်ယူပြီး ရေတံခွန်စီးကျရာ ရေတွင်းသို့ ဗိုးခနဲ ပစ်လွှတ်လိုက်၏။

ထိုအခါ ကျောက်တုံးက အထိအခိုက်မရှိဘဲ ရေပြင်ကို ဖောက်ပြီး ဝင်ရောက်သွား၏။

ဆရာချစ်က

*"ရေတံခွန်နောက်မှာ ဂူပေါက်လိုပဲ့ာမျိုးရှိမယ် ထင်တယ်"*

ဟု မှတ်ချက်ချ၏။

ဘိုကေက သွက်လက်စွာပင် တဝေါဝေါကျဆင်းနေသော ရေထုကြားသို့ ခက်ခက်ခဲခဲ ကျောက်တုံးများကိုနင်းဖြတ် တိုးဝင်ပြီး စမ်းသပ်လေ၏။

ငှင်းသည် ကျောက်သားနံရံကိုသာ စမ်းမိ၏။ ချွန်းက အော်ဟစ်ပြီး

*"ခုနက ကျောက်တုံးပစ်ထည့်လိုက်တဲ့ နေရာကို မှန်းပြီးစမ်းသပ်ကြည့်ပါ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ခိုင်းစေလေ၏။ ဘိုကေသည် ထိုနေရာကို သေချာစွာ စမ်းသပ်၍

*"ဂူပေါက်တစ်ခုတော့တွေ့တယ်၊ ဒါပေမဲ့ လူတစ်ကိုယ်စာ ဝင်သာရုံပဲရှိလိမ့်မယ်၊ ညက မှင်စာကလေးက ဒီအထဲဝင်သွားတာကိုး"*

ဟု ပြောဆိုလေ၏။

ထိုအခါ ချွန်းက စခန်းသို့ပြန်ပြီး ဂူပေါက်အတွင်းသို့ ဝင်ရောက်ရန် စီစဉ်၏။

မစ္စတာတာနက ခေါင်းယမ်းပြီး

*"ဒီလိုရေတံခွန်တွေမှာ ဂူပေါက်တွေရှိနေတတ်တာပဲ၊ ဒီဂူပေါက်က ဘာများ စိတ်ဝင်စားဖို့ကောင်းမှာလဲ"*

ဟု ပြောလေရာ ကျော်ဝဏ္ဏကလည်း ထောက်ခံဟန်နှင့် ခေါင်းညိတ်၏။

ချွန်းက လိုအပ်သည့်အရာများကို ခရီးဆောင်အိတ်တွင်ထည့်၍ ခရီးဆောင်အိတ်အား ရေလုံမိုးကာနှင့် ထုပ်ပိုးလိုက်၏။ ဘိုကေ





သည်လည်း သူနှင့်အတူ လိုက်ပါမည်ဖြစ်၏။

ယမုံက ချွန်းကို

*"ဂူပေါက်တွေထဲမှာ အဆိပ်ရှိတဲ့သတ္တဝါတွေ နှိအောင်းနေတတ်တယ်၊ သတိထားပါ"*

ဟု မှာလေ၏။

ချွန်းက အားလုံးကို

*"ကျုပ်တို့ သိပ်ကြာမှာမဟုတ်ပါဘူး၊ ဂူထဲက အခြေအနေကို လေ့လာရုံလောက်ပါ"*

ဟု ပြော၍ ဘိုကေကို သွားလာရန် မျက်ရိပ်ပြလိုက်တော့၏။

ချွန်းသည် လက်တစ်ဖက်မှ တောလိုက်ဓါးမြှောင်ကို ဆုပ်ကိုင်ပြီး ဂူပေါက်တွင်းသို့ တိုးဝင်လိုက်၏။ သူ၏တစ်ကိုယ်လုံး ရေတို့ ရွဲရွဲစိုသွားပေပြီ။

ဘိုကေပြောသည့်အတိုင်းပင် ဂူပေါက်က လူတစ်ကိုယ်စာ ဝင်သာရုံသာရှိ၏။ ထို့အပြင် လင်းနို့ချေးအနံ့လို ဆိုးရွားသော အနံ့အသက်များကလည်း ထွက်ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကေသည်လည်း ချွန်းနှင့် ထပ်ကြပ်မကွာ လိုက်ပါလာရင်း နှာခေါင်းကိုရှုံ့၍ ခရီးဆောင်အိတ်တွင်းမှ လက်နှိပ်ဓါတ်မီးကို ထုတ်ယူလေ၏။

ထို့နောက် သူတို့သည် လေးဘက်တွားကာ ဂူ၏အတွင်းပိုင်းသို့ တိုးဝင်ခဲ့ကြ၏။ ဂူက ကျဉ်းမြောင်းပြီး ကျောက်သားချွန်များနှင့် အတိပြီး၏။

ထို့ကြောင့်ပင် သွားလာရင်း ကျောက်သားချွန်များက သူတို့ကို ခါးထက်ထက်နှင့် နေရာအနှံ့မှ ထိုးဆွနေသလိုရှိ၏။

ဂူ၏အထက်ပိုင်းမှ ရေတံခွန်စီးကျသံ တဝေါဝေါအသံကြီးကိုလည်း ကြားနေဆဲဖြစ်၏။ ဂူအတွင်းလမ်းက ကွေ့ကွေ့ကောက်ကောက် ဖြစ်ပေါ်နေ၏။

ဘိုကေက

*"အာစရိ… ဒီဂူက ဟိုလူတွေပြောသလို ဘာမှထူးခြားမယ်မထင်ပါဘူး"*

ဟု ပြောလေရာ ချွန်းက သွားလာရင်း

*"အလွယ်တကူ လက်လျှော့တတ်တဲ့လူတွေ*





*အတွက် ဘယ်တော့မှ အခွင့်ကောင်းဆိုတာ ပေါ်ပေါက်လာမှာ မဟုတ်ဘူးကွ၊ ဟောဒီဂူပေါက်အဆုံးထိ ရောက်နိုင်သလောက် သွားရမယ်၊ ငါတို့မှာ ရေနဲ့ရိက္ခာတွေလည်း ပါတာပဲ"*

ဟု ပြောလိုက်၏။

မကြာမီ သူတို့သည် အကွေ့တစ်ခုကို လှမ်းမြောက်လျှင် အလင်းရောင်ကို မြင်တွေ့ရ၏။ ထိုနေရာတွင် ဂူက ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းသွား၏။

အလင်းရောင် ဝင်လာရာ ဂူပေါက်မှ လတ်ဆတ်သည့်လေက တဟူးဟူး တိုးဝင်နေ၏။ ဘိုကေက ဂူ၏တစ်နေရာသို့ လက်ညှိုးညွှန်ပြီး

*"လူအရိုးစုတစ်ခုတော့ ထပ်တွေ့ရပြီ"*

ဟု အော်ဟစ်လေ၏။

ကျောက်တုံးကျောက်စိုင်များရှိရာ ဂူထောင့်တွင် ဆွေးမြည့်နေသော အဝတ်အထည်များကြားမှ အရိုးစုက ထိုင်လျက် အနေအထားနှင့် ပုံစံမပျက် ရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အရိုးစုဓါးနှံဘောင်းတွင်လည်း သံချေးတက်နေသော ဓါးရှည်တစ်ချောင်းနှင့် ပတ္တူအိတ်တစ်လုံးကို တွေ့ရ၏။

ဘိုကေက ခြေမြန်လက်မြန်ပင် ပတ္တူအိတ်ကိုဖွင့်၍ ရှုကြမ်းပြင်သို့ သွန်ချလိုက်၏။ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေသော ရွှေတုံးရွှေခဲများက ပတ္တူအိတ်အတွင်းမှ ဝေါခနဲထွက်ကျလာလေရာ ဘိုကေသည် မျက်နှာဝင်းထိန်ပြီး

*"ရွှေတွေပါလား အာစရိ၊ ကျုပ်တို့တော့ချမ်းသာပြီ၊ ရင်ကွဲတောင်ကိုတောင် မရောက်သေးဘဲ ရွှေတွေ တွေ့နေရပြီ"*

ဟု အော်ဟစ်လိုက်၏။

ရွှေတုံးပုံက အလေးချိန်တစ်ပိဿာခန့်ရှိပေမည်။ ချွန်းက ဒူးထောက်ပြီး ရွှေတုံးများနှင့် ရောနှောနေသော သားရေပြားတစ်ချပ်ကို ကောက်ယူလိုက်၏။

သားရေပြားတွင် ချွန်ထက်သော ဓါးမြှောင်လိုအရာကို အမှူပေးပြီး ရေးထွင်းထားဟန်တူသော စာလုံးများကို တွေ့ရ၏။ ဘိုကေက စူးစမ်းဟန်နှင့်





*"ဘာတွေရေးထားသလဲ အာစရိ၊ ရွှေတွေရှိမဲ့ ရတနာမြေပုံဆိုရင်တော့ အဝိုင်ပဲ"*

ဟု ဆိုလေရာ ချွန်းက ခေါင်းယမ်းပြီး

*"တရုတ်စာတွေ ဖြစ်လိမ့်မယ်၊ ငါလည်း မဖတ်တတ်ဘူး"*

ဟု အဖြေပေးလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာတာန်သည် ရွှေတုံးရွှေခဲများကို တဝကြီး ကိုင်တွယ်ပြီးမှ သားရေချပ်ကို ကြည့်ရှု၏။ သူ၏မျက်လုံးကလည်း အရောင်အမျိုးမျိုးပြောင်းလဲပြီး နောက်ဆုံးတွင် မျက်နှာကြီးက ရှုံ့မဲ့၍ ခေါင်းယမ်းကာ

*"ဒီစာတွေက ကျုပ်တို့လူမျိုးရဲ့ ရှေးဟောင်းအရေးအသားတွေနဲ့ ရေးထားတဲ့ ရှေးစာတွေပဲဗျ၊ ဘယ်လိုမှ အဓိပ္ပါယ်ဖော်လို့မရဘူး"*





ဟု ပြောလေ၏။

ဘိုကေက

*"ကျုပ်တို့အဖွဲ့ထဲမှာ တခြားတရုတ်လူမျိုးတွေ ရှိသေးတာပဲ"*

ဟု ဝင်ရောက်ပြောဆိုလေရာ ကျော်ဝဏ္ဏက စိန်လျှောင်အားထိုသားရေချပ်ကို ပြသလေ၏။

စိန်လျှောင်သည် အတန်ကြာမျှ ကြည့်ရှုပြီး လက်ခါပြကာ

*"စိတ်မကောင်းပါဘူး၊ ကျုပ်လည်း ဘယ်လိုမှ နားမလည်ဘူး"*

ဟု အဖြေပေး၏။

အခြားလားထိန်းနှစ်ယောက်မှာလည်း တရုတ်စာကိုပင် မတတ်ဟုသိရပြန်၏။

မစ္စတာတာန်က

*"ဘာပဲဖြစ်ဖြစ်… ရွှေတုံးတွေနဲ့အတူရှိနေတဲ့ သူဟာ ကျုပ်ညီရဲ့အဖွဲ့ထဲက ဖြစ်မှာပဲ၊ သူတို့ဟာ*



www.burmeseclassic.com

www.burmeseclassic.com



*ရင်ကွဲတောင်အထိ ရောက်ခဲ့ပြီးပြီဆိုတာလည်း ဒီရွှေတုံးတွေက သက်သေခံနေတယ်၊ ဒါကြောင့် ကျုပ်တို့ခရီးစဉ်ကို မနှောင့်နှေးဘဲ ဆက်ရမှာပဲ''*

ဟု ပြောလေတော့၏။

ချွန်းက ရေတံခွန်နောက်မှ ဂူအတွင်းပိုင်း အခြေအနေကို ရှင်းပြပြန်၏။

*''ကျုပ်တို့ အဲဒီဂူရဲ့အဆုံးမှာ အလင်းရောင် ကောင်းကောင်းရနေတဲ့ ဂူပေါက်ကြီးကို တွေ့ခဲ့ရတယ်၊ အဲဒီဂူပေါက်ဟာ တကယ်တော့ တိတိရိရိကြီး ပြတ်နေသလိုရှိတဲ့ ကျောက်ကမ်းပါးရဲ့အခြေမှာ အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့ တောင်ကျချောင်းတစ်ခုကို တွေ့ရတယ်၊ ထူးဆန်းတာက အဲဒီချောင်းဟာ အနောက်မြောက်ဘက်စူးစူးကို ဦးတည်ပြီး စီးဆင်းနေတာဖြစ်သလို ကျုပ်တို့ရဲ့မြေပုံထဲက လမ်းပြမျဉ်းနဲ့ တစ်ထပ်တည်း ကျနေတာပါပဲ၊ ချောင်းအတိုင်း စုန်သွားရင် အဆုံးမှာ ရင်ကွဲတောင်*





*ကို ရောက်လိမ့်မယ်လို့ ခန့်မှန်းမိတယ်''*

ဟု ပြောဆိုလေ၏။ ထိုအခါမှပင် မစ္စတာတန်က လှုပ်လှုပ်ရှားရှားဖြစ်ကာ

*''ဒါဆိုရင် ကျုပ်တို့ အဲဒီဂူအတွင်းပိုင်းကို သွားပြီး လေ့လာကြရအောင်''*

ဟု တိုက်တွန်းတော့၏။

ထိုတစ်ကြိမ်တွင် စိန့်လျောင်နှင့် ထမင်းချက်လားထိန်းသမားများမှအပ လူစုံတက်စုံ လိုက်ပါကြ၏။

ချွန်းက အားလုံးကို

*''ဂူထဲမှာ သတိထားပြီး ဖြည်းဖြည်းပဲ သွားကြပါ၊ ကျောက်ချွန်တွေနဲ့ ထိခိုက်မိမှာစိုးရိမ်ရတယ်ရှိတယ်''*

ဟု မှာလေ၏။

ထို့နောက် လူအားလုံး ချောက်ကမ်းပါးကြီးမှ ဂူပေါက်ဝသို့ ရောက်လာကြ၏။

ပေ (၁၀၀) ခန့် အမြင့်ရှိသော ဂူပေါက်မှ အသည်းယားဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ငုံ့ကြည့်ရင်း ကျော်ဝဏ္ဏက

"ဒီစမ်းချောင်းက ခရီးဆက်မယ်ဆိုတာတော့ ဟုတ်ပါပြီ၊ စမ်းချောင်းကို ရောက်အောင်သွားဖို့ကို ဘယ်လိုလုပ်မလဲ"

ဟု ရေရွတ်လေရာ ချွန်းက

"ကျုပ် လှေလာပြီးပါပြီ၊ စမ်းချောင်းကို ရောက်ဖို့ အမြန်ဆုံးသွားလာနိုင်တာကတော့ ဟောဒီ ချောက်ကမ်းပါးကနေပြီး ကြိမ်နွယ်တွေကို ခိုတွယ် ဆင်းရမှာပဲ"

ဟု ပြောလေ၏။

မစ္စတာတန်က တွန့်ခနဲဖြစ်ကာ

"အိုး… ဒါတော့ ဘယ်လိုမှဖြစ်မှာ မဟုတ်ဘူး၊ သက်သက် ကိုယ့်ကိုယ်ကို သေကြောင်းကြံသလို ဖြစ်မယ်၊ အချိန်ကြာရင်ကြာပါစေ၊ တခြား လမ်းကို ရွေးချယ်ရမှာပဲ၊ ဒီလမ်းကဆိုရင် လားတွေကို စွန့်ပစ်ခဲ့ရလိမ့်မယ်"





ဟု ကန့်ကွက်လေ၏။

ချွန်းက လက်ခံပြီး

"နောက်ထပ်အချိန်တစ်ရက်တော့ ပိုကုန်မှာပေါ့"

ဟု ရေရွတ်လိုက်၏။

အချိန်က နေ့လယ်ပိုင်းမျှသာရှိသေးရာ မစ္စတာတန်က စခန်းသို့ ပြန်ရောက်လျှင် ရွှေတုံးများရသည့် အထိမ်းအမှတ်အနေနှင့် အကြိုအောင်ပွဲ ပြုလုပ်ရန် စီစဉ်၏။

ထို့ကြောင့်ပင် ညစာအတွက် လတ်လတ်ဆတ်ဆတ် အမဲနှင့် အောင်ပွဲခံရန် ကျော်ဝဏ္ဏက ထမင်းချက်များနှင့် လားထိန်း နှစ်ယောက်ကိုခေါ်ကာ အမဲပစ်ရန် စီစဉ်၏။

ထို့နောက် ၎င်းက အားလုံးကို

"ကျုပ်တို့ ဒီညပျော်ပွဲအတွက် အမဲကောင်းကောင်း စားရအောင် တာဝန်ယူတယ်"

ဟု ပြောကာ ထွက်ခွာသွားတော့၏။

တောနက်တွင်းဖြစ်လေရာ တောကောင်တို့က ပေါများလှ



www.burmeseclassic.com

www.burmeseclassic.com



၏။

မကြာမီပင် တစ်တော တစ်တောင်လုံး ဆူညံသွားစေမည့် သေနတ်သံများကို ကြားရလေတော့၏။

ကျော်ဝဏ္ဏနှင့်အဖွဲ့သည် စိတ်ရှိတိုင်း ပစ်ချနေကြချေပြီ။ ဆရာချစ်က ကွမ်းကိုဝါး၍

*"ဒီလူတွေ ပစ်ခတ်ပုံအတိုင်းဆိုရင် တော သတ္တဝါတွေအားလုံး သေကုန်လောက်ပြီ"*

ဟု ပြောလေ၏။

ညနေစောင်းအထိ သေနတ်သံများက ဟိုမှသည်မှ အဆက်မပြတ် ပေါ်ထွက်ပြီးနောက် ကျော်ဝဏ္ဏတို့အဖွဲ့ ပြန်လည် ရောက်ရှိလာကြ၏။

ထိုအခါ တစ်ကိုယ်လုံး သေနတ်ကြောင့် အရိုးအသား ရှာမရအောင် ဖြစ်နေသော ယုန်နှစ်ကောင်နှင့် ဖွတ်ကြီးတစ်ကောင်ကို သာ တွေ့လေရာ မစ္စတာတန်က တခွီးခွီးရယ်မောပြီး

*"ကျုပ်ကတော့ မောင်ရင်တို့နောက်ကိုလိုက် ပြီး အမဲကောင်တွေ တစ်ထမ်းတစ်ပိုး လိုက် ကောက်ဖို့ ကြံစည်မိသေးတယ်၊ ဟား ဟား… ပစ်လိုက်၊ ခတ်လိုက်ကြတာပဲ၊ ရှေ့တန်းစစ်မျက်နှာ မှာ တိုက်ပွဲဝင်နေကြတဲ့အတိုင်းပဲ၊ ဆိုး… ဒီဖွတ် ကြီးက အကောင်တော့ ကြီးသားပဲ၊ ဒါပေမဲ့ သေနတ်ဒဏ်ရာလည်း မတွေ့ပါလား"*

ဟု မေးမြန်းရာ ထမင်းချက်တစ်ယောက်က ဟက်ခနဲရယ် ၍

*"ဒီကောင်ကြီးက ကျုပ်တို့ ဝိုင်းပြီး တုတ်နဲ့ ရိုက်လာတာပါ"*

ဟု ပြောလေ၏။

ကျော်ဝဏ္ဏက ရှက်ယမ်းယမ်းပြီး မစ္စတာတန်ကို မကျေ မနပ်နှင့်

*"ခင်ဗျားကလည်းဗျာ၊ ယုန်သားကလည်း ချိုပါတယ်၊ ဟောဒီဖွတ်ကြီးကလည်း ဘယ် လောက်ဆူဖြိုးလိုက်သလဲလို့ဗျာ"*

ဟု ပြောဆိုလေတော့၏။







www.burmeseclassic.com

သူတို့သည် ထိုညက အနှောင့်အယှက်ကင်းစွာ အိပ်စက်ကြရ၏။

ကျော်ဝဏ္ဏတို့အဖွဲ့ အမဲကောင်းကောင်းမရခဲ့သော်လည်း သူတို့၏ သေနတ်သံများကြောင့် မျောက်ဝံနီကြီးများ ထိုပတ်ဝန်းကျင်ကို ရှောင်ဖယ်သွားကြခြင်းသာ ဖြစ်တန်ရာ၏။

* * *

ပန်းခြံ ကျွန်ပျော
[illegible]





နောက်တစ်နေ့ နံနက်စောစောတွင်ပင် ချွန်းသည် ဆရာချစ်၊ ဘိုကေတို့နှင့်အတူ စမ်းချောင်းသို့သွားလာရန် လမ်းကြောင်းရှာ ခရီးထွက်လေ၏။

သူတို့သည် အဖွဲ့သားများအားလုံးနှင့် လားများပါ သွားလာနိုင်မည့် လမ်းကို အလွယ်တကူမတွေ့ရှိဘဲ အမောဖြေရင်း ဟစ်နေရာတွင် နံနက်စားသောက်ရန် စီစဉ်ရ၏။

သူတို့သည် မြင့်မားသော ချောက်ကမ်းပါးကြီးထက်တွင် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုချောက်ကမ်းပါးက ရေတံခွန် ဝှပေါက်ရှိရာ ချောက်ကမ်းပါးနှင့် တစ်ဆက်တည်းဖြစ်၏။

တစ်ဖက်တွင်လည်း တိတိရိရိ ပိုင်းဖြတ်ထားသလို ကျောက်တောင်နံရံနီကြီးကို မြင်တွေ့နေရ၏။

ချွန်းက အသင့်ယူလာသော ဆတ်သားခြောက်နှင့် ထမင်းကြမ်းကို စားသောက်ကာ တစ်စုံတစ်ရာကို ရွတ်ဆိုနေ၏။

ဆရာချစ်က

*"မောင်ရင်က သီချင်းတွေဘာတွေ ညည်းနေပါလား"*

ဟု ဆိုလေ၏။

ချွန်းက ခေါင်းယမ်းပြီး

*"သီချင်းမဟုတ်ဘူးဗျ၊ ဒီနယ်မြေမှာ ရှေးကတည်းက သိုက်စာကို ရွတ်နေတာပါ၊ ကျုပ်အဲဒီစာချိုးအတိုင်း ကျန်ခဲ့တဲ့ ငှက်အော်တောင်ထိပ်က ကညင်ပင်ကြီးသုံးပင်ကိုရောက်တော့ သတိရမိသေးတယ်၊ အခုရှေ့မှာ မြင်နေရတဲ့ တောင်နီကြီး*





*ကို တွေ့တော့လည်း သတိရလိုက်မိလို့ပါ"*

ဟု အဖြေပေးလေရာ ဘိုကေက ထမင်းကို ပလုပ်ပလောင်း စားရင်းမှ

*"အာစရိကလည်း သိုက်စာဆိုရင် ကျုပ်ကို ပြောထားသင့်တာပေါ့"*

ဟု အပြစ်တင်ဟန် ပြောလေ၏။ ချွန်းက ဟက်ခနဲရယ်၍ ဆရာချစ်ကို

*"ရှေးရှာတဲ့သူတွေ ရွတ်ခဲ့ကြတဲ့စာချိုးပါ၊ 'ကညင်သုံးပင်၊ နွားသုံးတင်၊ ညောင်ပင်ကြီးအောက်၊ လေးတစ်ထောက်၊ တောင်နီအဆင်း၊ ရွှေတစ်တင်း' တဲ့၊ အဓိပ္ပါယ်က ရှင်းပါတယ်၊ ကညင်သုံးပင်အောက်မှာ တူးကြည့်ရင် နွားသုံးရှဉ်း တင်နိုင်လောက်တဲ့ ရွှေတွေရှိတယ်ပေါ့၊ ညောင်ပင်ကြီးအောက်မှာ လေးတစ်ထောက်အနက်လောက် တူးလိုက်ရုံနဲ့ ရွှေတွေတွေ့နိုင်တယ်ပေါ့၊ တောင်နီမှာရှာရင်လည်း ရွှေတစ်တင်းလောက်ရနိုင်တယ်ပေါ့*



www.burmeseclassic.com

www.burmeseclassic.com



*မျာ''*

ဟု ရှင်းပြလေ၏။ ထိုအခါ ဘိုကေက ပေါင်ကို လက်ဝါးနှင့် ပုတ်၍

*''အာစရိသာ စောစောကပြောရင် ငှက်အော်တောင်က ကညင်ပင်ကြီးတွေအောက်မှာ ကျူပ်တူးဆွကြည့်ခဲ့တာပေါ့ဗျာ''*

ဟု ဆိုလေတော့၏။

သူတို့သည် ခေတ္တမျှနားချ၍ လမ်းကိုရှာဖွေပြီး တွေ့ရှိလျှင် လူအားလုံး ချက်ချင်းသွားလာနိုင်ရန် စခန်းသို့ပြန်ပြီး စီစဉ်ကြလေ၏။

စခန်းတွင် ရွက်ဖျင်တဲများကို သိမ်းဆည်းပြီး ခရီးထွက်ရန် အသင့်ဖြစ်နေလေ၏။

ချွန်းသည် လမ်းကိုရှာဖွေတွေ့ထားသော်လည်း ထိုလမ်းသည်ပင် မတ်စောက်ပြီး ကြမ်းတမ်းသော ဆင်ခြေလျှော ဖြစ်နေ၏။

ထို့ကြောင့် အဖွဲ့သားအားလုံး ဂရုတစိုက်နှင့် သတိကြီးစွာသွားလာနေရ၏။ ညနေစောင်းမှပင် အရှိန်အဟုန်နှင့် စီးဆင်းနေ





သော စမ်းချောင်းရေကို ထိတွေ့ကြရတော့၏။

ထိုညအတွက် စမ်းချောင်းကမ်းစပ်တွင်ပင် စခန်းချရပေမည်။ ထိုညတွင် လှုပ်နီကြီးများ၏ အရိပ်အယောင် လှုပ်ရှားမှုများကို တွေ့လေရာ ချွန်းသည် မီးပုံကြီးများဖိုပြီး နှစ်ယောက်တစ်တွဲ ကင်းစောင့်ရန် စီစဉ်လေ၏။

နောက်ထပ် (၂) ရက်အတွင်း သူတို့သည် ချောင်းအတိုင်း ခရီးဆက်ရန် သစ်ခုတ်၊ ဝါးခုတ်၊ ဖောင်ဖွဲ့ခြင်းများဖြင့် မနားရအောင် ရှိနေလေ၏။

ဘိုကေသည် အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်သော်လည်း နှုတ်မှများ

*''ချင်းတွင်းမှာ ဖောင်မချချင်လို့ ဒီခရီးကို လိုက်လာမိတယ်ဆိုမှ ဒီမှာထပ်ပြီး ဖောင်ဖွဲ့ဖို့ ပြင်နေရတယ်''*

ဟု ညည်းညူတတ်၏။

ချွန်းက ဘိုကေကို

*''မင်းအတွက် အတွေ့အကြုံရတာပေါ့ကွ၊*



www.burmeseclassic.com

*ဒါတွေက ကိုအောင်ဘတို့ကတော့ ကျွမ်းကျင်ပြီး သားပေါ့ကွာ၊ မင်းအနေနဲ့ ကြုံတုန်း ဗဟုသုတရ တယ်လို့ သဘောထားပေါ့"*

ဟုပြောကာ အလုပ်လုပ်ကိုင်ရင်း သစ်ခုတ်၊ သစ်လှဲ၊ သစ်ခေါက်ခွာ၊ ငါးလှူးချောင်းချုန်၊ နဖားပေါက်တပ် စသည်တို့နှင့် ဖောင်ဖွဲ့ပုံတို့ကို လက်တွေ့သင်ကြားပေးလေ၏။

ဤသို့ဖြင့် (၃) ရက်မြောက်နေ့တွင် အဖွဲ့သားအားလုံးနှင့် လားများကိုပါ တင်ဆောင်နိုင်သော သစ်လုံးဖောင်ကြီးက အသင့်ဖြစ် နေချေပြီ။

ထိုရက်များအတွင်း ချုန်းသည် စခန်း၏လုံခြုံရေးအတွက် တင်းကျပ်စွာ စောင့်ရှောက်လေရာ မည်သည့်အန္တရာယ်မျှ မကြုံတွေ့ ချေ။

ထိုညက မစ္စတာဓာန်သည် ထုံးစံအတိုင်း အရက်ဝိုင်းဖွဲ့ပြီး ချုန်းကို

*"ကျုပ် ဒီခရီးမှာ မောင်ရင်တို့နဲ့လက်တွဲမိတာ တော်တော်မှန်သွားတယ်"*





ဟု ချီးမွမ်းလေ၏။

နောက်တစ်နေ့တွင် ခရီးဆက်ကြလေရာ ကြမ်းတမ်းသော ရေလမ်းခရီးကို အားလုံးကြုံတွေ့ကြရတော့၏။

ချောင်းက အကွေ့အကောက်များပြီး အချို့နေရာများတွင် ရေတံခွန်ငယ်ကလေးများ ဖြစ်ပေါ်နေ၏။ ဖောင်မှာ ကြီးမားလွန်း သော်လည်း စီးဆင်းနေသော ရေအလျဉ်တွင် မြုပ်ချီတစ်ခါ၊ ပေါ်ချီ တစ်လှည့် ဖြစ်နေ၏။

ယမုံသည် ထိုအခါမှပင် ချုန်း၏ဖောင်လုပ်သားဘဝ ခက်ခဲ ကြမ်းတမ်းမှုကို လက်တွေ့မြင်ရတော့၏။

သူတို့သည် တစ်နေကုန်ခရီးနှင်ကာ ဖောင်ထက်တွင်ပင် နေ့လယ်စာကို ကြုံသလို စားသောက်ကြရ၏။ ညခရီးအတွက် သွားလာရန် မသင့်သောကြောင့် တစ်ညတာစခန်းချရန် ဖောင်ကို ပြေပြစ်သော ကမ်းစပ်တစ်ခုတွင် ရပ်နားကြရ၏။

အချို့က ဖောင်ထက်တွင် အိပ်စက်ကြသလို အချို့က ကမ်းစပ်တွင် ရွက်ဖျဉ်တဲကြီးများထိုး၍ အိပ်စက်ကြ၏။ ထိုအခါ ကျော်ဝဏ္ဏက ချုန်းကို



www.burmeseclassic.com

"ဒီညအတွက် ခင်ဗျားတို့ ကောင်းကောင်းနားကြပါ၊ လုံခြုံရေးအတွက် ကျုပ်တို့တာဝန်ယူပါ့မယ်၊ နောက်တစ်နေ့အတွက်မှဲ ခရီးမှာလည်း ခင်ဗျားတို့ ဖောင်သမားတွေကိုပဲ အားကိုးရမှာ မဟုတ်လား"

ဟုပြောလေ၏။

ထို့နောက် ချွန်းသည် ဘိုကေအား ဖောင်ထက်တွင် အစောင့် အဖြစ်ထားကာ ညစာစားပြီးလျှင် အိပ်စက်လေ၏။

နေ့တစ်နေ့တွင် ဘိုကေက ချွန်းကိုလှုပ်နှိုးပြီး

"အာစရီ·· ထစမ်းပါဦး၊ ဖောင်လည်းမရှိတော့ဘူး၊ လှေတွေလည်း မရှိတော့ဘူး၊ ကျုပ်တို့ကို ဟိုလူတွေ တစ်ပတ်ရိုက်ပြီး ထားခဲ့ပြီဗျို့"

ဟု သတင်းပေးလေတော့၏။

မလှမ်းမကမ်းရှိ သစ်ပင်ခြေတွင်မူ ကိုအောင်ဘသည်လည်း စိတ်ပျက်လက်ပျက်နှင့်

"ဟုတ်တယ်၊ ကျုပ်တို့သုံးယောက်အတွက်





လက်နက်ရိုက္ခာ ဘာမှမရှိတော့ဘူး၊ ဒါဟာ ဟိုကောင် သူဌေးကျော်ဝဏ္ဏရဲ့ လက်ချက်ဆိုတာ ကျိန်းသေပါတယ်၊ ဒီကောင်က ကျုပ်တို့ရဲ့ညစာမှာ အိပ်ဆေးခတ်လိုက်ပုံရတယ်"

ဟု ပြောလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် ကျော်ဝဏ္ဏတို့အဖွဲ့ ဖောင်ကိုလစ်ပြေးပြီဟု သိရလျှင် အိပ်စက်ရာမှ ထလာပြီး လေသံအေးအေးနှင့်

"ဒီလောက် မြန်မြန်ကြီး အခြေအနေပြောင်းသွားလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ငါ့အတွက် ရွှေတွေက အရေးမကြီးပါဘူး၊ ယမုံတို့သားအဖနဲ့ စိတ်ထားကောင်းတဲ့ ဆရာချစ်ကို သူတို့လက်ထဲက ကယ်တင်ဖို့ အရေးကြီးတယ်"





ဟု ဆိုလေ၏။

ကိုအောင်ဘကက အိတ်တွင်းမှ တစ်လိပ်ထဲသာလျှင် ကျန်ရှိသော ဆေးပေါလိပ်ကို မီးညှိပြီး

"သူတို့ကို ကယ်တင်ဖို့အသာထားပြီး တို့ ဒီတောနက်ထဲမှာ ချောင်းအတိုင်း ဖောင်ဖွဲ့ပြီး ခရီးဆက်လို့လည်း မဖြစ်နိုင်၊ အသက်ရှင်ရပ်တည်ဖို့တောင် ခက်နေတာလည်း စဉ်းစားဦးကွ"

ဟု ပြောလေ၏။

ချွန်းက လက်ကာပြပြီး

"သူတို့အတွက် ရေလမ်းခရီးမကျွမ်းကျင်ပေမဲ့ ကံကောင်းထောက်မရင် တစ်နေ့ခရီးနဲ့ ရင်ကွဲတောင်ကို ရောက်နိုင်မှာဗျ၊ ကျုပ်တို့ကလည်း ချောင်းရိုးအတိုင်း ကုန်းလမ်းက လမ်းထွင်ပြီး လိုက်ရမှာပဲ"

ဟု ပြောလိုက်ရာ ကိုအောင်ဘကက ဝမ်းဗိုက်ကိုပွတ်၍

"မင်းက လိုက်ဆိုရင်လည်း လိုက်ရတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ဝမ်းဗိုက်ကိုဖြည့်ဖို့ အရေးကြီးတယ်"

ဟု ပြောဆိုပြန်၏။

ထိုအခါ ဘိုကေက တောတွင်းသို့ဝင်ပြီး မကြာမီ ပတ္တူအိတ်ကြီးတစ်လုံးကို ယူဆောင်လာ၍

"ဟောဒီအိတ်ကြီးထဲမှာ ရိက္ခာတွေ၊ လက်နက်တွေရှိတယ်၊ ဒါဟာ အာစရီရဲ့ အကြံအစည်ပဲ၊ အာစရီက ကျုပ်ကို တစ်ညတာ စခန်းချမဲ့နေရာရောက်တိုင်း ဟောဒီအထုပ်ကြီးကို ဘယ်သူမှမသိအောင် ဖွက်ထားပြီး ခရီးဆက်ရင် ဘယ်သူမှမသိအောင် ယူဆောင်ခဲ့ဖို့ မှာထားတယ်"

ဟု ပြောလေ၏။

အိတ်ကြီးအတွင်း၌ အသားခြောက်များ၊ ဘီစကစ်မုန့်ထုပ်များ၊ ဆေးဝါးအချို့နှင့် တစ်စဆီ ဖြုတ်ထားသော ဒူးလေး၊ မြားကျည်တောက်၊ ခြောက်လုံးပြူးနှင့် ကျည်ဆန်များ၊ ဓါးမြှောင်နှစ်လက်၊ ယမ်းမီးခြစ်၊ ဖယောင်းတိုင်၊ ချည်ကြိမ်း၊ စောင် စသည်





မြင့် ပါလေ၏။

ကိုအောင်ဘက ထိုအရာများကို ကြည့်၍ ထခုန်ကာ

"ဟုတ်ပြီဟေ့၊ ဒီလိုဆိုရင် ဟိုကောင်တွေနောက်ကို ကောင်းကောင်းလိုက်လို့ရပြီ"

ဟု အော်ဟစ်လေ၏။

ချုန်းက အံကြိတ်ပြီး

"တို့ကို ဒီတိုင်းပစ်ထားခဲ့တဲ့အတွက် သူတို့လွတ်မြောက်ပြီလို့ ထင်နေတာပဲ"

ဟု ရေရွတ်လိုက်၏။

ချုန်းတို့သည် ဝမ်းဗိုက်ကို အလျှင်အမြန် ဖြည့်တင်း၍ အချိန်မဆိုင်းဘဲ ခရီးဆက်ကြ၏။

မြောက်ကမ်းပါးအတိုင်း သွားလာရသည်ဟု ဆိုသော်လည်း အချို့နေရာများတွင် တောင်ကုန်း၊ တောင်ကမူတို့ကို ကျော်ဖြတ်ရ၏။

အချို့နေရာတို့တွင် မြေညီသော်လည်း ဝါးတော၊ ကိုင်းတောကြီးများက တိုး၍မပေါက်အောင် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် သူတို့သည် မတ်စောက်သော တောင်ကမ်းပါးရံများကို ကုတ်တွယ်တက်ရသည်လည်းရှိ၏။

ဦးတည်ရာကို မပျောက်စေဘဲ ရှောင်ကွင်းသွားရသည်လည်း ရှိ၏။

နေ့ဝက်ခန့် မနားတမ်း ခရီးနှင်ပြီးလျှင် သစ်ပင်ချုံနွယ်များ ထူထပ်လှသော တောနက်တစ်နေရာသို့ ရောက်ရှိလာ၏။ ချောင်းက ထိုတောနက်တွင်းမှ ဖြတ်သန်းစီးဆင်းနေ၏။

သူတို့သည် ကမ်းစပ်နှင့် မလှမ်းမကမ်းတွင်ပင် ခေတ္တရပ်နားပြီး ကိုအောင်ဘာက မီးမွှေး၍ အသားခြောက်ဖုတ်ရန် စီစဉ်ကာ ဘိုကေက ဝါးကျည်တောက်ခုတ်၍ ရေခပ်ရန် ပြင်၏။

ချွန်သည်လည်း သစ်ပင်မြင့်ကြီးသို့တက်ပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုလေ၏။ ထိုအခါ ချောင်းနှင့် မိုင်ဝက်ခန့်ဝေးကွာမည့် တောနက်တစ်နေရာမှ ထူးခြားသော အော်မြည်သံများကို သတိပြုမိ၏။

ငင်းသည် သစ်ပင်အောက်သို့ ပြန်ရောက်လျှင်ပင် ဘိုကေသည် လက်တွင်း၌ ပဝါတစ်စကိုကိုင်၍ အုယားဖားယား ပြေးလွှား





လာကာ

"အာစရိ… ဒါဟာ ဆရာမလေးရဲ့ လည်ပင်းမှာ ပတ်ထားတတ်တဲ့ ပဝါစမဟုတ်လား၊ အဖြူခံမှာ အနီစက်ကလေးတွေ ဖောက်ထားတာ၊ ကျုပ် မှတ်မိတယ်၊ ကမ်းစပ်က ဝါးကိုင်းတစ်ခုမှာ ချိတ်နေတာတွေ့လို့ ယူလာတာ"

ဟု သတင်းပေး၏။

ချွန်းသည် ထိုပဝါကို ကောင်းစွာမှတ်မိသောကြောင့်

"ဖောင်နဲ့သွားလာရင်း ယမ်းဆီက လွင့်ကျကျန်ခဲ့တာ ဖြစ်မယ်"

ဟု ရေရွတ်လေရာ ဘိုကေက ခေါင်းယမ်းပြီး

"နိုး နိုး… မဖြစ်နိုင်ဘူး၊ ဖောင်ပေါ်က လွင့်ကျရင် ဆယ့်ငါးပေလောက်မြင့်တဲ့ ဝါးကိုင်းမှာ ငြိနေစရာ အကြောင်းမရှိဘူး၊ ပဝါကိုယူဖို့ ဝါးပင်ကို နှိပ်လို့မရတာနဲ့ အနားက ကညင်ပင်မှာရှိနေတဲ့ နွယ်ကြိုးတွေကို ဆွဲပြီးတက်ယူရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ချွန်းသည် တစ်စုံတစ်ရာကို စဉ်းစားမိပြီး တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးသော စိုးရိမ်မှုကို မျက်နှာတွင်ဖြစ်ပေါ်ကာ

"ကဲ… ငါတို့လမ်းကြောင်းပြောင်းမှ ဖြစ်တော့မယ်၊ မကြာခင် တိုက်ပွဲတစ်ခုတော့ ရင်ဆိုင်ရလိမ့်မယ်ဲ့ ထင်တယ်"

ဟု ပြောကာ ရှေ့မှ ဦးဆောင်ထွက်ခဲ့၏။

ချွန်းတွင် ဒူးလေးနှင့် မြားကျည်တောက်က အသင့်ရှိ၏။ ဘိုကေက ခြောက်လုံးပြူးကို ကိုင်ဆောင်၏။ ကိုအောင်ဘကမူ ဓါးမြှောင်ကို ခါးတွင်ထိုးကာ ဝါးချွန်ကို လှံရှည်သဖွယ် စွဲကိုင်ထား၏။

ချွန်းသည် ရှေ့မှပြေးလွှားပြီး တောနက်အတွင်း သွားလာလေရာ ဘိုကေနှင့် ကိုအောင်ဘလည်း ထပ်ကြပ်မကွာ လိုက်ပါလာ၏။

ချွန်းက ပြေးလွှားရင်း

"ကျုပ် ခုနက လမ်းခရီးအခြေအနေ လေ့လာ





ရင်း ဒီတောနက်ပိုင်းမှာ ထူးဆန်းတဲ့ အသံတွေကြားမိတယ်၊ အဲဒီအသံတွေဟာ မျောက်ဝံနီကြီးတွေရဲ့ အော်သံပဲဆိုတာ နောက်ပိုင်းမှသဘောပေါက်တော့တယ်၊ ယမုံကို မျောက်ဝံနီတစ်ကောင်ဖမ်းဆီးသွားတာ ဖြစ်ရမယ်၊ အဲဒါကို အတတ်ပြောနိုင်တယ်၊ ဘာကြောင့်လဲဆိုပေါ့ ဒီကောင်ကြီးတွေက အထီးအမစုံတွဲမှာ အမသေဆုံးသွားရင်အစားထိုးဖို့ နီးစပ်ရာရွာတွေက မိန်းကလေးတွေကိုဖမ်းဆီးခေါ်ဆောင်သွားတတ်တဲ့ အလေ့အကျင့်ရှိလို့ပဲ၊ ကျုပ် ယမုံကို အဲဒါတွေ သတိမပေးလိုက်မိဘူး"

ဟု ပြောဆိုလေ၏။

မကြာမီ သူတို့သည် ရူးစူးရှရှအသံများက ဆူညံစွာ ဟိုမှသည်မှ ပေါ်ထွက်နေသည်ကို ကြားရတော့၏။ ထို့နောက် သစ်ပင်မြင့်ကြီးများတွင် ဖျတ်ခနဲ ဖျတ်ခနဲ ရှေ့လျားသွားလာနေသော မျောက်ဝံနီများကို တွေ့လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းက

"ဒီကောင်ကြီးတွေကို အတတ်နိုင်ဆုံး အန္တရာယ်မပေးမိစေနဲ့"

ဟု သတိပေး၏။

သူတို့သည် ပြေးလွှားရင်း ကျောက်တုံး၊ ကျောက်ဆောင်များ ထူထပ်ရာ ကျောက်တောင်ခြေတစ်ခုသို့ ရောက်ရှိလာ၏။

ထိုအခါမှပင် မျောက်ဝံနီကြီးများအပြင် အခြားမျောက်သတ္တဝါမျိုးစုံကိုပါ များပြားစွာ တွေ့လိုက်ရ၏။ ဘိုကေက တအံ့တသြနှင့်

"ဒီလောက်များတဲ့မျောက်တွေ တစ်ခါမှ မတွေ့ဖူးဘူး၊ ကောင်ရေထောင်နဲ့ချီပြီး ရှိလိမ့်မယ်"

ဟု ရေရွတ်၏။

ကိုအောင်ဘက တစ်နေရာသို့ ညွှန်ပြကာ

"ကြည့်စမ်းဟေ့၊ ဟိုမျောက်ဝံနီကြီးလက်ထဲမှာ ဆရာမလေး မဟုတ်လား"

ဟု အော်ဟစ်လေ၏။





ချွန်းသည်လည်း ခုန်ပေါက်ပြေးလွှားပြီး ရှုညွှန်စွာ အော်ဟစ်နေသော မျောက်ဝံနီကြီးတစ်ကောင်က ယမုံကို ပွေ့ဖက်ပြီး ကျောက်ဆောင်ထက်တွင် သွားလာနေသည်ကို တွေ့လိုက်ရ၏။

အခြားမျောက်များကလည်း ထိုမျောက်ဝံနီကြီးနောက်သို့ ဝိုင်း၍ လိုက်လံကာ အားပေးနေဟန်တူ၏။

သူတို့သည် ချက်ချင်းပင် ကျောက်ဆောင်ထက်သို့ ကုတ်တွယ်၍ တက်ကြရ၏။

ထိုအခါ မျောက်များ၊ မျောက်ဝံနီများ၏ အန္တရာယ်ပေးမှုနှင့် ကြုံတွေ့ကြရတော့၏။

သူတို့ထံ ကျောက်တုံးကျောက်ခဲများက မိုးသီးမိုးပေါက်များပမာ လွင့်ပျံလာလေ၏။

ဘိုကေက သေနတ်ဖြင့် ခြောက်လှန့်၍ ပစ်ခတ်လျှင် ခေတ္တမျှ ငြိမ်သက်သွားကြ၏။

မကြာမီ ကျောက်တုံးများက ပြန်လည်ကျရောက်လာပြန်၏။

ဤသို့ဖြင့် သူတို့သည် ယမုံကို ဖမ်းဆီးထားရာ မျောက်ဝံနီ



www.burmeseclassic.com

www.burmeseclassic.com



ကြီးထံသို့ တရွေ့ရွေ့ တိုးကပ်ခဲ့ကြ၏။

ထိုအချိန်တွင် မျောက်ဝံနီကြီးသည် ယမုံအား ကျောက်ဖျာတစ်ခုပေါ်တွင်ချ၍ လက်ကြီးနှစ်ဖက်ကို မြှောက်ကာ အော်ဟစ်လေ၏။

ချွန်းက ဒူးလေးကိုပြင်ပြီး

*"ငါ့ကိုခွင့်လွှတ်ပါ မျောက်ကြီးရယ်"*

ဟု ရေရွတ်ကာ မောင်းဖြုတ်ချလိုက်တော့၏။

ဒူးလေးမှ မြားတံက ဝှီးခနဲပြေးထွက်ပြီး မျောက်ဝံနီကြီးလည်း လည်မျိုတွင် မြားတံစွဲဝင်ကာ ကျောက်တောင်ထက်မှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွား၏။

ယမုံသည် သတိကင်းလွတ်ခြင်းမရှိချေ။ ထို့ကြောင့် ရုတ်ခြည်းထ၍ ချွန်းတို့ထံ ပြေးလွှားလာ၏။

ဘိုကေက သေနတ်ကို အဆက်မပြတ် ခြောက်လှန့်ပစ်ခတ်ပေး၏။

ချွန်းသည် ယမုံထံ ပြေးလွှားပြီး အနီးကပ်လာသည့် မျောက်များကို ဒူးလေးဖြင့် ရိုက်ခတ်ဖယ်ရှားလေ၏။





ထို့နောက် သူတို့သည် နောက်ကြောင်းသို့ တဖြည်းဖြည်းဆုတ်ခွာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းတို့လူစုသည် မျောက်ဝံနီများရှိရာ တောနက်မှ လွတ်မြောက်လာခဲ့၏။ ထိုအခါမှပင် ယမုံက ချွန်းကို ကျစ်ကျစ်ပါအောင်ဖက်ကာ

*"ဘယ်နည်းနဲ့ဖြစ်ဖြစ် အစ်ကိုလိုက်လာနိုင်မယ်ဆိုတာ ကျွန်မသိတယ်"*

ဟု ပြောလေ၏။

ခရီးစဉ်တစ်လျှောက်လုံး ယခုမှပင် လွတ်လွတ်လပ်လပ်တွေ့ဆုံရသော ချစ်သူနှစ်ဦးကိုကြည့်၍ ဘိုကေ၊နှင့် အောင်ဘသည်ရွှင်ထွက်သွား၏။





ယမုံက ဆက်၍ ကျော်ဝဏ္ဏတို့လူစု၏ အကြံပက်စက်ပုံကိုရှင်းပြ၏။ သူတို့သည် ချွန်းတို့ကို အိပ်ဆေးရှိန်ဖြင့် အိပ်စက်နေတုန်းထားရစ်ခဲ့ရန် စီစဉ်ကြ၏။

ထိုအစီအစဉ်ကို ယမုံနှင့် ဆရာချစ်က လက်မခံသောကြောင့် ကျော်ဝဏ္ဏက

*"အချိန်မရှိတော့ဘူး ယမုံ၊ မင်းရဲ့ဖခင်လည်း ဒီအကြံကို သဘောတူတယ်၊ ဒီလိုမဟုတ်ရင် ကျွပ်သူတို့ကို တစ်ခါတည်း အဆုံးစီရင်ပစ်ခဲ့မယ်၊ အသာတကြည် လိုက်ခဲ့ပါ"*

ဟု ခြိမ်းခြောက်ခေါ်ဆောင်ခဲ့၏။

ထိုကဲ့သို့ထွက်ခွာလာရင်း လမ်းခရီးတွင် ချောင်း၏တစ်ဖက်ကမ်းစပ်မှ နွယ်ကြိုးကို ခိုတွယ်စီးလာသော မျောက်ဝံနီကြီးက ဖောင်ထက်မှ ယမုံအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရလေတော့၏။

ချွန်းက ယမုံကို

*"ဘာမှအားမငယ်နဲ့၊ အစ်ကိုရှိနေသရွေ့*



www.burmeseclassic.com

www.burmeseclassic.com



မင်းမှာ နှောက်ထပ် ဘယ်လိုအန္တရာယ်မှ မကျရောက်စေရတော့ဘူး၊ အခု တို့ရဲ့အစီအစဉ်အတိုင်း ခရီးဆက်ရမယ်၊ ဦးဘတူဟာ လောဘကြောင့် သူတို့နဲ့ ပူးပေါင်းသွားပေမဲ့ မင်းရဲ့ဖခင်ပဲဖြစ်တယ်၊ ဒါကြောင့် ဦးဘတူနဲ့ဆရာချစ်ကို ကယ်တင်ဖို့ အစ်ကို့မှာ တာဝန်ရှိတယ်"

ဟု ပြောလိုက်လေ၏။

ယမုံက သက်ပြင်းချ၍

"မစ္စတာတန်ကတော့ အစ်ကိုဟာ လက်နက်အင်အား၊ လူအင်အားသာတဲ့ သူတို့ကို ဘယ်လိုမှ ဒုက္ခမပေးနိုင်ဘူးလို့ ထင်မှတ်နေတယ်"

ဟု ဆိုလေ၏။

ထိုအခါ ဘိုကေရောက်ရှိလာပြီး ချွန်းကို

"ဒီလူတွေ မကြာခင် သဘောပေါက်သွားမှာပါ၊ အာစရိ... ခရီးဆက်တော့မယ် မဟုတ်လား"





ဟု မေးမြန်း၏။

ချွန်းက ခေါင်းညိတ်ပြီး ယမုံ၏လက်ကို ဗိုင်ဗိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်တော့၏။

သူတို့သည် ဆက်လက်ထွက်ခွာလာရာ ညနေစောင်းအချိန်သို့ ရောက်ရှိလာ၏။ ဘိုကေက ရောက်ရာနေရာတွင် စခန်းချရန် အကြံပေးသော်လည်း ချွန်းက

"ဒီအချိန်မှာ နာရီ၊ မိနစ်နဲ့အမျှ အချိန်က အရေးကြီးနေပြီ၊ ရောက်နိုင်သလောက် ခရီးပေါက်အောင် သွားရမယ်၊ အလင်းရောင်မရှိရင် ကညင်ဆီမီးတိုင်တွေထွန်းမယ်၊ အဲဒီလိုသွားလို့မရတော့မှ နားကြတာပေါ့"

ဟု ပြောလေ၏။

ချွန်း၏စကားအတိုင်း အလင်းရောင်ပျောက်သော်လည်း ကညင်ပင်ကြီးများမှအစေးကိုယူ၍ ဝါးလုံးတွင် မီးတုတ်ပြုလုပ်ကာ ခရီးဆက်ကြ၏။

ထိုသို့သွားလာကြရင်း တစ်နေရာသို့အရောက်တွင် သစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



များကြားမှဖြတ်၍ သူတို့ထံ အော်ဟစ်ပြေးလွှားလာသော လူတစ်ယောက်နှင့် ကြုံတွေ့လိုက်ရတော့၏။

ဘိုကေသည် ထိုသူအား လူတစ်ယောက်ဟုပင် မထင်မှတ်ဘဲ သေနတ်နှင့်ပစ်ခတ်ရန် ပြင်မိသေး၏။

ထိုသူသည် မူလရုပ်သွင်ပြင်ပျောက်ကွယ်ကာ ဆံပင်တို့ကဖို့ယို့ဖားယား ဖြစ်နေ၏။ အဝတ်အထည်တို့က မြင်မကောင်းအောင် ညစ်ထေးစုတ်ပြတ်ကာ ဒဏ်ရာဗရပွနှင့် ဖြစ်နေ၏။

ထိုသူက ချွန်းနှင့်ယမုံတို့၏အမည်များကို ခေါ်၍ အနီးသို့ရောက်လျှင် ဗိုင်းခနဲ ပစ်လဲသွားတော့၏။ ယမုံသည် မျက်လုံးကလေးဝိုင်းပြီး

*"ကိုကျော်ဝဏ္ဏပါလား"*

ဟု ပြောလိုက်ရာ ဘိုကေက မျက်လုံးနီရဲ၍ သေနတ်နှင့်လဲကျနေသော ကျော်ဝဏ္ဏကို ချိန်ရွယ်ကာ

*"ဒီကောင်ကို ကျုပ် အဆုံးစီရင်လိုက်တော့မယ် အာစရို"*

ဟု ချွန်းထံ ခွင့်တောင်း၏။ ကိုအောင်ဘကလည်း အံကြိတ်





ပြီး ဝါးချွန်နှင့်ရွယ်ကာ

*"ကျည်ဆန်မဖြုန်းစမ်းပါနဲ့ကွာ၊ ငါ ကြည့်ရှင်းပါမယ်"*

ဟု ပြောလေ၏။ ချွန်းက

*"မလုပ်ကြပါနဲ့၊ ကျုပ်တို့ဟာ သွေးဆာနေတဲ့ လူသတ်သမားတွေမှ မဟုတ်တာ၊ သူ့မှာ အပြစ်ရှိတယ်ဆိုရင် သူ့ဘာသာ ခံရမှာပါ"*

ဟု ဟန့်တားလိုက်၏။

ယမုံသည် ကျော်ဝဏ္ဏကို ပြုစုကုသပေးရ၏။ ချွန်းထံတွင် တိုင်းရင်းဆေးများပါလေရာ ကျော်ဝဏ္ဏအတွက် ဖြစ်သွား၏။

ထိုအခါမှပင် ကျော်ဝဏ္ဏက

*"ကျုပ်ကို ခွင့်လွှတ်ကြပါဗျာ၊ တကယ်တော့ ကျုပ်ဟာ တစ်ချိန်လုံး လောဘတွေတက်ပြီး မစ္စတာတန်ရဲ့လှည့်စားမှုကို ခံနေရတာပါ၊ ကျုပ်တို့ ဖောင်နဲ့ခရီးဆက်ရင်း ယမုံကို လူဝံနီကြီး ဖမ်းဆီးသွားကတည်းက ဦးဘတူဟာ စိတ်ကယောင်*



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားဖြစ်ပြီး ဖောင်ပေါ်က ခုန်ချမယ်တကဲကဲ ဖြစ်နေတယ်၊ ဆရာချစ်က အနီးကပ် ထိန်းသိမ်းပေး နေခဲ့ရတယ်၊ ကျုပ်ကလည်း ယမုံအတွက် စိတ် မကောင်းပေမဲ့ ခရီးစဉ်ကို ရပ်တန့်ဖို့ စိတ်ကူးမရှိ ခဲ့ဘူး၊ ဒီကြားထဲ မစ္စတာတန်က ကျုပ်ကို မကြာ ခဏ လှောင်ပြောင်နေတဲ့အတွက် ကျုပ်နဲ့စကား များပြီး ဖောင်ပေါ်မှာပဲ အခြေအနေတင်းမာခဲ့ကြ တယ်၊ ဒါကြောင့် ကျုပ်က မစ္စတာတန်ကို ဒီခရီး မှာပဲ လက်စဖျောက်ပြီး ရလာမဲ့ ရွှေတွေရော၊ မစ္စတာတန်ဆီမှာ သိမ်းထားတဲ့ရွှေတွေကိုပါ အပိုင် စီးဖို့ ကြံစည်ခဲ့တယ်၊ ကျုပ်က စိန်လျှောင်နဲ့ လား သမားတွေ၊ ထမင်းချက်တွေကို အစကတည်းက ကြိုပြီးစည်းရုံးထားတဲ့ ကိုယ့်လူတွေလို့ မှတ်ထား တာကိုး၊ ဒါကြောင့် မစ္စတာတန်ကို သတ်ဖြတ်ဖို့ စိန်လျှောင်တို့ကို အမိန့်ပေးလိုက်တယ်''

ဟု ပြောလေ၏။ ဘိုကေက ရယ်မောပြီး





''မစ္စတာတန်ကို သတ်မဲ့လူက ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ''

ဟု ပြောလိုက်ရာ ကျော်ဝဏ္ဏက

''ကျုပ်ကို စိန်လျှောင်က တစ်ချိန်လုံး လှည့်စားခဲ့တာ...ိုး ဗျူ၊ အရင်ကတည်းက စိန်လျှောင် ဟာ မစ္စတာတန်ရဲ့လူယုံပဲ၊ စိန်လျှောင်ခေါ်လာတဲ့ ထမင်းချက်တွေ၊ လားထိန်းတွေကလည်း သူတို့လူ တွေပဲပေါ့ဗျာ၊ ဒါကြောင့် ကျုပ်ကို ဖောင်ပေါ်က ကန်ချပြီး စွန့်ပစ်ခဲ့ကြတာပေါ့၊ ကျုပ်အတွက် ကမ်းစပ်ကို ခြေချမိပေမဲ့ မျောက်ဝံနီကြီးတွေက ဒုက္ခပေးလို့ အသက်လုရင်း ပြေးလွှားနေရတာပါ''

ဟု ရှင်းပြလေတော့၏။

ချွန်းက ကျော်ဝဏ္ဏကို

''ခင်ဗျားရဲ့စိတ်ဓါတ် ပြောင်းလဲလာမယ် ဆိုရင် ကျုပ် ကူညီရကျိုးနပ်ပါတယ်''

ဟု ပြောလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် အဖွဲ့ဝင်သစ်တစ်ယောက် တိုးလာပေပြီ။ ကျော်ဝဏ္ဏသည် ချွန်းအပေါ်တွင် အမြင်ကြည်လင်သွားသလို ယမုံ့အပေါ် ဆက်ဆံရာတွင်လည်း ဖြူစင်ရိုးသားလာ၏။

ယခုအချိန်၌ သူ့အတွက် ချွန်း၏အမိန့်ကို လိုက်နာရန် အသင့် ရှိနေချေပြီ။

* * *





ချွန်းသည် ကျော်ဝဏ္ဏကို ငုံ့ညွှာပြီး ထိုနေရာတွင်ပင် ခေတ္တမျှရပ်နားရန် ဆုံးဖြတ်လိုက်၏။

ကျော်ဝဏ္ဏက ဘိုကေပြင်ဆင်ပေးသည့် အစားအသောက်များကို စားသောက်ရင်း ချွန်းကို

*"ကျောက်ဂူထဲက ရွှေတွေနဲ့အတူတွေ့တဲ့ သားရေချုပ်ကို မှတ်မိဦးမှာပေါ့၊ သားရေချုပ်ထဲက တရုတ်စာတွေကို မရှုတာတာန်က မဖတ်ရှုနိုင်ဘူး ဆိုတာ လိမ်ညာခဲ့တာပါ၊ တကယ်တော့ အဲဒီ*



www.burmeseclassic.com

www.burmeseclassic.com



သားရေချပ်ဟာ ရွှေတုံးအမြောက်အမြားကို သိုဝှက်ထားခဲ့တဲ့နေရာကို မှတ်သားထားတဲ့ ရတနာမြေပုံတစ်ခုလိုပါပဲ၊ သားရေချပ်မှာ ရေးထားတာက မစ္စတာတာန်ရဲ့ညီအပါအဝင် သူတို့လူစုဟာ ခက်ခဲတဲ့ ခရီးကြမ်းကိုဖြတ်ပြီး ရင်ကွဲတောင်ကို အရောက်လာနိုင်ခဲ့တယ်လို့ဆိုတယ်၊ ဒါပေမဲ့ လမ်းခရီးမှာပဲ ဘေးဒုက္ခအန္တရာယ်တွေကြောင့် အဖွဲ့ဝင်တွေ သေကြေ ပျက်စီးခဲ့လို့ သူတို့ (၃)ဦးပဲ ကျန်ရစ်ခဲ့တယ်၊ ရင်ကွဲတောင်မှာ ရှာဖွေကြတော့ ရွှေတုံးတွေကိုတွေ့တဲ့အချိန်မှာလည်း သူတို့လူအင်အားနဲ့ ဒီခရီးလမ်းနဲ့ ဘယ်လိုမှပြန်ပြီး သယ်ယူဖို့ မဖြစ်နိုင်တဲ့အတွက် တစ်နေရာရာမှာ လျှို့ဝှက်ထားပြီး နောင်တစ်ချိန်မှ ပြန်ယူမယ်လို့ စီစဉ်ခဲ့ကြတယ်၊ အပြန်လမ်းမှာတော့ သယ်နိုင်သလောက် ရွှေတုံးကလေးတွေ သယ်ယူခဲ့ကြပေမဲ့ အချို့ရွှေတွေဟာ ချောင်းထဲမှာပင် ပျောက်ဆုံးခဲ့ရတယ်၊ ဒီလိုနဲ့ ကျုပ်တို့ခန်း





ချခဲ့တဲ့ ရွှေတံခွန်တောင်ကိုအရောက်မှာတော့ လောဘတွေနဲ့ တစ်ယောက်ကိုတစ်ယောက် အကောက်ကြံပြီး ရတနာမြေပုံကို ပိုင်ဆိုင်ဖို့ ကြိုးစားကြတယ်၊ အဲဒီအချိန်မှာ လူတစ်ယောက်က ဒဏ်ရာအနာတရကြီးကနေပြီး ကျန်ရစ်တဲ့ရွှေတွေနဲ့ မြေပုံကိုရယူပုန်းခိုနေနိုင်ခဲ့တယ်၊ မစ္စတာတာန်ရဲ့ညီလည်း အဲဒီလူကို ရှာဖွေရင်းမတွေ့တဲ့အဆုံး ရပ်ရွာကို ပြန်ရောက်လာတော့တာပေါ့"

ဟု ပြောလေ၏။

ချွန်းတို့သည် ဇာတ်ရည်လည်သွားပြီဖြစ်၏။

ကျော်ဝဏ္ဏ အနည်းငယ် အားအင်ပြည့်ဖြိုးလာလျှင် ခရီးဆက်၍ ထွက်ခဲ့ကြ၏။

ကျော်ဝဏ္ဏ၏စကားအတိုင်းဆိုလျှင် ရင်ကွဲတောင်ခရီးမှာ မဝေးတော့ချေ။

ထို့အပြင် အရှိန်အဟုန်နှင့် စီးဆင်းလာသော ချောင်းကတဖြည်းဖြည်းတိမ်ကောပြီး ရေကန်ကျယ်ကြီးတစ်ခုသို့ စီးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ချောင်း၏အဆုံးမှကြည့်လျှင် ကောင်းကင်မှလမင်းအလင်းနှင့်ပင် ထီးထီးကြီးဖြစ်နေသော တောင်ကြီးတစ်တောင်ကို ထင်ရှားစွာ မြင်တွေ့ရ၏။

လူအားလုံးသည် မြင်ရုံနှင့်ပင် ထိုတောင်ကြီးသည် ရင်ကွဲတောင်မှန်း သိကြ၏။

အဘယ်ကြောင့်ဆိုသော် တောင်ကြီးက မိန်းမတစ်ယောက်၏ ရင်သားအစုံကို တောင်ထွတ်နှစ်ခုက ထိုးဖောက်စွာ ရှိနေသည် မဟုတ်ပါလား။

သူတို့လူစုသည် ရေကန်ကျယ်ကြီးအနီးသို့ ခြေချမိလျှင် ကမ်းစပ်၌ ဆိုက်ကပ်ထားသော ဖောင်ကို အစောင့်အရှောက်ကင်းမဲ့စွာ မြင်တွေ့ရ၏။

ဖောင်အနီး မြက်ခင်းပြင်တွင်လည်း လားခြေရာ၊ လူခြေရာများ ရှုပ်ထွေးနေ၏။

ထိုနေရာနှင့် တောင်ခြေက မဝေးကွာတော့ပေ။ ချွန်းက အခြေအနေကို တွက်ဆပြီး





"မစ္စတာတန်တို့ရှုမှ ခုလောက်ဆိုရင် တောင်ပေါ်က ရဲတန်ဘာသိုက်ကို ရှာဖွေနေလောက်ပြီ၊ တောင်ပေါ်က လှမ်းကြည့်ရင်လည်း ကျုပ်တို့သွားလာနေတဲ့ မီးတုက်အလင်းရောင်တွေကို မြင်တွေ့မှာပဲ၊ အဲဒီတော့ သိတဲ့အတူတူ မထူးတော့ဘူး၊ ဖြောင့်ကျကျ ရင်ဆိုင်ကြရုံပေါ့"

ဟု ပြောလေ၏။

ဘိုကေက ခြောက်လုံးပြူးကို စစ်ဆေးပြီး

"ကျုပ် ဘာလုပ်ရမလဲဆိုတာ ပြောပါ အာဏာရှိ"

ဟု ဆိုလေ၏။

ကိုအောင်ဘကလည်း တက်ကြွစွာပင်

"ကျုပ်မှာ လက်နက်ဆိုလို့ ဓါးနဲ့ ဝါးချွန်ပဲ ရှိပေမဲ့ ဒီကောင်တွေကို မမှုပါဘူး"

ဟု ပြောလေ၏။

ကျော်ဝဏ္ဏလည်း လှုပ်ရှားလာကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ကျုပ် စိန်လျှောင်နဲ့ မစ္စတာ တန်ကို အမှုန့်ချေပစ်ချင်တယ်"

ဟု ကြိမ်းဝါးလေ၏။

ချွန်းက လက်ကာပြပြီး

"ကျုပ်မှာတော့ အမုန်းတွေ၊ အငြိုးအတေး တွေ မရှိဘူး၊ ပြီးတော့ ရွှေတွေကိုလည်း မစဉ်းစား ဘူး၊ အဓိက,က ဦးဘတူနဲ့ ဆရာချစ်တို့အတွက်ပဲ၊ မစ္စတာတန်ဟာ ရွှေတွေတွေ့ရင် လောဘတက်ပြီး အဲဒီလူကြီးနှစ်ယောက်ကို လက်စဖျောက်ပစ်မှာ စိုးရတယ်၊ ဒါကြောင့် ဒီကိစ္စကို ကျုပ်တစ်ယောက် တည်း ဖြေရှင်းမယ်၊ ကျန်တဲ့သူတွေက ဖောင်မှာပဲ ကျန်ရစ်ခဲ့ပါ"

ဟု ပြောလိုက်၏။

ဘိုကေက

"အာစရီ... ဒီလိုမလုပ်ပါနဲ့၊ ကျုပ်တော့ အတူ လိုက်မှဖြစ်မယ်"





ဟု ပြောဆိုလေ၏။ ယမုံက ချွန်း၏လက်မောင်းကို ဆုပ် ကိုင်ကာ

"အားလုံးအတူတူဝိုင်းပြီး ဖြေရှင်းရမှာပေါ့၊ အစ်ကိုက အရင်ဆုံးသွားရင်လည်း ကျွန်မတို့ နောက်က လိုက်လို့ရပါတယ်"

ဟု ဆိုလိုက်ရာ ကျော်ဝဏ္ဏက

"ဒီအတိုင်းကောင်းပါတယ်၊ ခင်ဗျားမှာ အရေးကြုံရင် ကျုပ်တို့ ကူညီလို့ရတာပေါ့"

ဟု ပြောလေ၏။

ချွန်းက ထိုအစီအစဉ်ကို လက်ခံပြီး ရှေ့မှ ဦးဆောင် ထွက်ခဲ့၏။

ရင်ကွဲတောင်က လရောင်အောက်တွင် တစ္ဆေကြီး တစ်ကောင် ဆောင့်ကြောင့်ထိုင်နေသလို ကြောက်မက်ဖွယ်အသွင် ဆောင်နေ၏။

ထိုတောင်သည် သစ်ပင်၊ ချုံနွယ် အနည်းငယ်သာ ပေါက် ရောက်သော ကျောက်သားမြေများနှင့် ဖုံးလွှမ်းထား၏။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းအတွက် မစ္စတာတန်တို့ကို ခြေရာခံ၍လိုက်ရန် အခက်အခဲ မရှိချေ။

ထိုသူများသည် ဝန်တင်လားများကို ခေါ်ဆောင်၍ ခပ်ပြေပြေရှိသော တောင်တက်လမ်းများမှ သွားလာခဲ့ခြင်းဖြစ်၏။

ထိုလမ်းသည် တောင်ကြီး၏အလယ်တည့်တည့် ရင်နှစ်မွှာကြားသို့ ဦးတည်ထား၏။

ချွန်းသည် တောင်တက်လမ်းအတိုင်း သတိကြီးစွာထား၍ ဖျတ်လတ်စွာ သွားလာနေရာမှ တစ်ဖက်တောင်စွယ်တစ်ခုမှ ရန်သူ၏ ပစ်ခတ်မှုကို ကြုံတွေ့လိုက်ရ၏။

ချွန်းသည် ဒိုင်းခနဲထွက်ပေါ်လာသော သေနတ်သံကြောင့် ကျောက်တုံးများကြားသို့ လှိမ့်၍ အကာအကွယ် ယူလိုက်ရ၏။

မစ္စတာတန်၏ ကင်းသမား ဖြစ်ရပေမည်။ ထိုကင်းသမားသည် ပေါ့ဆစွာပင် ကိုယ်တစ်ပိုင်းထွက်၍ ရန်သူကို ရှာဖွေနေ၏။

ချွန်းက ထိုသူကို ရိပ်ခနဲမြင်တွေ့လျှင်ပင် ဒူးလေးနှင့် ပစ်ခတ်လိုက်တော့၏။

မစ္စတာတန်တို့လူစုမှာမူ လောဘဇောတိုက်ရင်း မီးပုံကြီး





တစ်ခု ဖိုထားသော တောင်၏အလယ် ကွက်လပ်ကျယ်ကြီးတွင် ရှိနေ၏။

မစ္စတာတန်သည် ရင်ကွဲတောင်မှ ရွှေတုံးရွှေခဲများကို ခက်ခက်ခဲခဲ မရှာဖွေရဘဲ တွေ့ရှိနေချေပြီ။

သူသည် မြေပုံညွှန်းအတိုင်း ထိုနေရာတွင် ထူးဆွလေရာ ပတ္တူအိတ်ကြီး (၃)လုံးအပြည့်ထည့်ထားသော ရွှေများကို ရရှိလိုက်၏။

ဦးဘတူသည် သမီးပျောက်ဆုံးမှုတို့ကြောင့် စိတ်ခါတ်ပျက်ပြားနေရာမှ ရွှေများကိုမြင်လျှင် ဝမ်းသာအားရနှင့်

*"ချမ်းသာပြီဟေ့"*

ဟု အော်ဟစ်လေ၏။

ဆရာချစ်သည် ရွှေတုံးများကို လောဘရမ္မက်ကင်းစွာ ကြည့်ရှုပြီး ခေါင်းယမ်းကာ

*"ဒီရွှေတွေဟာ ပျောက်ဆုံးသွားတဲ့လူတွေ၊ သေဆုံးသွားတဲ့လူတွေရဲ့ အသက်ထက်ပိုပြီး တန်ဖိုးရှိပါ့မလား"*



www.burmeseclassic.com

ဟု ရေရွတ်မိ၏။

စိန်လျှောင်ကမူ ရွှေတုံးများကို ရနိုင်သလောက် အိတ်အတွင်း ခွဲ၍ထည့်ပြီး

*"ဟား ဟား ဟား… ကျုပ်တော့ ဒီရွှေတွေ ယူပြီး ပြည်မကြီးကိုပြန်တော့မယ်"*

ဟု အော်ဟစ်လေ၏။

ထိုစဉ် ကင်းသမားထံမှ သေနတ်သံပေါ်ထွက်လာ၏။ မကြာမီ ထိုသူသည် ကျောက်တောင်စွန်းမှ တလိမ့်ခေါက်ကွေး ပြုတ်ကျလာသည်ကိုလည်း တွေ့လိုက်ကြရ၏။

မစ္စတာတန်သည် မျက်လုံးပြူးကျယ်၍ ရွှေထုပ်များကို လှည့်ပတ်ကာ

*"စိန်လျှောင်… ရန်သူရောက်လာပြီ၊ တောထဲမှာ မီးရောင်တွေမြင်တော့ မင်းက ဒီလိုပဲ ဆေးသန်တွေ သွားလာတတ်ပါတယ်ဆို၊ အခုတော့ မင်းဘိုးအေတွေက ငါ့ရွှေတွေကိုလုဖို့ ရောက်လာပြီ၊ ဘယ်သူပဲဖြစ်ဖြစ် အပြတ်ရှင်းပစ်ရမယ်၊ ဒိုင်းနမိုက်*





*တွေကို ဖောက်ခွဲလိုက်ပေတော့"*

ဟု အမိန့်ပေးလေ၏။

စိန်လျှောင်သည် တစ်နေရာသို့ ပြေးလွှားသွားပြီး စနက်တံကြိုးတစ်စကို မီးရှို့လိုက်၏။ ကြိုးက ရှည်လျားစွာ သွယ်တန်းထားပြီး တောင်တက်လမ်းတစ်နေရာရှိ ကျောက်တုံးကျောက်စိုင်များကို ဖြိုဖျက်မည့် ဒိုင်းနမိုက်များနှင့် ဆက်သွယ်ထားခြင်းဖြစ်၏။

ထိုအခါ ဦးဘတူက ရွှေအိတ်ကြီးတစ်အိတ်ကို မနိုင်မနင်းထမ်းပိုးလေရာ မစ္စတာတန်က တွန်းဖယ်ပြီး

*"အရေးထဲ ခင်ဗျားက အပိုင်ကြံချင်သေးတယ်၊ ဟောကောင်တွေ၊ ရွှေအိတ်တွေသယ်ပြီး နောက်ဘက်က တောင်ကြားလမ်းထဲ ရွှေထားလိုက်"*

ဟု ကျန်လူများကို အမိန့်ပေး၏။

ဆရာချစ်ကမူ စိန်လျှောင်ထံ ရောက်ရှိသွားကာ

*"မင်း အဲဒီလိုဖောက်ခွဲလို့ အခန့်မသင့်ရင် ဒီတောင်ကြီးတစ်ခုလုံး ပြိုပျက်သွားလိမ့်မယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန့်တားလေ၏။

စိန်လျှောင်က၁ တဖျတ်ဖျတ်တောက်လောင်နေသော စနက်တံကြိုးကို ကြည့်ပြီး ရယ်မောကာ

*"ခင်ဗျားအလုပ် မဟုတ်ပါဘူးဗျာ၊ မသေချင်ရင် နောက်ကိုဆုတ်နေစမ်းပါ"*

ဟု ပြောလေ၏။

ဆရာချစ်သည် အရှယ်နှင့်မမျှအောင် ဖျတ်လတ်စွာ စိန်လျှောင်ထံ လွှားခနဲ ရောက်ရှိသွား၏။

စိန်လျှောင်သည် လက်တွင်း၌ သေနတ်ကို ဆုပ်ကိုင်ထားသော်လည်း ဆရာချစ်နှင့် လုံးထွေးရင်း ပစ်ခွင့်မသာဖြစ်နေ၏။

မစ္စတာတန်မှာမူ ရွှေထုပ်ကြီးအနီးတွင် လှည့်ပတ်ပြေးလွှားကာ တောင်တက်လမ်းဆီသို့ သေနတ်နှင့် အကြောင်းမဲ့ တဒိုင်းဒိုင်း ပစ်ခတ်နေလေ၏။

ချွန်းသည် ကင်းသမားကို ရှင်းလင်းပြီး တောင်တက်လမ်းအတိုင်း အပြေးအလွှား တက်လာခဲ့၏။ ထိုအခါ မစ္စတာတန်က ရန်သူကိုမမြင်ဘဲ ရမ်း၍ပစ်ခတ်နေမှုကြောင့် ကျည်လွတ်ရာလမ်းကို





တွက်ဆနေရ၏။

တစ်နေရာတွင် အရိပ်မဲနှစ်ခုက လုံးထွေးနေ၏။ ချွန်းသည် ပုန်းလျှိုကွယ်လျှိုးနှင့် ထိုသူများအနီးသို့ တိုးကပ်လာစဉ် မီးပွင့်ကလေးများ လက်၍ တဖျတ်ဖျတ် လောင်ကျွမ်းနေသော စနက်တံကြိုးကို မြင်တွေ့လိုက်ရတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချွန်းသည် လုံးထွေးနေသော လူရိပ်များကို ရှောင်လွှဲပြီး စနက်တံကြိုးရှိရာ ကျောက်တောင်စွန်းသို့ ကုတ်တွယ်တက်လိုက်၏။

ကြိုးမှ မီးဖွားကလေးက လျှင်မြန်စွာ ရွေ့လျားနေလေရာ ချွန်းက နောက်မှ အမီလိုက်နေရသလိုရှိ၏။





ယမ်းနှင့် ဘိုကေတို့လူစုကလည်း ဆူညံသော သေနတ်သံများကြောင့် တောင်တက်လမ်းအတိုင်း ပြေးလွှားလာကြပြန်၏။

ထိုအခါ မန္တလေးဘကြီးလူစုက မြင်တွေ့ပြီး ဝိုင်းဝန်းပစ်ခတ်ကြ၏။

ဆရာချစ်သည် စိန်ပျောင်ကို တိုက်ခိုက်ပြီး လဲကျအောင် ပြုလုပ်လိုက်နိုင်၏။

ထိုအချိန်တွင် အကာအကွယ်နေရာမှ ဘိုကေက

*"အာစရိ... ဘယ်ရောက်နေသလဲ"*

ဟု အော်ဟစ်သံ ထွက်ပေါ်လာရာ ချွန်းက

*"ဒီမှာ ဒိုင်းနမိုက်တွေ ဆင်ထားတယ်၊ မင်းတို့ မြန်မြန်ပြန်ဆုတ်စမ်း"*

ဟု အမိန့်ပေးလေ၏။

ဘိုကေသည် ချွန်းကို မြင်တွေ့သွားသလို ဆရာချစ်ကလည်း အားတက်သွားလေ၏။

ထိုအချိန်တွင် ရှေ့သို့သာမြဲ၍ ပစ်ခတ်နေသော မန္တလေးဘကြီးသန့်



www.burmeseclassic.com

တို့လူစုသည် ဦးဘတူကို သတိမပြုမိ ကြချေ။

ဦးဘတူသည် မီးပုံနားတွင် မားမားကြီးရပ်တန့်၍ လက်တွင် ဒိုင်းနမိုက်များကို ကိုင်ကာ

*"ဟောကောင်တွေ… မင်းတို့ထွက်သွားစမ်း၊ ဒီရွှေတွေကို ငါတစ်ယောက်တည်း အပိုင်ယူရမယ်"*

ဟု အော်ဟစ်လေ၏။ မစ္စတာတာန်က ချာခနဲလှည့်ပြီး ထိတ်လန့်သွားကာ

*"ဦးဘတူ စိတ်ထိန်းပါဦး၊ ကျုပ်… ကျုပ်က ခင်ဗျားကို အချိုးကျ ခွဲပေးမှာပါ"*

ဟု ဖျောင်းဖျလေ၏။

ဦးဘတူသည် မျက်လုံးအစုံက ရဲရဲနီကာ လက်တစ်ဖက်ကို မြှောက်ယမ်းပြီး

*"မင်း အနားကိုကပ်မလာနဲ့၊ ငါ့ရွှေတွေကို မထိနဲ့၊ ဒီက မြန်မြန်ထွက်သွားပေတော့"*

ဟု အမိန့်ပေး၏။





မစ္စတာတာန်သည် လောဘကြောင့် ဒေါသတို့ အဆုံးစွန်ဖြစ်ပေါ်သွား၏။

သူသည် ဦးဘတူကို သေနတ်နှင့်ပစ်ခတ်ပြီး ဒိုင်းနမိုက်ကို လုယူရန် ကြိုးစားလိုက်၏။

သို့သော် အချိန်နှောင်းသွားပြီဖြစ်၏။ ဒိုင်းနမိုက်သည် မီးပုံတွင်းသို့ တည့်တည့်ပင် ကျရောက်သွားတော့၏။ အနီးတွင် ထင်းရှူးသေတ္တာတစ်လုံးအပြည့် ဒိုင်းနမိုက်များကလည်း အသင့်ရှိနေ၏။

ချွန်းသည် စနက်တံကြိုးကို အချိန်မီ ဖျက်ဆီးလိုက်နိုင်၏။ ထိုစဉ် အုံးခနဲ မြည်ဟိန်းသံကြီး ပေါ်ထွက်လာကာ တောင်ကြီးတစ်ခုလုံး တသိမ့်သိမ့် တုန်ခါသွား၏။

ရင်ကွဲတောင်၏ တောင်ကြားလမ်းက ပြင်းထန်သော ယမ်းအားပေါက်ကွဲမှုကြောင့် ပုံသဏ္ဍာန်ပျက်ယွင်းသွားပေပြီ။

ပြိုပျက်သွားသော ကျောက်တုံးကျောက်စိုင်တို့ကြားတွင်လည်း လောဘသားတစ်စုသည် သူတို့နှစ်သက်စွဲလမ်းရာ ရွှေတုံးများနှင့် ထာဝရ တည်ရှိနေပေတော့မည်ဖြစ်၏။



www.burmeseclassic.com

အရက်ဦးရောင်နီက လောကဓါတ်တစ်ခွင်လုံး အလင်းပေးချိန်တွင်မှ ဖုန်သဲများနှင့် ညစ်ပေနေသော်လည်း အားမာန်အပြည့် မျက်နှာထားများရှိနေသော လူတစ်စုသည် ဖောင်ဆိုက်ကပ်ရာ ကမ်းစပ်မှ ရင်ကွဲတောင်ဘက်သို့ လှမ်းမျှော်ကြည့်နေ၏။

ထိုအထဲမှ ချွန်းဟူသော ဖောင်ဦးစီးလူရွယ်က

*"ရင်ကွဲတောင်ခရီးဟာ လောဘတွေနဲ့ အဆုံးမသတ်ခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ"*

ဟု ရေရွတ်လေ၏။ အနီးရှိ ယမုံက မျက်ရည်များရစ်ဝိုင်းပြီး

*"အဖေ့ကိုလည်း လောဘက သတ်ဖြတ်သွားတာပဲ"*

ဟု ပြောလေ၏။

ဆရာချစ်က

*"မစ္စတာတန်နဲ့ သူ့နောက်လိုက်တွေအားလုံးလည်း အတူတူပါပဲကွယ်"*

ဟု ထောက်ခံလေ၏။





ကျော်ဝဏ္ဏကမူ

*"ကျုပ်အတွက်တော့ ခင်မင်အတူယှဉ်စရာ ယောဒီက မိတ်ဆွေတွေကို အမြတ်ထွက်လိုက်တာ ပါပဲ"*

ဟု ဆိုလေ၏။

ဘိုကေက

*"ကျောက်တောင်ကြီး ပေါက်ကွဲတဲ့အချိန်မှာ စိန်ကျောင်ဟာ သွေးရူးသွေးတန်း ပြေးလွှားရင်း တောင်စောင်းကကျပြီး သေဆုံးခဲ့ရတယ်၊ သူ့ကိုယ်ထဲမှာ အပြည့်ထည့်ထားတဲ့ ရွှေတုံးတွေက (၃)ပိဿာလောက်ရှိတယ်ဆိုတော့ အချိုးကျခွဲဝေယူရင် ကျုပ်အတွက်လည်း အရှုံးမရှိပါဘူးလေ"*

ဟု ပြောလိုက်ရာ ကိုအောင်ဘက

*"ရင်ကွဲတောင်က ပေါက်ကွဲမှုကြောင့် ရင်ဆေးတောင်ဖြစ်သွားတာတော့ နောင်လာနောက်သား*

www.burmeseclassic.com



တွေ ပြောစမှတ်တွင်ရစ်တော့မယ်"

ဟု ညည်းညူလေတော့၏။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။

မင်းသွေးသစ္စာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

